# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၃) ရက် ၊ စနေနေ့ ၊ (5-10-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၅၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သောပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

နေပြည်တော် အောက်တိုဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ချစ်ခင်လေးစားအပ်ပါသော ဆရာ၊ ဆရာမများခင်ဗျား**

ယနေ့ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့အခါသမယတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆရာ၊ ဆရာမများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

လူ့လောကတွင် ဆရာနှင့်ကင်းသူဟူ၍ မရှိပါ။ လူသားတိုင်းတွင် သင်ဆရာ၊မြင်ဆရာ၊ကြားဆရာဟူ၍ အသီးသီးရှိကြသည်ချည်းသာဖြစ်ပါသည်။ အာစရိယဆရာတို့၏ ဂုဏ်ကျေးဇူးတန်ဖိုးကား အတိုင်းအဆမရှိ တုနှိုင်းမရအောင် ကြီးမားမြင့်မြတ်လှပေသည်။ မြင့်မြတ်သော ဆရာတို့၏ ဂုဏ်ကျေးဇူးများကို ဖော်ကျူးကာ လေးစားစွာဖြင့် ကမ္ဘာအနှံ့ချီးမြှင့်ဂုဏ်ပြုလာခဲ့ကြပါသည်။ ၁၉၉၄ ခုနှစ်မှစတင်၍ နှစ်စဉ်အောက်တိုဘာ ၅ ရက်ရောက်တိုင်း **"ဆရာကို တန်ဖိုးထားလို့ သူတို့အနာဂတ်ကို မြှင့်တင်ကြစို့"၊ "အနာဂတ်ဘဝ လှပဖို့ ဆရာများက ကြိုးစားစို့"၊ "ဆရာ၊ ဆရာမတန်းတူညီ၊ လူ့ဘောင်ပြည်ရွာသာယာမည်"၊ "ပညာရေးပြုပြင်ပြောင်းလဲမှု ဆရာများကအစပြု"** စသည့် ဆရာများ၏ဂုဏ်ကျေးဇူးကို ဖော်ကျူးသည့် ဆောင်ပုဒ်များချမှတ်ကာ ကမ္ဘာ့ဆရာများနေ့ကို ကျင်းပလာခဲ့ကြသည်မှာ နှစ်ပေါင်း ၃၁ နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

**စာမျက်နှာ ၁၈ ကော်လံ ၁**



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ရေဘေးသင့်ပြည်သူများကို ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးစဉ်။

## ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့် သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၄

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်၊ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေအတွင်းတွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင်လည်းကောင်း၊

စာမျက်နှာ ၁၇ ကော်လံ ၁ ❑


**ကုန်ခဲ့သွားသောစွမ်းအားများ**

**DAGON MALTA FRESH နဲ့ ဖြည့်စွမ်းထား**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် စက်မှုဇုန်(၁)ရှိ စက်ရုံများသို့ ကွင်းဆင်းစစ်ဆေး



**မန္တလေး အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းက မဟာအောင်မြေခရိုင် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁)ရှိ ACRY LIC-YARN ဆီလွန်ချည်မျှင်ထုတ်စက်ရုံ၊ ဒုံးပျံဂျုံစက်ရုံ၊ မန္တလေး ချည်မျှင်စက်ရုံ(၂)၊ ၉၉၉ နှင့် ပါဝါတံဆိပ် ခေါက်ဆွဲစက်ရုံတို့သို့ ကွင်းဆင်းစစ်ဆေးပြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်စိန်တက်စတိုင်းကုမ္ပဏီလီမိတက်၏ ACRY LIC- YARN ဆီလွန်ချည်မျှင်ထုတ်စက်ရုံသို့ရောက်ရှိပြီး တရုတ်နိုင်ငံမှ ACRY LIC Fiber ကုန်ကြမ်းများကို ဝယ်ယူတင်သွင်းကာ ကုန်ချော ACRY LIC-YARN ဆီလွန်ချည်မျှင် ထုတ်နေမှုကိုလည်းကောင်း၊ Lluvia Ltd;၏ ဒုံးပျံဂျုံစက်ရုံသို့ လည်းကောင်း၊ စွမ်းအားမြင့်ကုမ္ပဏီလီမိတက်၏ ၉၉၉ နှင့် ပါဝါတံဆိပ်ခေါက်ဆွဲထုတ်လုပ်သည့်စက်ရုံသို့လည်းကောင်း၊ ထန်းဇယ်ကုမ္ပဏီလီမိတက်၏ မန္တလေး ချည်မျှင်စက်ရုံ(၂)သို့ လည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ကို စက်ရုံမှ တာဝန်ရှိသူများက စက်ရုံဆိုင်ရာ အချက်အလက်များနှင့် စက်ရုံလည်ပတ်နေမှုအခြေအနေများကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လုပ်ငန်းများ လည်ပတ်နေမှုနှင့် ကုန်ကြမ်းမှ ကုန်ချောထိ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နေမှု အဆင့်ဆင့်ကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည် ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ မန္တလေးတိုင်းဒေသကြီးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း စုစည်းညီညာစွာဖြင့် ကောက်ယူလျက်ရှိကြရာ ယနေ့ညနေပိုင်းတွင် ပြည်ကြီးတံခွန်မြို့နယ်ရှိ ဝဏ္ဏကျော်ထင်သီရိပျံချီ ဦးမောင်ကို၏ နေအိမ်တွင် သန်းခေါင်စာရင်း ကောက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

ရတနာပုံ
၂၀၂၄ ခုနှစ် အောက်တိုဘာ ၅ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ဂုဏ်ရည်မြင့်မား ဆရာများ

မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ၃၈ ဖြာမင်္ဂလာတရားတော်တွင် "ပူဇာစပူဇနေယျာနံ" ပူဇော်ထိုက်သူကို ပူဇော်ရခြင်းသည် မြတ်သောမင်္ဂလာမည်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။ ပူဇော်ထိုက်သူများတွင် ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့် အာစရိယဆရာများဟူသောအနန္တောအနန္တဂိုဏ်းဝင်တို့ပါရှိပြီး မပြတ်ဆည်းကပ်ပူဇော်ကြရမည်ဖြစ်ပါသည်။ အာစရိယဆရာများနှင့်ပတ်သက်၍ ကုလသမဂ္ဂ ယူနက်စကို (UNESCO) အဖွဲ့ကြီးကလည်း ၁၉၉၄ ခုနှစ်မှစတင်၍ အောက်တိုဘာ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ်သတ်မှတ်ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း၌ ဆရာများကို အထူးတလည် ပူဇော်ကန်တော့ခြင်း၊ ဂုဏ်ပြုအခမ်းအနားများ ကျင်းပခြင်းတို့ ပြုလုပ်ကြလေ့ရှိသည်။

ဆရာ့ဂုဏ်နှင့်ပတ်သက်၍ ဆရာဟူသည် အနန္တငါးပါးစလုံးအကျုံးဝင်သည့်သဘောဆောင်နေပါသည်။ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကိုးပါးတွင် သတ္တမမြောက်ဂုဏ်တော်ဖြစ်သော လူနတ်တို့၏ဆရာဖြစ်သော မြတ်စွာဘုရားဟူ၍လည်းကောင်း၊ ဘုရားရှင်ပရိနိဗ္ဗာန်မပြုမီ မိန့်မှာခဲ့သော "ငါဘုရား၏တရားတော်များသည် သင်တို့ကို ဆရာအဖြစ်ဆုံးမလမ်းညွှန်လိမ့်မည်"ဟူသော စကားအရလည်းကောင်း၊ သံဃာတော်တို့ကို ကိုးကွယ်ရာဆရာအဖြစ် ရှိသေစွာသတ်မှတ်ကြခြင်းကြောင့်လည်းကောင်း၊ မိဘနှစ်ပါးအပေါ် လက်ဦးဆရာအဖြစ် သတ်မှတ်ကြလေ့ရှိသည့်အတွက် ဆရာဟူသောဂုဏ်သည် အနန္တငါးပါးစလုံး အကျုံးဝင် ဂုဏ်ဆောင်လျက်ရှိပေသည်။

ယနေ့ပညာခေတ်တွင်လည်း ဆရာများ၏အခန်းကဏ္ဍသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်နေပါသည်။ ကမ္ဘာကြီး၌ ပညာရေးစနစ်သည်ကြီးမားစွာသောအရှိန်အဟုန်ဖြင့် ပြောင်းလဲလျက်ရှိသည်။ နိုင်ငံတိုင်း၏ ပညာရေးစနစ်များသည် အလျင်အမြန်တိုးတက်ပြောင်းလဲနေသော ကမ္ဘာကြီး၏ လူမှုစီးပွားစိန်ခေါ်မှုအသစ်များကို တုံ့ပြန်နိုင်ရန် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဆောင်ရွက်ကြရာတွင် ဆရာများသည် ပညာရေးစနစ်၏ ဗဟိုချက်မဖြစ်ပါသည်။

ထို့ကြောင့် ဆရာများသည် တပည့်များကို မိမိထက်ပို၍တော်အောင် နည်းလမ်းညွှန်ပြနိုင်ရန်အတွက် ဆရာများ၏ပညာအခံ အရေးကြီးသကဲ့သို့ သဘောထားကြီးမှုလည်း အရေးကြီးသည်။ အနာဂတ်တွင် မိမိထက်ပို၍တော်သော ပညာရှင်များဖြစ်လာအောင် တပည့်များကို စေတနာမှန်ဖြင့် သင်ကြားကြရမည်ဖြစ်ပါသည်။ သို့မှသာ ရေမြင့်ကြာမြင့်ဆိုသလို သက်ဆိုင်ရာပညာရပ်သည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ဆရာအလုပ်ကို လေးစားမြတ်နိုးစွာခံယူသော ဆရာမှန်သမျှသည် တပည့်များကို တော်စေ၊ တတ်စေ၊ ထူးချွန်စေလိုသောစေတနာဖြင့် သင်ကြားပို့ချခဲ့ကြသည်ဖြစ်ရာ ဆရာများ၏ ဂုဏ်ကျေးဇူးကြောင့် ပညာခေတ်တွင် ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံ၊ ဖွံ့ဖြိုးတိုးတက်နေသော ကမ္ဘာကြီးအဖြစ် ကျက်သရေဆောင်လျက်ရှိနေပေမည်။

ယနေ့ခေတ်တွင် ပညာတတ် တစ်ယောက်၏ဘဝဖြစ်စဉ်ကို လည်ပြန် ပြန်ကြည့်မည်ဆိုလျှင် ငယ်ဆရာမှသည် ပညာသင်ကြားမှု ပြီးမြောက်သည်ထိ သင်ကြားပို့ချပေးခဲ့သော ဆရာ၊ ဆရာမအပေါင်းများစွာရှိနေမည်ဖြစ်ပါသည်။ ထို ဆရာ၊ ဆရာမအပေါင်း၏ ပညာအမွေပေးခဲ့မှု၏ ဆရာ့ကျေးဇူး၊ ဆရာ့ဂုဏ်တို့ကို ရည်ညွှန်း၍ တစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ အများနှင့်စုပေါင်း၍ဖြစ်စေ အာစရိယပူဇော်ပွဲ၊ မြတ်ဆရာကန်တော့ပွဲများကို ယခုကဲ့သို့ သီတင်းကျွတ်အခါသမယတွင် အထူးတလည်ပူဇော်ကျင်းပကြသည်ကို တွေ့ရသည်။ အမှန်စင်စစ်တွင်လည်း နိုင်ငံတော်၏အနာဂတ်သည် ဆရာများ၏လက်ဝယ်တွင်ရှိပါ၍ အရည်အသွေးပြည့်ဝသည့် ဆရာများကသာ အေးချမ်းဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ်ဖော်ဆောင်နိုင်မည်ဖြစ်ပါသဖြင့် ယနေ့ကျရောက်သော ကမ္ဘာ့ဆရာများနေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ ဆရာ၊ ဆရာမအပေါင်းတို့၏ ဂုဏ်ရည်တို့အပေါ် လေးစားစွာဂုဏ်ပြုရေးသားအပ်ပါသည်။

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး အောက်တိုဘာ ၄**

မန္တလေးအိမ်ခြံမြေဈေးကွက်တွင် မြို့နယ်တိုင်းအရောင်းအဝယ်အေးနေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

အိမ်ခြံမြေဈေးကွက်တွင် အရောင်းအဝယ် အေးနေသော်လည်း ငွေကျပ် သိန်း ၃၀၀၀ မှ ၅၀၀၀ ခန့်ဈေးတန်းရှိ မြေကွက်များ အရောင်းအဝယ်ဖြစ်နေသေးကြောင်း သိရသည်။

"အိမ်ခြံမြေဈေးကွက်မှာ အရောင်းအဝယ်အေးနေပါတယ်။ ဒါပေမဲ့ ငွားရမ်းတဲ့လုပ်ငန်းတွေကိုတော့ အွန်လိုင်းကနေတစ်ဆင့် ပြုလုပ်လာကြသလို လက်ရှိအနေအထားအရ ရောင်းချလိုသူတွေ အနေနဲ့လဲ ရောင်းချလိုတာတွေ ရှိနေပါတယ်"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြ၍ သိရသည်။

အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ဈေးကွက်အရ ပေ ၄၀ x ၆၀၊ ပေ ၄၀ x ၄၀ ငွေကျပ် သိန်း ၃၀၀၀ အထက်မြေကွက်များကို အဓိက ဝယ်ယူမှုရှိနေကြောင်း၊ ယခုအခါ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်း၊ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်း နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် ငွေကျပ်သိန်းရာဂဏန်းသာရှိသည့် မြေကွက်များကိုလည်း အမှန်တကယ်နေထိုင်မည့်သူများ ဝယ်ယူမှုများနေပြီး ဈေးကွက်အတွင်း အမြင့်ဈေးများဖြင့် ရပ်တည်နေသည့်မြေကွက်များ အရောင်းအဝယ်ဖြစ်မှု နည်းနေကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း(မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ် သိန်း ၃၀၀၀ အထက်နှင့် ကြားကွက်များမှာ ငွေကျပ်သိန်း ၈၀၀ အထက်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၅၀၀၀ ခန့်မှအထက်၊ ကြားကွက်များသည် ငွေကျပ် သိန်း ၁၀၀၀ အထက်၊ အောင်ပင်လယ်နှင့် ထန်းကိုးပင်အနီးအကွက်များတွင် ငွေကျပ် သိန်း ၃၀၀၀ အထက်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် သိန်း ၅၀၀ အထက်၊ မြရည်နန္ဒာရပ်ကွက် (၄၄ လမ်းမှ ၆၁ လမ်း) လမ်းပိုင်းများရှိ လမ်းမတန်း မြေကွက်များမှာ ငွေကျပ်သိန်း ၃၀၀၀ အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၈၀၀ အထက်ဈေးရှိကြောင်း ဦးဌေးဌေးထံမှ သိရသည်။

(၁၇၃)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း သွေးခုံး ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း သွေးခုံး ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မွန်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ဒေသထွက် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် ဩဂုတ်လက သွေးခုံး ပိဿာချိန် ၆၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်ထိ သွေးခုံးပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါတင်ပို့ရောင်းချခဲ့သည့် သွေးခုံးတစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း သွေးခုံးတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့မှုအားကောင်းခဲ့ပါတယ်။ ဒေသထွက်ရေထွက်ကုန်တွေကို ရန်ကုန်ဘက်ကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ ပြည်တွင်းမှာကို သွေးခုံးက ဝယ်ယူမှုများနေတဲ့ အခြေအနေရှိပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းက သွေးခုံး ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိ အောက်တိုဘာလထဲမှာလဲ သွေးခုံးတွေအပါအဝင် ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်"ဟု လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မွန်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၈၄ လမ်း၊ ၄၂-၄၅ လမ်းကြားနေ ဒေါက်တာဦးအောင်မြင့်-ဒေါ်မေဦးလွင် မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတဓရ ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ဟ္ပလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၃၈၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဟ္ပလင်း အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟ္ပလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၃၈၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟ္ပလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟ္ပလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၆၄၈၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဟ္ပလင်းမြို့နယ်တွင် ၆၃၂၆၃ ဧကနှင့် မိုပိုင်းလွတ်မြို့နယ်တွင် ၅၅၁ ဧက စုစုပေါင်း ၆၃၈၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဟ္ပလင်းခရိုင်မှာ စပါးဧက ၆၄၈၅၀ လျာထားစိုက်ပျိုးခဲ့ရာ ၆၃၈၁၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်" ဟု ဟ္ပလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟ္ပလင်းခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ဟ္ပလင်းမြို့နယ်တွင် ၆၄၂၉၀ ဧကနှင့်မိုပိုင်းလွတ်မြို့တွင် ဧက ၅၆၀ စုစုပေါင်း ဧက ၆၄၈၅၀ တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟ္ပလင်းခရိုင်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း စသည့်အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ရေကြည်မြို့နယ် ဒေါင့်မှန်ကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ရေကြည် အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေါင့်မှန်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌွေး၊ ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအဖွဲ့ဝင်များနှင့်အတူ ဒေါင့်မှန်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဒေါင့်မှန်ကုန်းကျေးရွာ၌ တစ်ဖက်လျှင် အရှည်ပေ ၁၀၃၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် သုံးသန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လ ဒုတိယပတ်က ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သံသာ**

# ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့စက်တင်ဘာလအတွင်း ကျားပျံစပါးတင်းရေ ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဟသ်ာတ အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်မှရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကျားပျံစပါးတင်းရေ ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟသ်ာတမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာလွင်က ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လက ကျားပျံစပါး အမျိုးအစားတင်းရေ ၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကျားပျံစပါးတင်းရေ ၈၂၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ကျားပျံစပါး တင်းရေ ၈၂၀၀၀ ထိ ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဟသ်ာတမြို့နယ်ကနေ စပါးတွေဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ကျားပျံစပါး အမျိုးအစားက ဆန်ချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းမွန်ခဲ့တာဖြစ်ပါတယ်။ ကျားပျံစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြား စပါးတွေနဲ့ယှဉ်ရင်ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော အခုလတ်တလော အနေနဲ့ပါ ကျားပျံစပါးအမျိုးအစားက အရောင်းအဝယ် ပိုဖြစ်နေပါတယ်''ဟု ဟသ်ာတမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာလွင်က ပြောပြသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါး အမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၂၂၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# ဆရာဟူဘိ မြတ်ကဝိသည်

ခိုင်(မိတ္ထီလာ)

လူတစ်ယောက်က အားလုံးကို အညီအမျှဝေပေးနိုင်သော တကယ့်အရာကား သူ၏စာရိတ္တနှင့်ပညာရေးပင်ဖြစ်သည်။ မှန်၏။ အတတ်လည်းသင်ပွဲ့ပြင်ဆုံးမကာ လောကကို အလှဆင်သူတို့ကား ဆရာများဖြစ်ကြ၏။ လောကနိယာမအရ အဆင့်ရှိသော အရည်အသွေးဖြင့် ဆရာများကိုသာ လူ့အဖွဲ့အစည်းက တန်ဖိုးထားတတ်ကြသည်။ ထို့အတူ ကျောင်းသားဘဝတွင်တွေ့ကြုံလာသော ပြဿနာတိုင်းကို မှန်ကန်စွာဖြေရှင်းနိုင်ရန် အရည်အသွေးရရှိစေနိုင်သောပညာရေးသည်သာ တန်ဖိုးရှိပေသည်။

ဆရာနှင့်ပညာသည် ဒွန်တွဲမြဲဖြစ်သည့်အလျောက် မြောက်မြားစွာသော ဆရာတို့၏ဂုဏ်ဒြပ်ကို စာပေတွင် အမျိုးမျိုးအဖုံဖုံညွှန်းဆိုခဲ့သည်မှာ အထင်အရှားဖြစ်သည်။ ၎င်းတို့အနက် "ဆရာတို့အင်္ဂါသည် သဒ္ဒါအဘိဓာန်၊ ကျမ်းဂန်သိလှ၊ မုချဥပစာ၊ သေချာဓိပ္ပာယ်၊ လေးဆယ်နယ်၊ သို့ချသို့ငင်၊ သို့သင် သို့ပစ်၊ အရစ်အပင့်၊ အဆင့်အသတ်၊ အမှတ်သညာ၊ လာသည်ပါဠိ၊ သိသည်အနက်၊ အထွက်အသံ၊ အမှန်သဘော၊ ချောမောအာဂုံ၊ အင်ပြည့်စုံမှ၊ များလှသောင်းသောင်း၊ တပည့်ပေါင်းကို၊ ညွတ်ပြောင်းကြည်လင်၊ ချစ်ခင်ရိုသေကြမြဲဖြစ်ချေသည်"ဟူ၍ ပါမောက္ခဦးဖေမောင်၏ အနုစာပေကောက်နုတ်ချက်တွင် တွေ့ရှိရပေသည်။

ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမနည်းလမ်းပြသူ၊ အတတ်လုပ်ငန်းတစ်ရပ်ရပ်တွင် ကျွမ်းကျင်သူကို ဆရာဟူသော နာမ်အနက်ဖြင့် မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားပါသည်။ ဆရာ၏ဂုဏ်အရည်အသွေးနှင့် ပတ်သက်၍ မြန်မာ့လူ့အဖွဲ့အစည်းတွင် ရတနာသုံးပါးဖြစ်သည့် ဘုရား၊ တရား၊ သံဃာနှင့်လက်ဦးဆရာများဖြစ်သည့် မိဘ၊ ဆရာတို့ကို အနန္တောအနန္တငါးပါးဟူ၍ သတ်မှတ်ရာ၌ ဆရာကို တစ်ပါးအပါအဝင်အဖြစ် သတ်မှတ်ထားပါသည်။ ကမ္ဘာအနှံ့ရပ်တည်လျက်ရှိသော ဆရာကောင်း ဆရာမြတ်များကြောင့်ပင် လူ့အဖွဲ့အစည်းသည် စဉ်ဆက်မပြတ် တိုးတက်ဖြစ်ထွန်းလာရ၏။

၂၁ ရာစုသည် ပညာခေတ် အိုင်တီခေတ်ဖြစ်သည့်အားလျော်စွာ ရုပ်ပိုင်းဆိုင်ရာများ တိုးတက်ထွန်းကားလာသည်မှာ အံ့မခန်းဖြစ်ပါသည်။ တိုင်းပြည်တစ်ပြည်၏ အနာဂတ်သည် ဆရာများလက်ထဲတွင်ရှိသည်ဟု ပြော၍ရကြောင်း ဝီလျံဂျိမ်းစ်က ဆိုပါသည်။ စင်စစ်ပညာခေတ်ဖြစ်သော ၂၁ ရာစုတွင် တိုင်းပြည်၏အနာဂတ်သည် ဆရာများ၏ပခုံးပေါ် ကျရောက်နေခြင်းဖြစ်သည်။ ဆရာများက တပည့်များအပေါ် မည်သို့သင်ကြားပေးနိုင်သနည်းဟူသည့် ဖြစ်စဉ်ပေါ်တွင် မူတည်နေပါသည်။ ထို့ကြောင့် ရစ်ချက်ရယ်ဂျီနယ်ဂရင်းက "ကမ္ဘာကြီးရဲ့အနာဂတ်ကတော့ ဆရာတွေစာသင်ပြနေတဲ့ စာသင်ခန်းတွေထဲမှာ ရှိနေတာပေါ့။ ဒီနေ့ကလေးသူငယ်တွေကို စာသင်ခန်းထဲမှာဘယ်လိုသင်ကြားပေးနေသလဲဆိုတာတွေက ၂၁ ရာစုမှာ ကောင်းမြတ်တဲ့အကျိုးသက်ရောက်မှုတွေကို အာမခံချက်ပေးနေမှာပါ" ဟု ဆိုထားခြင်းဖြစ်ပေသည်။

သင်ကြားရေးနှင့်စပ်လျဉ်း၍ "သင်ကြားရေးအပိုင်းကိုလည်း ၂၁ ရာစု ကျွမ်းကျင်မှုများနဲ့ ကိုက်ညီအောင် တွေးခေါ်မြော်မြင်တတ်မှု၊ တီထွင်ဖန်တီးတတ်မှု၊ ပြဿနာဖြေရှင်းတတ်မှုတွေ ဖြစ်ပေါ်စေမဲ့ သင်ကြားသင်ယူမှုတွေကို လွတ်လပ်စွာခွင့်ပြုပေးမှ လူငယ်တွေရဲ့ အရည်အသွေးတွေဟာ ထက်မြက်လာမယ်ဖြစ်တယ်"ဟု ဆရာအောင်ခိုင်မြင့်(ပညာရေး)၏ "ပိုကောင်းစေချင်လို့ ပြောတာပါ" စာအုပ်တွင်ဖတ်ရှုမှတ်သားရပါသည်။

နိုင်ငံတော်အဆင့် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်အတွင်းကနေ ပညာရေးအဆင့်အလိုက်၊ တိုင်းဒေသကြီး ပြည်နယ်အလိုက်၊ တိုင်းရင်းသားလူမျိုးအလိုက် လွတ်လပ်စွာသင်ကြားသင်ယူမှုများကို ကြိုဆိုကြရမည်ဖြစ်ကြောင်း၊ ဒါသင်၊ ဒါတွက်၊ ဒါမေး၊ ဒါဖြေနဲ့ ၏သည်မလွဲ သင်ကြားမှုစနစ်သည် အလွန်ခေတ်နောက်ကျသွားပြီဖြစ်ကြောင်း ကျက်သင့်တာကျက်၊ တွက်သင့်တာတွက်၊ မေးသင့်တာမေး၊ တွေးသင့်တာတွေး၊ ဆွေးနွေးသင့်တာ ဆွေးနွေးပါဟူ၍လည်း ပညာရေးလောက တိုးတက်ဖြစ်ထွန်းရေးအတွက် အကြံပြုတိုက်တွန်းထားပါသည်။ ဤနေရာတွင် ကျောင်းသားတချို့မှာ စာစီစာကုံးကိုပင် အလွတ်ကျက်၊ သင်္ချာတွက်ချက်ပုံကို အလွတ်ကျက်သည်ဟူ၍လည်း မကြာမကြာ ကြားနေပါသဖြင့် အံ့သြမဆုံး ဖြစ်ရပါသေးသည်။

ပြဋ္ဌာန်းစာအုပ်တွင် "ကျွန်တော်၏အဖေသည် မောင်ဘဖြစ်သည်"ဆိုတာနဲ့တစ်ကျောင်းလုံး တစ်ရွာလုံးက ကလေးတွေရဲ့အဖေတွေက မောင်ဘဖြစ်နေ

**❖ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမနည်းလမ်းပြသူ၊ အတတ်လုပ်ငန်းတစ်ရပ်ရပ်တွင် ကျွမ်းကျင်သူကို ဆရာဟူသော နာမ်အနက်ဖြင့် မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားပါသည်။ ဆရာ၏ ဂုဏ်အရည်အသွေးနှင့်ပတ်သက်၍ မြန်မာ့လူ့အဖွဲ့အစည်းတွင် ရတနာသုံးပါးဖြစ်သည့် ဘုရား၊ တရား၊ သံဃာနှင့် လက်ဦးဆရာများဖြစ်သည့် မိဘ၊ ဆရာတို့ကို အနန္တောအနန္တငါးပါးဟူ၍ သတ်မှတ်ရာ၌ ဆရာကို တစ်ပါးအပါအဝင်အဖြစ် သတ်မှတ်ထားပါသည်။ ကမ္ဘာအနှံ့ရပ်တည်လျက်ရှိသော ဆရာကောင်းဆရာမြတ်များကြောင့်ပင် လူ့အဖွဲ့အစည်းသည် စဉ်ဆက်မပြတ် တိုးတက်ဖြစ်ထွန်းလာရ၏။ ❖**

ရတဲ့အချိန်ကာလများ ကျော်လွန်ခဲ့ပါသည်။ ဖတ်စာအုပ်ပါအတိုင်းဖြေဆိုမှ အမှတ်ပေးမယ်ဆိုတဲ့ အသိများတွေကို ပယ်ဖျောက်ကြရမှာ၊ ကလေးတိုင်းက သူတို့အဖေအမည်မှန်ကို ရေးချင်ကြမှာပဲလေ။ လွတ်လပ်စွာဖြေဆိုပါစေ၊ လွတ်လပ်စွာသင်ကြားသင်ယူဖို့ဆိုတာ အလွန်လေးနက်ပါတယ်။ သိမ်မွေ့ပါတယ်။ အတွေးကောင်းတဲ့ ဆရာများကသာ ဖောက်ထွက်စဉ်းစားတတ်အောင် အကျိုးအကြောင်းနဲ့လေ့ကျင့်ပေးကြပါ"ဟူ၍လည်း ဆရာအောင်မြင့်ခိုင် ဆိုထားပါသည်။ ဆရာ၏သင်ပြအကြံပေးချက်များသည် ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့ဆောင်ပုဒ်ဖြစ်သော "လွတ်လပ်စွာသင်ကြားဖို့ဆရာများကိုအားပေးစို့"ဟူသော ဆောင်ပုဒ်၏အနှစ်သာရကို မီးမောင်းထိုးဦးတည်နေခြင်းဖြစ်သကဲ့သို့ လက်တွေ့ဘဝနှင့်ဆက်စပ်မှုရှိပြီး ဆရာဘဝအတွက် အမှန်တကယ်လိုအပ်သော အကြောင်းခြင်းရာ တစ်ခုလည်းဖြစ်ပါသည်။

လောကနီတိတွင်လည်း ဆရာကို ဤသို့ဆို၏။" အိုးခတ်သမားသည် အိုးကိုကွဲစေအောင်မခတ်။ လှပကောင်းမွန်ရန်သာ ခတ်၏။ ဆရာသည် တပည့်တို့ကို ဒုက္ခရောက်အောင် မသွန်သင်၊ အတတ်ပညာ အစီးအပွားရရန်သာ သွန်သင်၏" ဟူသတည်း။ ဆရာဘဝသည် အိုးခတ်သမားနှယ်တူညီ၍ ပန်းပုဆရာနှင့်လည်း မခြားပါပေ။ ပန်းပုဆရာသည် အချိုးအစားပြေပြစ်ကောင်းမွန်သော ပန်းပုရုပ်လှလှကလေးထွက်ရန် ထုကာဆစ်ကာ ကိုယ်စိတ်အပင်ပန်းခံရသည်မဟုတ်ပါလော။ ဆရာစစ်တို့မည်သည် "ရှေးရှုမေတ္တာ၊ ကရုဏာနှင့် နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလေ့"ဟူသော မဃဒေဝလင်္ကာအတိုင်း ကျင့်ကြံအားထုတ်သူ မဟုတ်ပါလော။

ထိုနည်းတူ "ထုံးတီးနည်းနာ၊ အဖြာဖြာ၌၊ ပညာရှာမှီး၊ မကြီးသက်ရွယ်၊ အငယ်သော်က၊ ကျိုးလို့လလျှင်၊ တုပ်ကွပုဆစ်၊ ဆရာစစ်၌၊ ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးထွေဖြင့်၊ စာပေတတ်ကြောင်း၊ တချောင်းချောင်းလျှင်၊ ခြိမ်းမောင်းသီးခံ၊ ဆရာထံ၌၊ သင်အံကျက်လေ၊ တစ်နေ့တစ်ပါး၊ မှတ်သားလေလေ၊ ဝမ်းထဲခွေ၍၊ အထွေအထူး၊ ဂုဏ်ကျေးဇူးကို၊ ဆည်းပူးသန့်ရှင်း၊ ကြွယ်စေမင်း"ဟု လောကသာရပျို့တွင် ဆရာ့ဂုဏ်ကို အတင့်အတယ်ဆို၏။ ဆရာ့ဝတ္တရားကား တောင်စဉ်ခုနစ်ထပ်ပမာ တပည့်တို့အပေါ် အထပ်ထပ် ရစ်ပတ်ဖွဲ့နှောင်ထားသည်မှာ လေးစားလောက်ပါပေသည်။ ဂင်္ဂါ၊ ယမုံနာ၊ အစီရဝတီ၊ မဟီ၊ သရဘူဟူသော မြစ်ကြီးငါးသွယ်မှ ရေအလျှဉ်အလား ဆရာတို့မေတ္တာသည် အေးမြလှပါပေသည်။

ကျမ်းဂန်များတွင်ထင်သော အနန္တောအနန္တငါးပါး၌ (၁) ဗုဒ္ဓဂုဏောအနန္တော- မြတ်စွာဘုရား၏ဂုဏ်ကျေးဇူးတော်သည် အဆုံးအပိုင်းအခြားမရှိ။ (၂)ဓမ္မဂုဏောအနန္တော- တရားတော်၏ဂုဏ်ကျေးဇူးတော်သည် အဆုံးအပိုင်းအခြားမရှိ။ (၃) သံဃဂုဏောအနန္တော- သံဃာတော်၏ဂုဏ်ကျေးဇူးတော်သည် အဆုံးအပိုင်းအခြားမရှိ။ (၄) မာတာပိတုဂုဏောအနန္တော- အမိအဘတို့၏ ဂုဏ်ကျေးဇူးတော်သည် အဆုံးအပိုင်းအခြားမရှိ ဟူသကဲ့သို့ (၅)အာစရိယဂုဏောအနန္တော- ဆရာသမား၏ဂုဏ်ကျေးဇူးသည် အဆုံးအပိုင်းအခြားမရှိ ကြီးမားနက်ရှိုင်းလေရာ လူ့အဖွဲ့အစည်းတွင် ဆရာမည်သောပုဂ္ဂိုလ်သည် လူရိုသေ ရှင်ရိုသေ ပုဂ္ဂိုလ်သာဖြစ်တော့သည်။

အနန္တောအနန္တဂိုဏ်းဝင်ဆရာဟူသည်မှာ ဆရာကောင်း ဆရာမြတ်ကို ဆိုလိုခြင်းဖြစ်သည်။ အဆိုပါဆရာတို့သည် ငယ်ရွယ်နုသွေး အကလေးအရွယ် တပည့်များအပေါ် မိမိရင်သွေးနှင့်မခြား မေတ္တာနက်ရှိုင်းကြသူများဖြစ်သည်။ "ယောကျ်ားကလေးများနှင့်မိန်းကလေးများသည်ကျောင်းနေစဉ်စည်းကမ်းကို မသင်ယူခဲ့လျှင် သူတို့၏ပညာရေးအတွက်သုံးရသော ငွေနှင့်အချိန်များမှာတိုင်းပြည်၏ ဆုံးရှုံးမှုဖြစ်ပေသည်" ဟု ဂန္ဒီ၏ ဩဝါဒတွင် မှတ်သားရပါသည်။ ဆရာကောင်း ဆရာမြတ်တို့က ဤအချက်ကို သိနေကြသူများပီပီ တပည့်များအရေး မိမိအရေးဟုသဘောပိုက်ကာ ကောင်းမွန်စွာ မြေတောင်မြှောက်ပေးမြဲဖြစ်သည်။ ဤအဖြစ်သနစ်များသည် ရှေးမဆွကပင် ရှိနေခဲ့ပေသည်။

"ရှေးရှေးတုန်းက ဘုရင့်သားတော်တစ်ပါးဟာ တက္ကသီလာပြည် ဒိသာပါမောက္ခဆရာကြီးထံမှာ ပညာသင်ယူခဲ့တယ်။ အဲဒီမင်းသားဟာ မုဆိုးမအမေအိုကြီး နေပူလှန်းထားတဲ့နှမ်းတွေကို အသွားတစ်ဆုပ် ယူစားလိုက်၊ အပြန်တစ်ဆုပ် ယူစားလိုက် လုပ်လေ့ရှိသတဲ့။ တစ်နေ့လဲမဟုတ်၊ တစ်လလဲမဟုတ်တော့ အမေအိုကြီးလဲ သီးမခံနိုင်တော့ဘူးပေါ့။ ဒိသာပါမောက္ခဆရာကြီးထံ သွားတိုင်တယ်။ ဆရာကြီးက ဘယ်သူ ဘယ်ဝါဆိုတာသေချာအောင် စစ်ဆေးမေးမြန်းပြီးနောက် တပည့်တွေရဲ့အလယ်မှာ ဘုရင့်သားကို ကောင်းကောင်းရိုက်ကာ ဆုံးမလိုက်သတဲ့။ ဒါကိုမင်းသားက အငြိုးထားခဲ့တယ်။ ပညာပြည့်စုံလို့ တိုင်းပြည်ပြန်ရောက်၊ ခမည်းတော်နတ်ရွာစံတော့ မင်းသားက ရှင်ဘုရင်ဖြစ်လာတော့တာပေါ့။ ဒီအခါ ဒိသာပါမောက္ခဆရာကြီးကို ပူဇော်လိုတဲ့အတွက် တိုင်းပြည်ကို ဖိတ်လိုက်ပါတယ်။ ဆရာကြီး ဘုရင့်ရှေ့တော်ရောက်တော့ ဆရာကြီး သူ့ကိုမှတ်မိလားလို့မေးတယ်။ ဆရာကြီးကို ဓားနဲ့ပူဇော်ချင်လို့ ဖိတ်တာလို့ မချေမငံပြောဆိုပြီး ပါးကွက်သားတွေကို ဆင့်ခေါ်လိုက်သတဲ့။ ဒီအခါမှာ ဆရာကြီးက "မင်းသား၊ အသင်မင်းသားကို ငါအဲဒီတုန်းက ရိုက်နှက်ဆုံးမလိုက်လို့ အခုလို ရှင်ဘုရင်ဖြစ်လာတာမဟုတ်လား။ ရိုက်သာမရိုက်ခဲ့ရင် အဲဒီအမှုမျိုးကို ဆက်ကာဆက်ကာ လုပ်မိတာနဲ့ သူခိုးကဓားပြ၊ ဓားပြကသူပုန်ဖြစ်ပြီး တိုင်းသူပြည်သားများရဲ့လက်ချက်နဲ့ အသက်ထွက်တာ ကြာလှပြီ"လို့ မကြောက်မရွံ့ ပြန်ပြောတာပေါ့။ ဘုရင်ရဲ့အမတ်ကြီးတွေက "ဆရာကြီးစကားမှန်ပါပေတယ်"လို့ ဘုရင်ကြီးထံ ဝိုင်းပြီးလျှောက်တင်ကြတယ်။ ဘုရင်ကြီးလဲ ပြန်စဉ်းစားပြီး "ဟုတ်ပေသားပဲ။ ဆရာကြီးသာ မဆုံးမရင် ငါရှင်ဘုရင်တောင်ဖြစ်ချင်မှဖြစ်မှာ"လို့ သတိသံဝေဂရပြီး ဆရာကြီးကို ပူဇော်ကန်တော့ ဝန်ချတောင်းပန်လိုက်ပါသတဲ့။ ဤသို့ တိကနိပါတ် တိလမုဋ္ဌိဇာတ်တွင် ဆရာမြတ်တို့၏ဂုဏ်ဒြပ်ကို ဖော်ညွှန်းထားပုံမှာ အတုယူလောက်ပါပေသည်။

အလားတူ မင်းတုန်းမင်း၏ ငယ်ဘဝမှာလည်း အထူးထင်ရှား လူသိများလှသည့် ကုန်းဘောင်ဆက် ၁၀ ဆက်မြောက် မင်းတုန်းမင်းကြီး ငယ်စဉ် မင်းသားဘဝက စံကျောင်းဆရာတော် ဦးစန္ဒိမာထံ ပညာသင်ယူခဲ့သည်။ တစ်နေ့တော့ မင်းသားငယ်ကိုသိမ်းထားခိုင်းတဲ့ ငါးခြောက်ပြားပျောက်သွားပါရော့၊ ဒီအခါ ဆရာတော်က ဟဲ့...လွင် နင်တစ်နေ့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရမဲ့သူ မင်းဖြစ်မဲ့သူက အခုလို ငါးခြောက်ပြားတစ်ပြားမှ လုံခြုံအောင်မစောင့်ရှောက်နိုင်ရင် တိုင်းပြည်ကြီးကို ဘယ်လိုအုပ်ချုပ်မှာလဲ"ဆိုပြီး လက်မလုံးလောက်ရှိတဲ့ ကြိမ်လုံးနဲ့ရိုက်တာ သွေးခြည်များတောင် ဥသတဲ့။ မင်းတုန်းမင်းကြီးဟာ ဆရာတော်ကို အငြိုးမထားတဲ့အပြင် ဘုရင်ဖြစ်လာတဲ့အခါ သူ့သားတော်တွေကို သူ့ကျောပြင်လှန်ပြပြီး သူ့လိုပဲ ဆရာတော်ရဲ့ ရိုက်နှက်တာကို ရိုရိုသေသေခံယူနိုင်တဲ့စိတ်မွေးမြူဖို့ ဆုံးမတော်မူပါတယ်။

ကျောင်းသားကျောင်းသူဟူသည် ဘဝအမျိုးမျိုး၊ နယ်ပယ်အမျိုးမျိုးကလာသည်ဖြစ်၍ အချို့က အသိကိုအခြေခံပြီး ဆုံးမရသည်။ အချို့ကိုတော့ အကြောက်အခြေခံပြီး ဆုံးမရတာမျိုးရှိတယ်။ မသိတာကို သိအောင်၊ နားမလည်တာကို နားလည်အောင်၊ မလိမ္မာတာကို လိမ္မာအောင် ဆုံးမရသည့်တာဝန်သည် ဆရာများ၏ တာဝန်သာဖြစ်သည်။ ဆုံးမနည်းဆုံးမဟန် အဆုံးမခံရမည့် ကလေး၏ အသက်အရွယ်နှင့်ဖွံ့ဖြိုးမှု ကာလဒေသ

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၃၄၂ ဧကစိုက်ပျိုးနိုင်ခဲ့



**ယင်းမာပင် အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၃၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြေပဲ ၃၃၃၂၉ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ယင်းမာပင်မြို့နယ်တွင် ၃၁၀၅ ဧက၊ ကနီမြို့နယ်တွင် ၂၉၃၈၁ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၇၈၈ ဧကနှင့် ပုလဲမြို့နယ်တွင် ၆၈ ဧက စုစုပေါင်း ၃၃၃၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ မြေပဲ ၃၃၃၂၉ ဧကကို လျာထားစိုက်ပျိုးခဲ့ရာ ယခုအခါ ၃၃၃၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် မြေပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၀၉၆ ဧက၊ ကနီမြို့နယ်တွင် ဧက ၂၉၃၈၀၊ ဆားလင်းကြီးမြို့နယ်တွင် ၇၈၅ ဧကနှင့် ပုလဲမြို့နယ်တွင် ၆၈ ဧက စုစုပေါင်း ၃၃၃၂၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲခန့်စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။ (၂၀၆)

➤ **စာမျက်နှာ ၄ မှအဆက်**

အခြေအနေပေါ်မူတည်ပြီး ဆုံးမတတ်သည်မှာ ဆရာတို့၏ အတွေ့အကြုံနှင့်အရည်အချင်း မေတ္တာအကြင်နာများပေါ်တွင် မူတည်သည်။ အဓိကမှာ ဆုံးမခြင်းသည် နှိပ်စက်ခြင်းမဖြစ်စေရေးဖြစ်သည်။ ငယ်ရွယ်နုနယ်သူများအတွက် စိတ်ဒဏ်ရာ၊ ရုပ်ဒဏ်ရာမရရှိစေဖို့ သတိပြုရပေမည်။ စာနှင့်ပတ်သက်၍မူ ရိုက်ပြီးမဆုံးမသင့်ပါ။ ဆရာများ၏ မှာထားစကားရှိပါသည်။ ကလေးကိုရိုက်လျှင် နောက်ကျောတို့၊ ဇက်ပိုးတို့၊ ဦးခေါင်းတို့ကို မရိုက်ရပါ။ မိန်းကလေးဆိုလျှင် တင်ပါးကိုမရိုက်ရပါ၊ ယောကျ်ားကလေးတွေကို ရိုက်လျှင် တင်ပါးအောက်နားကို ရွေးပြီးရိုက်၊ အသံမြည်ပေမဲ့ သိပ်မနာဘူးဟု မှတ်သားရပါသည်။

"ကျောင်းသားငယ်စဉ် မသွန်သင်က နောင်တွင်ဆရာသင့်ဝန်တာတည့်"ဟူသောစကားရှိသဖြင့် ကျောင်းသားများအနာဂတ်ဘဝ ကောင်းမွန်ရေးအတွက် ဆရာများ၏ ဆုံးမပဲ့ပြင်နည်းသည် အခရာကျပါသည်။ ကလေးများတွင်လည်း ကလေးဂုဏ်သိက္ခာရှိပါသည်။ ကလေး၏ဂုဏ်သိက္ခာနှင့်အရှက်ကို ဖြစ်ပေါ်စေမည့် ဆုံးမနည်းမျိုးမပြုသင့်ပါ။ ဆုံးမနည်းတစ်ကြောင်းတွင်လည်း မှိုချိုးမျှစ်ချိုးဖြင့် မျိုးရိုးဂုဏ် မိဘဆွေမျိုးသားချင်းဂုဏ်ကို ထိခိုက်ချိုးနှိမ်သော စကားများဖြင့် မဆုံးမသင့်ပါ။ ကလေးလိုက်နာနိုင်သည့် အပြုသဘောဆောင်သော စကားရပ်များဖြင့်သာ ဆုံးမသင့်ပေသည်။ ရိုက်၍ဆုံးမလျှင်လည်း မေတ္တာတရား ရှေးရှုရမည်။ သားသမီးချင်း ကိုယ်ချင်းစာပြီး ရိုက်သင့်သည်။ အခြားနည်းများနှင့်ဆုံးမမည်ဆိုလျှင်လည်း ကလေး၏ အရှက်နှင့်ဂုဏ်သိက္ခာကိုကြည့်၍ ပြစ်မှုနှင့်ပြစ်ဒဏ် မျှတသင့်ပါသည်" ဟူ၍လည်း ကျောင်းသားဆုံးမနည်းတစ်ရပ်ကို ဆရာအောင်ခိုင်မြင့်က "ပိုကောင်းစေချင်လို့ပြောတာပါ"စာအုပ်တွင် ဂဃနဏလမ်းညွှန်ထားသည်မှာ လက်ရှိ ဆရာ၊ ဆရာမများသာမက မျိုးဆက်သစ်ဆရာလောင်းများအတွက်ပါ စံထားထိုက်သည့် အဖိုးတန်နည်းကောင်းတစ်လက်ဖြစ်ပေသည်။

ယနေ့ကမ္ဘာတွင်ရှိသော အသက်မွေးဝမ်းကျောင်းပညာရပ်အများအပြားတွင် ဆရာအတတ် အသက်မွေးဝမ်းကျောင်းပညာရပ်လည်း ပါဝင်၏။ ထိုအတတ်ပညာတစ်ရပ်နှင့်စပ်လျဉ်းပြီး "သီအိုရီဘရမ်မဲလ်"ဆိုသူ ပညာရှင်ကြီးက "အသက်မွေးဝမ်းကျောင်းမှုပညာရပ်အားလုံးထဲတွင် ဆရာအတတ်သည် အကြီးမြတ်ဆုံးဟု ယူဆရပေမည်"ဟု အဆိုအမိန့်ပြုထား၏။ "ဒင်းနစ်ဘစ်ဆာ"ဆိုသူကမူ ဆရာများကို ပန်းပွင့်ကလေးများနှင့်ခိုင်းနှိုင်းပြီး ဆရာ့အလုကို အလှပန်းနှင့်ယှဉ်တွဲဖော်ပြပါသည်။ ပန်းတွေဟာ ကမ္ဘာပေါ်မှာ နေရာအနှံ့တကယ်လှနေကြသလို ဆရာတွေဟာလဲ ကမ္ဘာအနှံ့အပြားမှာ အလှပန်းကလေးတွေလို ပွင့်လန်းနေကြသည်ဟု သူက ဆိုပါသည်။

မိမိဝါသနာကိုပင် မဏ္ဍိုင်ပြု၍ ဘဝအသက်မွေးဝမ်းကျောင်းရသော ဆရာမြတ်တို့သည် ကမ္ဘာ့လူ့အဖွဲ့အစည်းအတွင်း မုချမသွေရှိနေမည်ဖြစ်သည်။ ဤမည်သော ကမ္ဘာ့ဆရာများသည် စင်စင်အားဖြင့် မိမိတို့၏ကမ္ဘာကို မိမိတို့ထက်သိက္ခမ်းကျင်သည့်ပညာဖြင့် သာယာလှပအောင် အလှဆင်နေကြသူများအဖြစ် ဂုဏ်ယူလေးစားမိပါသည်။ ကမ္ဘာအနှံ့အပြားတွင်ရှိနေသည့် ဆရာများ၏ ကြီးမားသောမေတ္တာ ကရုဏာတို့ကြောင့် တပည့်တို့ရင်ထဲဝယ် အခြေခံကောင်းများ ရရှိကာ ဘဝခရီးလျှောက်လှမ်းသည့်အခါ သာယာချမ်းမြေ့ဖွယ်ဖြစ်ရသည်မှာ ချစ်သောမြတ်ဆရာများ၏ အနန္တဂုဏ်ရည်သာဖြစ်ပါလေတော့သည်။

## ဆရာ့အသံများ အလေးထား

- ဆရာဆိုသည် သူ့ဂုဏ်ရည်ကား
  ကြည်သာနှလုံး အစဉ်ပြုံးလျက်
  လုံးစုံများစွာ များသူငါတို့
  သာယာလှရေး သင်ကြားပေးသည့်
  ဆိုရေးရှိက တည့်မတ်လှစွာ
  ဆုံးမပေတတ် ဆရာမြတ်။
- ဆရာကောင်းလျှင် ဘဝစဉ်တွင်
  တွေးမြင်လိမ္မာ များလှစွာတည့်
  ပညာကြိုးစား တပည့်များနှင့်
  ကြီးပွားကြသူ များဗိုလ်လူတို့
  တစ်မူထွန်းတောက် ပေါ်လာရောက်သည်
  ဝမ်းမြောက်ဖွယ်ရာ ရှိလျက်သာ။
- ဆရာကောင်းမှန် နည်းလမ်းဟန်နှင့်
  ကြံစည်တွေးဆ သင်ကာပြသော်
  တပည့်များစွာ မြင့်မားရာသို့
  ရောက်လာမြင်ရ ဝမ်းသာလှသည်
  ဆရာ့ရင်ထဲ ပီတိကဲလျက်
  စဉ်မြဲတွေးဆ ဝမ်းသာရ၏။
- တချို့တပည့် လမ်းကြောင်းမဲ့ကာ
  လှည့်ဖြားလိမ်ညာ ဆိုးမိုက်ကာနှင့်
  ဆရာမှန်းမသိ ရှိနေဘိသော်
  တွေးကြည့်ရင်မှာ မပျော်သာဘဲ
  တာဝန်မကင်း ခံစားခြင်းဖြင့်
  ရင်တွင်းဝေဒနာ ရှိခဲ့ပါ၏။
- သို့ကြောင့်ပင်လျှင် ကမ္ဘာခွင်ဝယ်
  သွန်သင်ဆရာ အသံသာဖြင့်
  နစ်နာမရှိ တန်းတူသိအောင်
  ထိမိမေတ္တာ စေတနာဖြင့်
  ပညာတတ်တွေ ဖြစ်ကြစေကြောင်း
  လမ်းကောင်းကိုပြ လျှောက်ကြရအောင်
  ဆရာ့အသံများ အလေးထား
  မမှားယွင်းအောင် အသိဆောင်မည်
  မောင်မယ်များတို့ သိစေသတည်း။ ။

**အာကာမောင်မောင်**

## နိုင်ငံတကာ သတင်းများ

# နိုင်ငံတကာလေကြောင်းလိုင်းများ အီရန်ဝေဟင်ပိုင်နက်ကို ရှောင်ရှားပျံသန်း

**လန်ဒန် အောက်တိုဘာ ၄**

နိုင်ငံတကာလေကြောင်းလိုင်းများအနေဖြင့် အရှေ့အလယ်ပိုင်း ခရီးစဉ်များ ပျံသန်းရာတွင် အီရန်ဝေဟင်ပိုင်နက်ကို ရှောင်ရှားပျံသန်းနေကြကြောင်း အောက်တိုဘာ ၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အီရန်နိုင်ငံက အောက်တိုဘာ ၁ ရက်တွင်ပြုလုပ်ခဲ့သော ဒုံးကျည်တိုက်ခိုက်မှုအတွက် အစ္စရေးနိုင်ငံက လက်တုံ့ပြန်တိုက်ခိုက်မှုပြုလုပ်လာမည့်အရေး စိုးရိမ်နေရချိန်တွင် နိုင်ငံတကာလေကြောင်းလိုင်းများအနေဖြင့် အီရန်လေပိုင်နက်ကို ရှောင်ရှား ပျံသန်းနေကြခြင်းဖြစ်သည်။

လေကြောင်းလိုင်း အများစုအနေဖြင့် အရှေ့အလယ်ပိုင်းခရီးစဉ်များ ပျံသန်းရာတွင် အီရန်လေပိုင်နက်ကိုရှောင်ရှား၍ အဇာဘိုင်ဂျန်၊ တာ့ခ်မင်နစ္စတန်၊ ပါကစ္စတန်နှင့် အိန္ဒိယလေပိုင်နက်များကို ဖြတ်သန်းရသော မြောက်ပိုင်းလေလမ်းကြောင်းများကို သုံး၍ အာရှသို့ ပျံသန်းနေရကြောင်း သိရသည်။

ထို့ပြင် အီဂျစ်နှင့် ဆော်ဒီအာရေဗျ ဝေဟင်ပိုင်နက်များကို ကျော်ဖြတ်ရသည့် တောင်ပိုင်းလေလမ်းကြောင်းများကို ပြောင်းလဲအသုံးပြုနေရကြောင်း လေယာဉ်လမ်းကြောင်း စောင့်ကြည့်ရေး သတင်းဝက်ဘ်ဆိုက်များ၏ အဆိုအရ သိရသည်။

နိုင်ငံတကာလေကြောင်းလိုင်းများအနေဖြင့် အီရန်ဝေဟင်ပိုင်နက်ကို ရှောင်ရှားပျံသန်းနေရမှုကြောင့် လေယာဉ်ပျံသန်းချိန်များ ပိုမိုကြာမြင့်လာပြီး လောင်စာဆီကုန်ကျစရိတ်လည်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ်က စတင်ခဲ့သည့် အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခများကြောင့် နိုင်ငံတကာလေကြောင်းလိုင်းများ အလုပ်ရှုပ်ခဲ့ရပြီး လမ်းကြောင်းပြောင်းပျံသန်းမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ရကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

# ကွန်ဂို ကီဗူးရေအိုင်၌ ရေယာဉ်တိမ်းမှောက်မှုဖြစ်ပွား အနည်းဆုံး လူပေါင်း ၇၈ ဦးသေဆုံး

**ဂိုမာ အောက်တိုဘာ ၄**

ကွန်ဂိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ တောင်ကီဗူးပြည်နယ်၌ အောက်တိုဘာ ၃ ရက်က ခရီးသည်တင်ရေယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ အနည်းဆုံး လူပေါင်း ၇၈ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ခရီးသည် ၂၇၈ ဦးလိုက်ပါလာသည့် အဆိုပါရေယာဉ်သည် ကီဗူးရေအိုင်အတွင်း နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ကွန်ဂိုတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယင်းရေယာဉ်သည် ဆိပ်ကမ်းနှင့်မီတာ ၇၀၀ခန့် အကွာတွင် နစ်မြုပ်ခဲ့ပြီး လူပေါင်း ၅၈ ဦး အသက်ရှင်လွတ်မြောက်ခဲ့ကြောင်း သိရသည်။

ရေယာဉ် တိမ်းမှောက်မှုကြောင့် သေဆုံးသူ အရေအတွက်နှင့် ပျောက်ဆုံးသူအရေအတွက်အတိအကျရရှိရန် အနည်းဆုံး သုံးရက်အချိန်ယူရဖွယ်ရှိကြောင်း ကွန်ဂိုတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ရေယာဉ်တိမ်းမှောက်မှုနောက်ခံအကြောင်းရင်းကို ကွန်ဂိုတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ခရီးသည်နှင့် ကုန်စည်ကို သတ်မှတ်ဝန်ထက် ပို၍တင်ဆောင်မှုကြောင့် ကွန်ဂိုနိုင်ငံ၌ ခရီးသည်ရေယာဉ် မတော်တဆမှုများ မကြာခဏ ဖြစ်ပွားတတ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



# အချုပ်အခြာအာဏာပိုင်စိုးမှုကို ချိုးဖောက်ခဲ့ပါက နျူကလီးယားလက်နက်ဖြင့်တုံ့ပြန်မည်ဟု ကင်ဂျုံအန်ပြောကြား



**ပြုံယမ်း အောက်တိုဘာ ၄**

ရန်သူများအနေဖြင့် စစ်အင်အားဖြင့် အချုပ်အခြာအာဏာပိုင်စိုးမှုကို ချိုးဖောက်ရန် ကြိုးစားလာပါက နျူကလီးယားလက်နက်များအပါအဝင် ရှိထားသည့်ထိုးစစ်အင်အားစုအားလုံး အသုံးပြု၍ တုံ့ပြန်ဖို့ ဝန်လေးမည်မဟုတ်ဟု မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့ကြောင်း အောက်တိုဘာ ၃ ရက် သတင်းများအရ သိရသည်။

အောက်တိုဘာ ၁ ရက်တွင် ကျင်းပသည့် စစ်ဘက်ဆိုင်ရာ အခမ်းအနားတစ်ခုတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေသတင်းဌာနက အောက်တိုဘာ ၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် မြောက်ကိုရီးယားအစိုးရကို ဖြိုခွဲမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည့်အတွက် တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယိုးကို ကင်ဂျုံအန်က ဝေဖန်ခဲ့ကြောင်းလည်း သိရသည်။

တောင်ကိုရီးယား နိုင်ငံသည် အောက်တိုဘာ ၂ ရက်က ပြုလုပ်သည့် စစ်ရေးပြချီတက်ပွဲအခမ်းအနားတစ်ခုတွင် ပေါက်ကွဲအားပြင်းထန်သော ထိပ်ဖူးများသယ်ဆောင်နိုင်သည့် ဒုံးကျည်သစ်များ ထုတ်ဖော်ပြသ ခဲ့သည်။

အဆိုပါ စစ်ရေးပြချီတက်ပွဲအခမ်းအနားမိန့်ခွန်းတွင် တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယိုးက နျူကလီးယားလက်နက် မသုံးစွဲရန် မြောက်ကိုရီးယားကို သတိပေးခဲ့သည်။

တောင်ကိုရီးယား၏ အောက်တိုဘာ ၂ ရက် စစ်ရေးပြချီတက်ပွဲတွင် အမေရိကန်လေတပ်မှ ဘီ-၁ဘီ မဟာဗျူဟာဗုံးကြဲလေယာဉ်များလည်း ပါဝင်ပျံသန်းခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# လက်ဘနွန်ရောက်နိုင်ငံသားများကို ရုရှားစတင်ခေါ်ထုတ်

**မော်စကို အောက်တိုဘာ ၄**

အရှေ့အလယ်ပိုင်း ဒေသ၌ စစ်ရေးတင်းမာမှုများမြင့်တက်နေချိန်တွင် လက်ဘနွန်နိုင်ငံရောက် ရုရှားနိုင်ငံသားများကို ရုရှားအစိုးရက အောက်တိုဘာ ၃ ရက်တွင် စတင်ခေါ်ထုတ်နေပြီဖြစ်သည်။

ရုရှားနိုင်ငံသားများခေါ်ထုတ်ရေးအစီအစဉ်အရ ရုရှားသံတမန်များ၏ မိသားစုဝင်များ ပြန်လည်လိုက်ပါလာသည့် အထူးလေယာဉ်တစ်စင်း အောက်တိုဘာ ၃ ရက်တွင် ဘေရွတ်မြို့မှ စတင်ထွက်ခွာသွားပြီဖြစ်ကြောင်း ရုရှားအစိုးရအရေးပေါ်အခြေအနေ ဝန်ကြီးဌာန ဝန်ကြီး အလက်ဇန်းဒါးကူရန်နေ့ဇ်က ထုတ်ဖော်ပြောကြားထားသည်။

အောက်တိုဘာ ၃ ရက် အထူးလေကြောင်းခရီးစဉ်ဖြင့် ရုရှားနိုင်ငံသား ၆၀ ခန့် ပြန်လည်လိုက်ပါလာမည်ဖြစ်ကြောင်း အလက်ဇန်းဒါးကူရန်နေ့ဇ်က ပြောကြားထားသည်။



ရုရှားသမ္မတပူတင်၏ ညွှန်ကြားချက်အရ လက်ဘနွန်နိုင်ငံရောက် ရုရှားနိုင်ငံသားများကို ပြန်လည် ခေါ်ထုတ်နေခြင်းဖြစ်ကြောင်း အလက်ဇန်းဒါးကူရန်နေ့ဇ်၏အဆိုအရ သိရသည်။

ရုရှားနိုင်ငံသည် လက်ဘနွန်ကဲ့သို့ အခြေအနေမျိုးတွင် အခြား ဆိုဗီယက်ပြည်ထောင်စုဝင်နိုင်ငံများမှ နိုင်ငံသားများကို ခေါ်ထုတ်ရာတွင်လည်း ကူညီလေ့ရှိကြောင်း သိရသည်။

လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုနှင့် အစ္စရေးတို့အကြား စစ်ရေးပဋိပက္ခများကြီးမားပြင်းထန်လာချိန်တွင် လက်ဘနွန်ရောက် နိုင်ငံသားများကို ရုရှားအစိုးရက စတင်ခေါ်ထုတ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်များ လက်ဘနွန်တောင်ပိုင်း၌ နေရာယူထားဆဲဖြစ်

**ဘေရွတ် အောက်တိုဘာ ၄**

ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ အနေဖြင့် လက်ဘနွန်နိုင်ငံ တောင်ပိုင်း၌ ဆက်လက်နေရာ ယူထားဆဲဖြစ်ကြောင်း ကုလသမဂ္ဂ၏ လက်ဘနွန်ငြိမ်းချမ်းမှု ထိန်းသိမ်းရေးမစ်ရှင် တာဝန်ရှိသူများက အောက်တိုဘာ ၃ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အစ္စရေးတပ်မတော်က လက်ဘနွန်တောင်ပိုင်းမှ ဖယ်ပေးရန် တောင်းဆို ထားသော်လည်း ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်များအနေဖြင့် မူလတာဝန်ကျရာနေရာများတွင် ဆက်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

အစ္စရေးနှင့် လက်ဘနွန်အကြား စစ်ရေးပဋိပက္ခအခြေအနေမှာ လွန်စွာဆိုးရွားနေသော်လည်း ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်များအနေဖြင့် လုံခြုံရေးကောင်စီက ပေးအပ်ထားသည့် တာဝန်များကို အကောင်းဆုံး ဆက်လက်အကောင်အထည်ဖော်နေဆဲဖြစ်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ဘနွန် တောင်ပိုင်းမှ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်များသည် အစ္စရေးနှင့် လက်ဘနွန် လက်နက်ကိုင်တပ်များအကြား တစ်ခုတည်းသော ဆက်သွယ်ရေးလမ်းကြောင်းဖြစ်ကြောင်း သိရသည်။


ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်များအနေဖြင့် လက်ဘနွန်နှင့် အစ္စရေးနယ်စပ်မျဉ်းမှ ငါးကီလိုမီတာအကွာသို့ ရွှေ့ပြောင်းရန် အစ္စရေးတပ်မတော်က ယခုရက်သတ္တပတ်အစောပိုင်းတွင် တိုက်တွန်းထားသည်။

အင်အား ၁၀၀၀၀ ထိ ပါဝင်သော ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်ဖွဲ့သည် လက်ဘနွန်-အစ္စရေး နယ်စပ်မျဉ်းနှင့် လက်ဘနွန်တောင်ပိုင်း လီတာနီမြစ်အကြား နယ်မြေ၌ နေရာယူထားခြင်း ဖြစ်ကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## နိုင်ငံတကာသိပ္ပံပညာရှင်များက နေနှင့်အမျိုးအစားတူ ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေသော ဂြိုဟ်သစ်တစ်စင်းကို ရှာဖွေတွေ့ရှိထား




**မက်ဒရစ် အောက်တိုဘာ ၄**

စပိန် သိပ္ပံပညာရှင်များ ဦးဆောင်သော နိုင်ငံတကာသိပ္ပံပညာရှင်များသည် နေနှင့်အမျိုးအစားတူ ကြယ်တစ်စင်းကိုဗဟိုပြုလှည့်ပတ်နေသော ဂြိုဟ်သစ်တစ်စင်းကို ရှာဖွေတွေ့ရှိထားကြောင်း အောက်တိုဘာ ၃ ရက် သတင်းများအရ သိရသည်။

TOI-5005b ဟူ၍အမည်ပေးထားသော အဆိုပါဂြိုဟ်သည် ကမ္ဘာဂြိုဟ်နှင့် နှိုင်းယှဉ်ပါက အရွယ်အစားအားဖြင့် ခြောက်ဆ၊ ဒြပ်ထုအားဖြင့် အဆ ၃၀ ကျော်ပိုကြီးမားကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် TOI-5005b ဂြိုဟ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ တက်စ်ဂြိုဟ်တု အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

TOI-5005b ဂြိုဟ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၆၈၅ နှစ်အကွာတွင် တည်ရှိပြီး မိခင်ကြယ်ကို ၆ ဒသမ ၃၁ ရက်လျှင် တစ်ကြိမ်ကျ လှည့်ပတ်လျက်ရှိသည်။

နာဆာ၏ တက်စ်ဂြိုဟ်တုသည် နေအဖွဲ့အစည်းအနီးရှိ ကြယ်ပေါင်း ၂၀၀၀၀၀ ကိုလေ့လာ၍ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်များ ရှာဖွေနေသော ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုသည် လက်ရှိအချိန်ထိ နေအဖွဲ့အစည်းပြင်ပဂြိုဟ်များအဖြစ် ယူဆရသည့် အာကာသဒြပ်ထည် ၇၂၀၀ ကို ရှာဖွေတွေ့ရှိထားပြီး ၅၅၇ ခုကို ဂြိုဟ်အဖြစ် သတ်မှတ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဒိုင်နိုဆောသတ္တဝါများမျိုးသုဉ်းကွယ်ပျောက်ခဲ့ရသည့် ဂြိုဟ်သိမ်ကျရောက်မှုဖြစ်စဉ်၌ ကမ္ဘာပေါ်သို့ကျရောက်ခဲ့သည့်ဂြိုဟ်သိမ်က တစ်စင်းမဟုတ်ဘဲ နှစ်စင်းဖြစ်နိုင်

**အီဒင်ဘတ် အောက်တိုဘာ ၄**

လွန်ခဲ့သော နှစ်ပေါင်း ၆၆ သန်းကဖြစ်ပွားခဲ့ပြီး ဒိုင်နိုဆောသတ္တဝါများမျိုးသုဉ်းကွယ်ပျောက်ခဲ့ရသည့် ဂြိုဟ်သိမ်ကျရောက်မှုဖြစ်စဉ်၌ ကမ္ဘာပေါ်သို့ကျရောက်ခဲ့သည့်ဂြိုဟ်သိမ်သည် တစ်စင်းမဟုတ်ဘဲ နှစ်စင်းဖြစ်နိုင်ကြောင်း အောက်တိုဘာ ၃ ရက် သတင်းများအရ သိရသည်။

ယနေ့ခေတ် မက္ကဆီကိုနိုင်ငံ ယူကာတန် ကျွန်းဆွယ်ဒေသ၌ လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းက ကျရောက်ခဲ့သော ချစ်ဆူးလက်ဘ် အမည်ရှိ ဂြိုဟ်သိမ်ကြောင့် ဒိုင်နိုဆောများ ကွယ်ပျောက်ခဲ့ရသည်ဟု အများက လက်ခံထားပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် စကော့တလန်သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ထိုစဉ်ကာလက ကမ္ဘာပေါ်သို့ ချစ်ဆူးလက်ဘ်ဂြိုဟ်သိမ် အပြင် ဒုတိယဂြိုဟ်သိမ်တစ်စင်းလည်း ကျရောက်ခဲ့ကြောင်း သိရသည်။






အဆိုပါ ဒုတိယမြောက်ဂြိုဟ်သိမ်သည် အရွယ်အစားအားဖြင့် အချင်းပေ ၁၆၄၀ ရှိပြီး ယနေ့ခေတ် အနောက်အာဖရိကဒေသ ဂီနီနိုင်ငံ ကမ်းရိုးတန်း ကမ်းလွန်၌ကျရောက်ခဲ့ကြောင်း စကော့တလန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အတ္တလန္တိတ်သမုဒ္ဒရာပင်လယ်ကြမ်းပြင်၌တည်ရှိသော အနက် ကိုးကီလိုမီတာရှိသည့် တွင်းချိုင့်ကြီးတစ်ခုသည် အထက်ပါဂြိုဟ်သိမ်ကျရောက်ခဲ့ရာ ဥက္ကာချိုင့်ဝှမ်းဖြစ်နိုင်သည်ဟု စကော့တလန်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

နာဒီယာဟု အမည်ပေးထားသည့် သမုဒ္ဒရာကြမ်းပြင်မှ အထက်ပါ ဥက္ကာချိုင့်ဝှမ်းကို စကော့တလန် သိပ္ပံပညာရှင်များက ၂၀၂၂ ခုနှစ်တွင် စတင်တွေ့ရှိထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## အတိုဆုံးပတ်လမ်းများဖြင့် အချင်းချင်းလှည့်ပတ်နေသော ကြယ်သုံးစင်းပါ သုံးစင်းတွဲကြယ်စနစ်တစ်ခုကို ရှာဖွေတွေ့ရှိ

**ဝါရှင်တန် အောက်တိုဘာ ၄**

အတိုဆုံး ပတ်လမ်းများဖြင့် အချင်းချင်း လှည့်ပတ်နေသော ကြယ်သုံးစင်းပါ သုံးစင်းတွဲကြယ်စနစ်တစ်ခုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်းအောက်တိုဘာ ၃ ရက် သတင်းများအရ သိရသည်။

TIC-290061484 ဟူ၍အမည်ပေးထားသော အဆိုပါသုံးစင်းတွဲကြယ်စနစ်ကို နာဆာကလွှတ်တင်ထားသော တက်စ်ဂြိုဟ်တုအကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသုံးစင်းတွဲကြယ်စနစ်တွင် တစ်စင်းနှင့်တစ်စင်း ၁ ဒသမ ၈ ရက်လျှင် တစ်ပတ်ကျလှည့်ပတ်နေသော ကြယ်နှစ်စင်းနှင့်အဆိုပါ ကြယ်နှစ်စင်းလုံးကို ၂၅ ရက်လျှင် တစ်ပတ်ကျ လှည့်ပတ်နေသော တတိယမြောက်ကြယ်တစ်စင်းတို့ ပါဝင်ကြောင်း သိရသည်။

TIC-290061484 သုံးစင်းတွဲကြယ်စနစ်သည် ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ သုံးစင်းတွဲကြယ်စနစ်များအနက် ပတ်လမ်းအတိုဆုံးကြယ်စနစ်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် နာဆာသိပ္ပံပညာရှင်များသည် အဆိုပါသုံးစင်းတွဲကြယ်စနစ်အတွင်းရှိ ကြယ်များ၏ အရွယ်အစားကို တွက်ချက်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## တရုတ်ဆေးပညာရှင်များက အမျိုးသမီးတစ်ဦး၏ ပုံစံ-၁ ဆီးချိုကို ဆဲလ်အစားထိုးကုထုံးဖြင့်ကုသနိုင်ခဲ့

**ပေကျင်း အောက်တိုဘာ ၄**

တရုတ်နိုင်ငံမှ ဆေးပညာရှင်များသည် အမျိုးသမီးတစ်ဦး၏ ပုံစံ-၁ ဆီးချိုရောဂါကို ဆဲလ်အစားထိုးထည့်သွင်းမှုကုထုံးဖြင့် ကုသပေးနိုင်ခဲ့ကြောင်း အောက်တိုဘာ ၃ ရက်သတင်းများအရ သိရသည်။

ဆဲလ်အစားထိုး ကုထုံးခံယူပြီးနောက် အသက် ၂၅ နှစ်အရွယ် လူနာအမျိုးသမီးမှာ နောင်တစ်နှစ်ကျော်ကြာထိ ကိုယ်ပိုင်အင်ဆူလင်ဟော်မုန်းများ အောင်မြင်စွာ ထုတ်လုပ်နိုင်စွမ်း ရှိခဲ့ကြောင်း တရုတ်နိုင်ငံ ပီကင်းတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ဆဲလ်အစားထိုး ကုထုံးအရ တရုတ်ဆေးပညာရှင်များသည် လူနာအမျိုးသမီးထံမှ ဆဲလ်များကို ထုတ်ယူ၍ ပန်ကရိယအင်္ဂါအတွင်း အင်ဆူလင်ဟော်မုန်းထုတ် ဆဲလ်များအဖြစ်ပြောင်းလဲပြီး လူနာ၏ ကိုယ်တွင်းသို့ ပြန်လည်ထည့်သွင်းပေးခဲ့ကြသည်။

တရုတ် ဆေးပညာရှင်များ အနေဖြင့် ဆဲလ်အစားထိုးကုထုံးဖြင့် ပုံစံ-၁ ဆီးချိုရောဂါကို ကမ္ဘာ့ပထမဆုံးအကြိမ်အဖြစ် ကုသနိုင်ခဲ့ခြင်းဖြစ်သည်။

တရုတ် ဆေးပညာရှင်များ ကုသပေးခဲ့သည့် လူနာအမျိုးသမီးမှာ ပုံစံ-၁ ဆီးချိုရောဂါကို ၁၁ နှစ်ကြာ ခံစားခဲ့ရသူဖြစ်ကြောင်း သိရသည်။

ပုံစံ-၁ ဆီးချိုရောဂါသည် ခုခံအားစနစ် ဖောက်ပြန်မှုကြောင့် ဖြစ်ပွားတတ်သည့် ဆီးချိုရောဂါပုံစံဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## RSV ကာကွယ်ဆေးက သက်ကြီးပိုင်းများ၏ အသက်ကို နှစ်စဉ်ကယ်တင်နိုင်ဖွယ်ရှိ

**လန်ဒန် အောက်တိုဘာ ၄**

အသက်ရှူလမ်းကြောင်းရောဂါပိုင်းရပ်များကို ကာကွယ်ပေးမည့် Respiratory Syncytial Virus (RSV) ကာကွယ်ဆေးသည် သက်ကြီးပိုင်းများ၏ အသက်ကို နှစ်စဉ် ကယ်တင်နိုင်ဖွယ်ရှိကြောင်း အောက်တိုဘာ ၃ ရက် သတင်းများအရ သိရသည်။

RSV ကာကွယ်ဆေးသည် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကြောင့် ဆေးရုံများဝန်ပိမှုကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း ဗြိတိန်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ RSV ကာကွယ်ဆေးကို သက်ကြီးပိုင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ထိုးနှံပေးနိုင်ခဲ့ပါက ဗြိတိန်နိုင်ငံအနေဖြင့် နှစ်စဉ်သက်ကြီးပိုင်း ၂၈၀၀ သေဆုံးနိုင်မှုကို တားဆီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

RSV ဗိုင်းရပ် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကြောင့် ကျန်းမာသောလူနာများ၌ တုပ်ကွေးနှင့် ပုံစံတူရောဂါလက္ခဏာများသာ ပေါ်ထွက်လာတတ်သော်လည်း သက်ကြီးပိုင်းများနှင့် ကလေးများ၌ ရောဂါလက္ခဏာများပြင်းထန်တတ်သည်။

RSV ကာကွယ်ဆေးသည် RSV ဗိုင်းရပ်ကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားမှုကို ၈၅ ရာခိုင်နှုန်းထိ ထိရောက်စွာကာကွယ်နိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန် ဆေးဝါးလုံခြုံရေး တာဝန်ရှိသူများသည် RSV ကာကွယ်ဆေးကို အသက် ၇၅ နှစ်နှင့်အထက်ရှိသူများ၌ အသုံးပြုခွင့်ပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# China Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ မူချိုဗာ တက်ရောက်

**ပေကျင်း အောက်တိုဘာ ၄**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပနေသည့် China Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ချက်တင်းနစ်မယ် မူချိုဗာနှင့် နိုင်ခြေအဆင့် (၁)အဖြစ် သတ်မှတ်ခံထားရသည့် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မူချိုဗာက (၇-၆၊ ၂-၆၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာဘာလင်ကာ သည် အကောင်းဆုံးပုံစံဖြင့် ကွာတားဖိုင်နယ်အဆင့်ကိုတက်ရောက်နိုင်ခဲ့ခြင်းဖြစ်သလို ဗိုလ်စွဲရန်ရေပန်းစားနေသည့်ကစားသမားဖြစ်သည်။

ဆာဘာလင်ကာ အနေဖြင့် ကွာတားဖိုင်နယ်အဆင့် ပထမပွဲငယ်တွင် tie-break အဆင့်၌ ရှုံးနိမ့်ခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရရှိခဲ့ပြီး တတိယပွဲငယ်တွင် မူချိုဗာကပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက်ကြောင့် ဆာဘာလင်ကာအနေဖြင့် ဗိုလ်စွဲရန်ရေပန်းစားနေသော်လည်း ကွာတားဖိုင်နယ်အဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

မူချိုဗာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် အန်ဒရေဗာနှင့် တရုတ်တင်းနစ်မယ်ကျန်ကွင်းဝမ်တို့ ပွဲစဉ်မှ အနိုင်ရရှိလာသော ပြိုင်ဘက်ကစားသမားဖြင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

မူချိုဗာက "ဆာဘာလင်ကာဟာ လက်ရှိ ကမ္ဘာ့အကောင်းဆုံး တင်းနစ်မယ်တွေထဲကတစ်ယောက်ပါ။ ထိပ်တန်းအဆင့်ကိုရောက်နေတဲ့ ကစားသမားတစ်ယောက်လဲဖြစ်ပါတယ်။ ကျွန်မအနေနဲ့အနိုင်ရလဒ်အတွက် မျှော်လင့်ပြီးကစားခဲ့တာမဟုတ်ပါဘူး။ ဒါပေမဲ့လဲ ထင်မှတ်မထားဘဲ အနိုင်ရခဲ့လို့ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**



## အားကစားသတင်းအတိုအထွာများ

- မန်ယူအသင်းက ပေါ်တိုအသင်းကို သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ကို ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပထမပိုင်းပွဲချိန်အပြီး လူစားလဲမှုပြုလုပ်ခဲ့ခြင်းမှာ ကစားသမားအလှည့်ကျအသုံးပြုခြင်းကြောင့် လူစားလဲခဲ့ကြောင်း နည်းပြတန်ဟတ်က ဖြေရှင်းပြောကြားခဲ့သည်။
- ပဲလေ့စ်အသင်း လူငယ်ကစားသမား ဝါတန်ကိုခေါ်ယူရန် အာဆင်နယ်၊ လီဗာပူးအသင်းတို့နှင့်အပြိုင် ကြိုးပမ်းမည်ဖြစ်ကြောင်း စပါးအသင်းက ပြောကြားခဲ့သည်။
- အေဗီလာအသင်းတွင် ခြေစွမ်းပြနေသည့် တိုက်စစ်မှူး ဒူရန်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၈၀ ဖြင့် ခေါ်ယူရန် ချဲလ်ဆီးအသင်းက ကြိုးပမ်းလျက်ရှိသည်။

**ML**

# နေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် ISPEအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ISPEအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြောင်း သိရသည်။

နေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီက ပဒုမ္မာအားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် ဒဂုံပေ့ါအသင်းတို့ ကစားခဲ့ရာ အပြန်အလှန်ဖိအားပေးမှုရှိခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးမရှိသရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီတွင် စလင်းအားကစားကွင်း၌ ISPE အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် ISPE အသင်းက သုံးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကိုပွဲချိန် ၃၉ မိနစ်တွင် ပိုင်သက်ဖြိုး၊ ပွဲချိန် ၅၅ မိနစ်တွင် ရှိုင်းကိုကိုဇော်၊ ပွဲချိန် ၉၃ မိနစ်တွင် မျိုးမြတ်ကျော်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၅ မိနစ်နှင့် ၉၄ မိနစ်တို့တွင် စိုင်းဇေယျာကျော်က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

အလားတူ ညနေ ၃နာရီခွဲတွင် ဗဟန်းမြက်ခင်းတု ကွင်း၌ ရောဝတီယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းက ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၇စ် မိနစ်တွင် ရောဝတီယူနိုက်တက်အသင်းမှ သက်နိုင်ဦးက ကိုယ့်ဂိုးကိုယ်သွင်းခဲ့မိပြီး ပွဲချိန် ၃၇ မိနစ်တွင် စိုးမောင်မောင်၊ ပွဲချိန် ၃၉ မိနစ်နှင့် ၈၂ မိနစ်တွင် ဂျေကေဖြိုး၊ ပွဲချိန်၄၉မိနစ်တွင် မြင့်မြတ်သူရတို့က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**STA**

# ဖီဖာကလပ် ကမ္ဘာ့ဖလားကြောင့် ဘောလုံးရာသီပိတ်သိမ်းသော်လည်း ကစားသမားခေါ်ယူခွင့်ပြုကြောင်း ဖီဖာကြေညာ

**ဇူးရစ် အောက်တိုဘာ ၄**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာသည် လာမည့်နှစ်တွင်ကျင်းပမည့် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကြောင့် ဘောလုံးရာသီပိတ်သိမ်းချိန်ဖြစ်သော်လည်း ပါဝင်ယှဉ်ပြိုင်သည့်အသင်းများကို ကစားသမားခေါ်ယူမှု ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပချိန်သည် ဥရောပဘောလုံးရာသီ ပိတ်သိမ်းချိန်ဖြစ်သော်လည်း ပါဝင်ခွင့်ရသည့်အသင်းများကို ပြိုင်ပွဲမတိုင်မီ ဇွန် ၁ ရက်မှ ၁၀ ရက်ထိ ကစားသမားခေါ်ယူခွင့်ပြုမည်ဖြစ်ပြီး ဇွန် ၃၀ ရက်တွင် စာချုပ်ကုန်ဆုံးမည့် ကစားသမား သက်တမ်းတိုးကိစ္စကိုလည်း ခြွင်းချက်အနေဖြင့် ဇူလိုင် ၁၃ ရက်ထိ အချိန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသည် လာမည့်နှစ် ဇွန် ၁၅ ရက်မှ ဇူလိုင် ၁၃ ရက်ထိ ပြိုင်ပွဲဝင်အသင်း ၃၂ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ဥရောပဇုန်မှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းပါဝင်ခွင့်ရထားကာ မန်စီးတီးအသင်းနှင့် ချဲလ်ဆီးအသင်းတို့မှာ ဖီဖာ၏ စည်းမျဉ်း ချိုးဖောက်ခဲ့မှုကြောင့် ကစားသမားခေါ်ယူခွင့်ရမည်မဟုတ်သည့်အပြင် ကစားသမားတစ်ဦးအနေဖြင့် ကလပ်အသင်းတစ်သင်းဖြင့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ကစားပြီးပါက ကျန်အသင်းတွင် ပါဝင်ကစားခွင့် ရရှိမည်မဟုတ်ကြောင်း ထပ်မံပြောကြားခဲ့သည်။

လက်ရှိတွင် ဥရောပဇုန်မှ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရသည့်အသင်းများမှာ ဘိုင်ယန်မြူးနစ်၊ ပီအက်စ်ဂျီ၊ အင်တာမီလန်၊ ပေါ်တိုအသင်း၊ ဘင်ဖီကာအသင်း၊ ဒေါ့မွန်အသင်း၊ အေတီကိုအသင်း၊ ဆဲလ်ဘတ်အသင်း၊ ဂျူဗင်တပ်အသင်း၊ မန်စီးတီးအသင်း၊ ချဲလ်ဆီးအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းတို့ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

# ပြင်သစ်လက်ရွေးစင်အသင်းတွင် အမ်ဘာက်ပီဒဏ်ရာကြောင့် ပါဝင်မည်မဟုတ်ဟု နည်းပြဒက်ချမ့် ပြောကြား

**ပဲရစ် အောက်တိုဘာ ၄**

တိုက်စစ်မှူး အမ်ဘာက်ပီသည် ပြင်သစ်လက်ရွေးစင်အသင်းနှင့် ကစားရမည့် နေးရှင်းလိဂ်ပြိုင်ပွဲတွင် ပေါင်ကြွက်သားဒဏ်ရာရရှိနေသောကြောင့် ပါဝင်နိုင်မည်မဟုတ်ကြောင်း နည်းပြဒက်ချမ့်က ပြောကြားခဲ့သည်။

အမ်ဘာက်ပီသည် လာလီဂါပြိုင်ပွဲတွင် အလာဗက်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ပြီးနောက် သုံးပတ်ခန့်လွဲချော်မည်ဟု ကနဦးထုတ်ပြန်ထားခဲ့ပြီး အေတီကိုအသင်းနှင့်ပွဲစဉ်ကို လွဲချော်ခဲ့သော်လည်း ဒဏ်ရာပြန်လည်သက်သာလာသဖြင့် လိုင်လီအသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ် အသင်းလူစာရင်း၌ ပါဝင်ခဲ့ကြောင်း သိရသည်။

သို့သော် ပြင်သစ်အသင်းနည်းပြဒက်ချမ့်က ကစားသမား၏ ကြံ့ခိုင်မှု လိုအပ်ချက်ကြောင့် အမ်ဘာက်ပီကို ဒဏ်ရာအရှင်းပျောက်ကင်းစေရန် အတွက် နေးရှင်းလိဂ်ပြိုင်ပွဲ ကစားမည့် အသင်းလူစာရင်းမှ ထုတ်ပယ်ခဲ့ပြီး အောက်တိုဘာ ၁၁ ရက်တွင် ကစားမည့် အစ္စရေး၊ အောက်တိုဘာ ၁၄ ရက်တွင် ကစားမည့် ဘယ်လ်ဂျီယံအသင်းတို့နှင့်ပွဲစဉ်ကို ပါဝင်နိုင်မည်မဟုတ်ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။



လက်ရှိတွင် နည်းပြဒက်ချမ့်သည် ယခင်လက ကစားခဲ့သည့် ကစားသမားစာရင်းကို အပြောင်းအလဲလုပ်မည်မဟုတ်ဘဲ မကြာသေးမီက လက်ရွေးစင်အသင်းမှ အနားယူခဲ့သည့် ဂရစ်ဇ်မန်းနေရာတွင် အိုလီဆီ၊ အန်ကူကူနှင့်ဘရက်ဒလေတို့ကို အစားထိုးခေါ်ယူခဲ့ကြောင်း သိရသည်။

**Ref : ESPN**

**Trs : ML**

# AFC/MFF "A" Diploma Coaching Course - Module I နည်းပြသင်တန်းဖွင့်လှစ်မည်



**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အနေဖြင့် မြန်မာ့ဘောလုံးအားကစားတိုးတက်မြင့်မားလာစေရန်နှင့် အရည်အချင်းပြည့်ဝသည့် နည်းပြဆရာများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ AFC/MFF "A" Diploma Coaching Course – Module I နည်းပြသင်တန်းကို ဒီဇင်ဘာ ၂ ရက်မှ ၁၀ ရက်ထိ ရန်ကုန်မြို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ပေးအပ်သည့် သင်တန်းနည်းပြဆရာများမှ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းဝင်ကြေးအဖြစ် နိုင်ငံသားတစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀၀၊ နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန် ဒေါ်လာ ၁၅၀၀ ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အနေဖြင့် သင်တန်းသားအမည်စာရင်းကိုအာရှဘောလုံးအဖွဲ့ချုပ်သို့ အချိန်မီတင်ပြရမည်ဖြစ်သောကြောင့် သင်တန်းတက်ရောက်လိုသူများ အနေဖြင့် အောက်တိုဘာ ၁၅ ရက် ညနေ ၄ နာရီနောက်ဆုံးထားပြီး ရန်ကုန်မြို့ရှိမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းပြပညာရေးဌာန (Coach Education)သို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

AFC/MFF "A" Diploma Coaching Course – Module I နည်းပြသင်တန်းတက်ရောက်လိုသူများအနေဖြင့် AFC B သို့မဟုတ် AFC/MFF B အောင်လက်မှတ်ရရှိပြီးသူ၊ နည်းပြသက်တမ်းအနည်းဆုံး နှစ်နှစ်ရှိသူ၊ ကျန်းမာရေးကောင်းမွန်ပြီးစာတွေ့၊လက်တွေ့ လေ့ကျင့်မှုများလုပ်ဆောင်နိုင်သူ၊ သင်တန်းကာလ ပြီးဆုံးသည်ထိ တက်ရောက်နိုင်သူ၊ လက်ရှိတွင် အသင်းတစ်သင်းတွင် နည်းပြတာဝန်ထမ်းဆောင်နေသူများကို ဦးစားပေး ရွေးချယ်မည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာကို အတော်အသင့် နားလည်သူဖြစ်ကာ ကွန်ပျူတာ ဗဟုသုတရှိရမည်ဖြစ်ပြီး Powerpoint ဖြင့် တင်ပြဆွေးနွေးနိုင်သူ ဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။

STA

# Sanderson Farms Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို ဒေးဗစ်စကင်နာ ဦးဆောင်

**ဂျက်ဆင် အောက်တိုဘာ ၄**

အမေရိကန်နိုင်ငံ မစ္စစ္စပီပြည်နယ် ဂျက်ဆင်မြို့တွင် ကျင်းပနေသည့် Sanderson Farms Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အင်္ဂလန် ဂေါက်သီးရိုက် ကစားသမား ဒေးဗစ်စကင်နာက သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား သောဘွန်ဆင်က သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိနေပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဝုဒ်လန်းနှင့် ဂရစ်ဖင်တို့က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အသက် ၄၂ နှစ်အရွယ်ဒေးဗစ်စကင်နာသည် နောက်ဆုံးကျင်းတွင် ကိုးပေအကွာမှ ကျင်းဝင်အောင်ရိုက်နိုင်ခဲ့ပါက ရလဒ်ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး Sanderson Farms Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၏ အဖွင့်နေ့ရလဒ်အကောင်းဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်မည်ဖြစ်သည်။

ကိုးပေအကွာမှကျင်းဝင်အောင်မရိုက်နိုင်ခဲ့ခြင်းနှင့်ပတ်သက်ပြီး စိတ်ပျက်နေသည့် ဒေးဗစ်စကင်နာက "ပထမနေ့အပြီး ရလဒ်အပေါ်မှာအားရကျေနပ်မှုအပြည့်အဝရှိပါတယ်။ ဒါပေမဲ့လဲ နောက်ဆုံးကျင်းမှာ ကိုးပေအကွာကနေ ကျင်းဝင်အောင်မရိုက်နိုင်ခဲ့တာတော်တော်လေးကိုစိတ်ပျက်ဖို့ကောင်းပါတယ်။ ပရော်ဖက်ရှင်နယ် ကစားသမားတော်တော်များများက ကိုးပေအကွာကနေ ကျင်းဝင်အောင်မရိုက်နိုင်ခဲ့တာမျိုးရှားပါတယ်။ ရလဒ်ကျဆင်းသွားတာထက် ဝင်သင့်တာကိုမဝင်တာက စိတ်ခံစားမှုပိုင်းကိုထိခိုက်စေပါတယ်။ နောက်ထပ် ဒီလိုအမှားမျိုးထပ်မကျူးလွန်အောင် အတတ်နိုင်ဆုံး ကြိုးစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ စက်တင်ဘာလအတွက် တစ်လတာအကောင်းဆုံးဆုများ ဆန်ခါတင်စာရင်းထုတ်ပြန်

**လန်ဒန် အောက်တိုဘာ ၄**

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ စက်တင်ဘာလအတွက် တစ်လတာအကောင်းဆုံးဆုများ ဆန်ခါတင်စာရင်းကို ပရီးမီးယားလိဂ်အဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ စက်တင်ဘာလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆု၏ ဆန်ခါတင်ကစားသမားစာရင်းတွင် နယူးကာဆယ်အသင်းမှ ဟာဗေးဘားနက်၊ လီဗာပူးအသင်းမှ ဒီယက်နှင့် ဂရာဗန်ဘတ်ချ်၊ ဖူလ်ဟမ်အသင်းမှ ရာအူးဂျီမီနက်၊ အာဆင်နယ်အသင်းမှ ဂါဘရီရယ်၊ အဲဗာတန်အသင်းမှ မက်ခ်နေး၊ ချဲလ်ဆီးအသင်းမှ ကိုးလ်ပယ်မာနှင့် အေဗီလာအသင်းမှ ဝက်စ်ကင်တို့ပါဝင်လာခဲ့သည်။

အလားတူ စက်တင်ဘာလအတွက် တစ်လတာအကောင်းဆုံးနည်းပြဆု ဆန်ခါတင်နည်းပြစာရင်းတွင်လည်း အာဆင်နယ်အသင်းနည်းပြ အာတီတာ၊ အေဗီလာအသင်းနည်းပြ အူနိုင်းအမ်မရီ၊ ချဲလ်ဆီးအသင်းနည်းပြ မာရက်စ်ကာ၊ ဖူလ်ဟမ်အသင်းနည်းပြ မာကိုဆေးဗားလ်နှင့် လီဗာပူးအသင်းနည်းပြ အာနီစလော့တို့ ပါဝင်လာခဲ့ကြသည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ စက်တင်ဘာလအတွက်အကောင်းဆုံးသွင်းဂိုးဆုအတွက် ဆန်ခါတင်စာရင်းတွင် အေဗီလာအသင်းမှ ဒူရမ်၊ နယူးကာဆယ်အသင်းမှ ဟာဗေးဘားနက်၊ ဘရန့်ဖို့ဒ်အသင်းမှ အမ်ဘူမို၊ လီဗာပူးအသင်းမှ နူနက်စ်၊ လက်စတာအသင်းမှ ဂျက်စတင်၊ အဲဗာတန်အသင်းမှ မက်ခ်နေး၊ ချဲလ်ဆီးအသင်းမှ ကိုးလ်ပယ်မာ၊ အာဆင်နယ်အသင်းမှ ကယ်လာဖီအိုရီတို့ ပါဝင်ခဲ့ကြသည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲ၏ စက်တင်ဘာလအတွက် တစ်လတာအကောင်းဆုံး ဂိုးသမားဆု ဆန်ခါတင်စာရင်းတွင် အစ်ဗ်စ်ချ်အသင်းမှ မူရစ်ချ်၊ နယူးကာဆယ်အသင်းမှ ပိုပီ၊ စပါးအသင်းမှ ဗီကာရီယို၊ မန်ယူအသင်းမှ အိုနာနာ၊ လက်စတာအသင်းမှ ဟာမန်ဆန်နှင့်အေဗီလာအသင်းမှ မာတီနက်ဇ်တို့ ပါဝင်ခဲ့ကြောင်း သိရသည်။

Ref : Premierleague.com

Trs : STA

# ပရီးမီးယားလိဂ် ပွဲစဉ် (၇) ပွဲကြိုသုံးသပ်ချက်များ

**အေဗီလာ Vs မန်ယူ**

ကစားမည့်ရက်/အချိန် (၆-၁၀-၂၀၂၄ ည ၀၇:၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အေဗီလာ ၁ - ၂ မန်ယူ

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အေဗီလာ | - | ဝေး(နိုင်) | ဝေး(သရေ) | အိမ်(နိုင်) |
| မန်ယူ | - | အိမ်(သရေ) | အိမ်(ရှုံး) | ဝေး(သရေ) |

အေဗီလာအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ခုနစ်ပွဲဆက် ရှုံးပွဲမရှိသေးဘဲ တိုက်စစ်ပိုင်းထက်မြက်နေတာကြောင့် အခုပွဲစဉ်မှာ မန်ယူကိုဖိအားပေးနိုင်မှာပါ။ မန်ယူကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးဘဲ နောက်ဆုံးလေးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတာကို တွေ့ရမှာပါ။ ဒါကြောင့် ခြေစွမ်းထက်မြက်နေတဲ့ အေဗီလာအသင်းကိုပဲ အားပေးရမှာပါ။

**ခန့်မှန်းရလဒ် - အေဗီလာ ၂ - ၁ မန်ယူ**

---

**ချဲလ်ဆီး Vs နော်တင်ဟမ်**

ကစားမည့်ရက်/အချိန် (၆-၁၀-၂၀၂၄ ည ၀၇:၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

နော်တင်ဟမ် ၂ - ၃ ချဲလ်ဆီး

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | - | အိမ်(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |
| နော်တင်ဟမ် | - | ဝေး(နိုင်) | ဝေး(သရေ) | အိမ်(ရှုံး) |

ချဲလ်ဆီးအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းသုံးပွဲဆက်မှာ ၁၃ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ခြေစွမ်းပိုင်းထက်မြက်နေတာဖြစ်ပါတယ်။ နော်တင်ဟမ်ကတော့ တန်ပြန်တိုက်စစ်ကောင်းပြီး ကစားပုံမာကျောပေမဲ့ ချဲလ်ဆီးနဲ့ယှဉ်ရင် တစ်ဆင့်နိမ့်တဲ့ အခြေအနေဖြစ်နေလို့ ပုံစံကောင်းရနေတဲ့ ချဲလ်ဆီးအသင်းပဲ အနိုင်ရမှာပါ။

**ခန့်မှန်းရလဒ် - ချဲလ်ဆီး ၃ - ၁ နော်တင်ဟမ်**

# ပီအက်စ်ဂျီအသင်းက လီဗာပူးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ဆာလာဟ်ကို ခေါ်ယူရန်ပြင်ဆင်




**ပဲရစ် အောက်တိုဘာ ၄**

ပီအက်စ်ဂျီအသင်းက လာမည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ဆာလာဟ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် သုံးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၃၂ နှစ်ရှိ ဆာလာဟ်သည် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က ရိုးမားအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး လီဗာပူးအသင်း ချန်ပီယံလိဂ်ဖလားနှင့် ပရီးမီးယားလိဂ်ဖလားအပါအဝင်ဆုဖလားများ ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

လက်ရှိ လီဗာပူးအသင်းနှင့် ဆာလာဟ်တို့ စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီအကုန်လာမည့် ၂၀၂၅ ခုနှစ် ဇွန်လအကုန်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း လက်ရှိအချိန်ထိ လီဗာပူးအသင်းအနေဖြင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိသေးဘဲ အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွတ်ရဖွယ်ရှိနေသည်။

ပီအက်စ်ဂျီ အသင်းကလည်း အသင်းမှ အမ်ဘက်ပီထွက်ခွာခဲ့ပြီးနောက် ၎င်းနေရာတွင် ထိပ်တန်းကစားသမားတစ်ဦးနှင့်အစားထိုးနိုင်ခြင်း မရှိသေးသည့်အတွက် လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ ကာလတွင် ဆာလာဟ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် တစ်နှစ်လုပ်ခ ယူရို ၂၅သန်းမှ သန်း ၃၀ ကြား ပေးချေပြီး ခေါ်ယူရန်အတွက် ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။

Ref : Topskills Sports UK

Trs : STA

**ခရီးသွားဆောင်းပါး**

# မိုးနဲမြို့နှင့်မဝေးသည့် ရှမ်းအညာမြို့လင်းခေး

**သက်နိုင်(ပြင်ဦးလွင်)**

အခုသွားနေတဲ့ တာချီလိတ်ခရီးစဉ်မှာ နမ့်စန်မြို့ကိုဖြတ်ကျော်လာခဲ့ပြီး မိုးနဲ-လင်းခေး- မိုင်းပန်-မိုင်းတုံ-မိုင်းဆတ်လမ်းအတိုင်း တာချီလိတ်မြို့ရှိရာကို ဆက်လက်ခရီးနှင်နေကြပါပြီ။ အရင်တစ်ခေါက်တာချီလိတ်မြို့ကို သွားရောက်ခဲ့စဉ်တုန်းက တောင်ကြီး-လွိုင်လင်-နမ့်စန်-ကွန်ဟိန်း-မိုင်းပြင်း-တုံတာ-ကျိုင်းတုံ-မိုင်းဖြတ် လမ်းကနေ သွားရောက်ခဲ့ကြတာပါ။ ဒါကြောင့် နာမည်တွေကိုသာ ရင်းနှီးကြားဖူးနေပြီး ရောက်ဖူးခြင်းမရှိသေးတဲ့ မိုးနဲ၊ လင်းခေး၊ မောက်မယ်ခရီးစဉ်တွေကို သွားကြမယ်လို့ စဉ်းစားတိုင်ပင်ထားခဲ့ကြပေမဲ့ အောင်မြင်ခြင်းမရှိသေးဘဲ အခုမှ မထင်မှတ်ဘဲရုတ်တရက်ရောက်ရှိတော့မှာဖြစ်ပါတယ်။ မိုးနဲ၊ လင်းခေးနဲ့ မောက်မယ်မြို့တွေကို ရောက်ဖူးချင်၊သွားလာချင်ရတဲ့အကြောင်းရင်းတွေက မိုးနဲစော်ဘွားကြီးဆိုပြီး ထင်ရှားနေခဲ့တာရယ်၊ အဆိုတော် စိုင်းထီးဆိုင်ရဲ့ ဇာတိမြို့လဲဖြစ်တာရယ်၊ အဆိုတော် စိုင်းထီးဆိုင်ရဲ့ လင်းခေးမြို့အဝင်သီချင်းကလဲ လင်းခေးမြို့ ဘယ်လောက်ထိသာယာလှပကြောင်း ညွှန်းဆိုရေးဖွဲ့သီဆိုထားတာကြောင့်ရယ်၊ တစ်ချိန်က တောင်ကြီးမောက်မယ် သနပ်ခါးကြောင့်ရယ် ဒါတွေစုပေါင်းပြီး သွားရောက်လည်ပတ်ချင်ခဲ့တာပါ။

နမ့်စန်မြို့ကနေ ထွက်လာပြီးတဲ့နောက် လမ်းရဲ့အခြေအနေက အလွန်ရှင်းလင်းသွားတာက တစ်ကြောင်း၊ နမ့်စန်-မိုးနဲက ၂၃ မိုင် လေးဖာလုံသာဝေးကွာနေတာကတစ်ကြောင်းတို့ကြောင့် မိုးနဲမြို့ကို အချိန်ခဏအတွင်းမှာ ရောက်ရှိလိမ့်မယ်လို့ ခန့်မှန်းမိတယ်။ ဒ့ါပြင် မိမိတို့စီးလာတဲ့ ခရီးသည်တင်အမြန်ယာဉ်ငယ်လေးတွေက အမြန်နှုန်းတင်ပြီး မောင်းနှင်အားကောင်းလာတာရယ်၊ တောင်ဆင်းတောင်တက် အကွေ့အကောက်များတဲ့လမ်းမဟုတ်တော့တာရယ်ကြောင့်ပါ။ လမ်းဘေးဝဲယာတစ်လျှောက်မှာလဲ တောတွေ၊ တောင်တွေ၊ ချောက်ကမ်းပါးတွေမဟုတ်တော့ဘဲ ပြန့်ပြူးတဲ့မြေပြင်မှာ လယ်ကွင်းစိမ်းစိမ်းတွေကို တွေ့မြင်လာရတယ်။ တောင်ကြီးမြို့ကနေထွက်လာပြီးကတည်းက ဒီလိုစိမ်းစိုကျယ်ပြန့်တဲ့လယ်ကွင်းတွေကို စတင်မြင်တွေ့နေရတယ်။ စပါးတွေရင့်မှည့်တဲ့အချိန်ကိုရောက်ရင်လဲ ရွှေဝါရောင်လွင်ပြင်ကြီးအဖြစ်နဲ့ လှပသာယာနေမှာကို မြင်ယောင်မိနေပါသေးတယ်။

မိမိခန့်မှန်းထားတဲ့အတိုင်း မကြာမီအချိန်အတွင်းမှာ မိုးနဲမြို့ကို ဝင်ရောက်လာတယ်။ ကားပေါ်ကနေ တွေ့မြင်နေရတဲ့ မြင်ကွင်းတွေအရ မိုးနဲမြို့ဝန်းကျင်မှာ တောတွေ၊ တောင်တွေ ဝန်းရံမနေဘဲ မြို့အနေအထားက လွင်ပြင်ကျယ်လိုဖြစ်နေတယ်။ ဒါပေမဲ့ မိုးနဲမြို့ရဲ့ ပင်လယ်ရေမျက်နှာပြင်အမြင့်က ၃၁၇၉ ပေလို့ သိရှိမှတ်သားထားရတယ်။ ဒ့ါပြင် မိုးနဲမြို့ကိုဝင်ရောက်လာတာနဲ့ ထူးခြားမှုတွေကို စတင်တွေ့မြင်လာရတယ်။ ကားပေါ်ကနေစီးနင်းလိုက်ပါလာရင်း အလှမ်းမဝေးတဲ့အတိုင်းအတာအကွာအဝေးနေရာ၊ လမ်းဘေးဝဲယာတွေမှာ ကြာဖူးပုံသဏ္ဌာန်အလုံးအဝိုင်းဖြူဖြူကြီးတွေရှိနေကြတာပါ။ အစပထမတွေ့မြင်မြင်ချင်း တစ်ခု၊ တစ်နေရာတည်းဖြစ်မယ်လို့ထင်မှတ်ထားခဲ့မိပေမဲ့ ရှေ့ဆက်ပြီးရောက်ရှိလာတဲ့နေရာတွေမှာလဲ အလားတူကြာဖူးလုံးကြီးတွေကို ထပ်မံတွေ့ရှိလာရပြန်တယ်။ ကားတွေက ကြာဖူးဖြူဖြူအလုံးကြီးနှစ်လုံးကြားကနေ ဖြတ်သန်းမောင်းနှင်နေရတယ်။

မိုးနဲမြို့ရဲ့ နောက်ထပ်ထူးခြားမှုတစ်ခုကတော့ မြို့အတွင်း နေရာတိုင်းလိုလိုမှာ ရွှေရောင်၊ ငွေရောင်နဲ့ စေတီတော်အဆူဆူကို လက်ညှိုးထိုးမလွဲအောင် တွေ့မြင်ဖူးမြော်နေရတာပါ။ မိမိရဲ့စိတ်အထင်အရ စေတီတော်တွေက လမ်းဘေးဝဲယာတစ်လျှောက်မှာ ပိုမိုများပြားနေကြတယ်။ ဒါကြောင့် မြို့တွင်းကိုဝင်လာပြီးကတည်းက မြို့ပြင်ကိုရောက်တဲ့ထိ တွေ့မြင်ရသမျှစေတီတော်တွေကို ကင်မရာနဲ့ဓာတ်ပုံတွေရိုက်ယူနေရတာ အခြားမြင်ကွင်းတွေကို ကြည့်ရှုဖို့အချိန်မရတော့ပါဘူး။ မိုးနဲမြို့ကို ဝင်ရောက်လာကတည်းက မိမိအနေနဲ့ ဓာတ်ပုံတွေ အဆက်မပြတ်ရိုက်ကူးနေတာကြောင့် ကားဆရာက ကားမောင်းနေရင်းနဲ့ သူသိထားသမျှ မိုးနဲမြို့အကြောင်းကို ပြောပြတယ်။

မိုးနဲဆိုတာ ရှမ်းဘာသာစကား မိုင်းနိုင်းကနေ ဆင်းသက်လာပြီး မြန်မာဘာသာနဲ့ နှင်းမြို့တော်လို့ အဓိပ္ပာယ်ရတယ်။ ရှေးအခါတုန်းက မြို့အဝင်



လမ်းတစ်ဖက်ဆီမှာရှိနေတဲ့ ညောင်ပင်ကြီးနှစ်ပင်ရဲ့ သစ်ကိုင်းကြီးတွေက တစ်ကိုင်းနဲ့တစ်ကိုင်း ကိုင်းယှက်ပြီး ဝင်ပေါက်တစ်ခုလို ဖြစ်နေတာကြောင့် သစ်တံခါးမြို့ဆိုပြီး ခေါ်ဆိုကြကြောင်းကိုလဲ သိလိုက်ရတယ်။ အခု မိမိရောက်ရှိဖြတ်သန်းလာတဲ့အချိန်မှာ ဒီညောင်ပင်ကြီးနှစ်ပင် ရှိနေသေးလားဆိုတာ သတိမထားမိလိုက်ပါဘူး။

ဒါပေမဲ့ ကားဆရာရဲ့ ဆက်လက်ပြောကြားချက်တွေအရ မိုးနဲမြို့တည်လာတာ နှစ်ပေါင်း ၂၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း၊ အခု မိုးနဲက တတိယအကြိမ်တည်ထားတဲ့မြို့ဖြစ်ကြောင်း၊ မိုးနဲမြို့မှာ ရှေးဟောင်းဘုရားစေတီတွေ အလွန်ပေါများနေတာကြောင့် သာသနာ့နယ်မြေအဖြစ် ထင်ရှားပြီး ရှမ်းပုဂံလို့ တင်စားခေါ်ဆိုကြကြောင်း၊ မိုးနဲမြို့မှာ ပုဂံရွှေစည်းခုံစေတီတော်ကြီးနဲ့ပုံစံတူ ဦးရွှေအောင်ဘုရားကြီးနဲ့အတူ အခြားရှေးဟောင်းသမိုင်းဝင်စေတီတော်တွေအပြင် မိုးနဲစော်ဘွားကြီးနေထိုင်ခဲ့တဲ့ မိုးနဲဟော်၊ အမြင့်ပေ ၃၆၀ ရှိပြီး အလွန်သာယာလှပတဲ့ ကျိုင်းတောင်းရေတံခွန်တို့ရှိသေးကြောင်း စတာတွေကို အဆက်မပြတ်ပြောကြားသွားတာကြောင့် မိုးနဲမြို့မှာအချိန်ယူပြီး လှေ့လာလည်ပတ်ချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာခဲ့ရတယ်။ ဒါပေမဲ့ အခုခရီးစဉ်က တာချီလိတ်မြို့ရောက်တဲ့ထိ ခရီးနှင်ကြရအုံးမှာဖြစ်လို့ ဖြစ်ချင်တဲ့စိတ်တွေကို လတ်တလောခေတ္တခဏမျိုသိပ်ထားလိုက်ရသလို နောက်တစ်ခေါက် ခရီးစဉ်အသစ်အဖြစ်နဲ့ အေးအေးဆေးဆေးအချိန်ယူပြီး ထပ်မံလာရောက်ဖို့ စိတ်ဆုံးဖြတ်ထားလိုက်ရတယ်။

မိုးနဲမြို့ကိုကျော်လွန်လာတာနဲ့ တောင်တက်ခရီးလမ်းကို စတင်မောင်းနှင်နေရတာကို သတိထားလိုက်မိတယ်။ မိုးနဲမြို့ဝန်းကျင်က စိမ်းစိမ်းစိုစိုတစ်မျှော်တစ်ခေါ်စပါးခင်းကြီးတွေကို နှုတ်ဆက်ခဲ့ကြရပါပြီ။ မိုးနဲမြို့ပြီးရင် လင်းခေးမြို့ကို ရောက်မှာပါ။ မိုးနဲနဲ့ လင်းခေးက ၂၂ မိုင်ဝေးကြောင်း၊ လင်းခေးမြို့က ပင်လယ်ရေမျက်နှာပြင်အမြင့် နိမ့်ကျပြီး မြေပြန့်ဒေသ၊ အပူချိန်မြင့်မားကြောင်း သိရှိထားရတယ်။ ဒါကြောင့် မိုးနဲမြို့ကနေထွက်လာပြီး မကြာခင်မှာ အောက်ဘက်အနိမ့်ပိုင်းရှိရာကို တဖြည်းဖြည်းဆင်းလာနေရတယ်။ ဒ့ါပြင် လမ်းဘေးအချို့နေရာတွေမှာ အညာဒေသအပူပိုင်းမှာ ပေါက်လေ့ပေါက်ထရှိကြတဲ့ တမာပင်၊ ကုက္ကိုပင်တွေကို တွေ့မြင်လာရတယ်။ အမြန်ယာဉ်ငယ်လေးတွေရဲ့ မောင်းနှင်အားနဲ့ လမ်းရှင်းပြီး လမ်းကောင်းတာကြောင့် ၂၂ မိုင်အကွာအဝေးကို ကားမောင်းချိန် တစ်နာရီဝန်းကျင်အကြာမှာ ရောက်ရှိလာကြတယ်။ အဆိုတော် စိုင်းထီးဆိုင်ရဲ့ လမ်းခေးမြို့အဝင်ကို တွေ့မြင်နေရပါပြီ။

လင်းခေးမြို့အဝင် ကတ္တရာလမ်းဘေးတစ်လျှောက်မှာ တမာပင်တန်းတွေက မြို့အဝင်ဆိုင်းဘုတ်နဲ့အတူရှိနေကြတယ်။ မြို့အဝင်ဆိုင်းဘုတ်မှာ ရေးသားဖော်ပြထားချက်အရ လင်းခေးမြို့ရဲ့ပင်လယ်ရေမျက်နှာပြင်အမြင့်က ၉၉၆ ပေပါ။ မိမိအနေနဲ့ လင်းခေးမြို့ဆိုတာကို ငယ်ရွယ်စဉ်မူလတန်းကျောင်းသားဘဝကတည်းက သိရှိနေခဲ့တယ်။ ပထဝီဝင်ဘာသာရပ်ထဲမှာ ဆေးတံသောက်ဆေးစက်ရုံတည်ရှိသောမြို့ဆိုပြီး ကျက်မှတ်ခဲ့ရတာပါ။ ဒါပေမဲ့ လင်းခေးမြို့က ဘယ်နေရာ၊ ဘယ်ဒေသမှာရှိနေတယ်ဆိုတာကို မသိရှိခဲ့၊ မစဉ်းစားမလေ့လာမိခဲ့ဘဲ စာရအောင်သာ အော်ပြီးကျက်မှတ်နေခဲ့ရတယ်။ နောက်ပိုင်း အရွယ်ရောက်လာတဲ့အချိန်တွေမှာ စိုင်းထီးဆိုင်ရဲ့ဇာတိမြို့ဖြစ်ကြောင်း ထပ်မံအသိတိုးသွားခဲ့ရပေမဲ့ ရောက်ဖူးခြင်းမရှိခဲ့သေးပါဘူး။ ဒ့ါပြင် လင်းခေးမြို့ရှိရာကို သွားရောက်လေ့လာလည်ပတ်မယ်ဆိုပြီး စဉ်းစားစီစဉ်ထားခဲ့ပေမဲ့ အကြောင်းမတိုက်ဆိုင်၊ မညီညွှတ်သေးတာကြောင့် မရောက်နိုင်သေးဘဲဖြစ်နေခဲ့တယ်။ အခုတော့ သွားချင်၊ လာချင်၊ ရောက်ချင်နေတာကြာပြီဖြစ်တဲ့ လင်းခေးမြို့ကို ထင်မှတ်မထားဘဲ ရုတ်တရက်ရောက်လာခဲ့ရပါပြီ။

ဒါပေမဲ့ မိမိအနေနဲ့ ကံကောင်းတာလား၊ ကံဆိုးတာလားဆိုတာကို မပြောတတ်တော့ပါဘူး။ လမ်းတစ်လျှောက်မှာရှိနေတဲ့ မြို့တွေဖြစ်တဲ့ ရွှာင်ကစပြီး အောင်ပန်း၊ ဟဲဟိုး၊ ရွှေညောင်၊ အေးသာယာ၊ တောင်ကြီး၊ ဟိုပုံး၊ မိုင်းပွန်၊ လွိုင်လင်၊ နမ့်စန်၊ မိုးနဲ စတဲ့မြို့တွေအားလုံးကို မြို့တွင်းကနေဖြတ်သန်းလာခဲ့ကြရပြီး အခု လင်းခေးမြို့ကိုရောက်မှ မြို့တွင်းကနေ ဖြတ်သန်းမောင်းနှင်ရမှာမဟုတ်ဘဲ မြို့အပြင် မြို့ရှောင်လမ်းကနေ မောင်းရမယ်ဆိုတာကို သိလိုက်ရတယ်။ လင်းခေးမြို့အဝင်လမ်းလေးအတိုင်းလာခဲ့ရပြီး မြို့ဦးထိပ်ကိုရောက်ရှိနေပြီးမှ မြို့တွင်း၊ မြို့လယ်ကို မရောက်ရတော့ပါဘူး။ ကံဆိုးသွားခဲ့ရပါပြီ။ ဒါပေမဲ့ ကားလေးတွေက မြို့ရှောင်လမ်းကနေ မောင်းနှင်သွားလာနေကြရင်း အချို့နေရာ တောင်ကုန်းအမြင့်အပေါ်စီးကနေ လင်းခေးမြို့ကို ကွက်ကွက်ကွင်းကွင်း မြင်တွေ့ခွင့်ရရှိနေပြန်တယ်။ ဒ့ါပြင် လမ်းတစ်လျှောက်မှာ ရှင်သန်ပေါက်ရောက်နေကြတဲ့ တမာပင်၊ ထနောင်းပင်၊ ကုက္ကိုပင်၊ ထန်းပင်တွေကိုလဲ အံ့သြဖွယ်ရာ မြင်တွေ့နေရသလို လင်းခေးမြို့ထွက် ထန်းရည်စစ်စစ်ရကြောင်းကိုလဲ ထပ်မံသိရှိလိုက်ရတယ်။ ဒါကြောင့် လင်းခေးမြို့ကို ရှမ်းအညာဒေသလို့ တင်စားခေါ်ဆိုကြပြီး ရှမ်းအညာအမည်နဲ့ ကားလိုင်းတွေလဲ ပြေးဆွဲနေကြတာပါ။ လင်းခေးမြို့အဝင်၊ မြို့အထွက်နဲ့ မြို့ရှောင်လမ်းတစ်လျှောက်မှာ တွေ့မြင်သတိထားမိသလောက်ဆိုရင် နေရာတိုင်းမှာတိတ်ဆိတ်ခြောက်ကပ်နေတာကို တွေ့ရတယ်။

လင်းခေးဆိုတာ ရှမ်းဘာသာစကား လန်းခေးကနေ ဆင်းသက်လာတာဖြစ်ပြီး နွယ်ကြိုးနဲ့ပြုလုပ်ထားတဲ့ လင့်စင်လို့ အဓိပ္ပာယ်ရနေတယ်။ ရှေးခေတ်အခါတုန်းက အခုလင်းခေးနေရာမှာ ကျားဆိုးကြီးတွေ သောင်းကျန်းခဲ့ကြတယ်။ အဲဒါကြောင့် ကျားဆိုးကြီးတွေရဲ့အန္တရာယ်ကို ကာကွယ်နိုင်ဖို့အတွက် သစ်ပင်ကြီးတွေပေါ်မှာ နွယ်ကြိုးတွေနဲ့လင့်စင်ထိုးပြီး လွတ်ကင်းအောင်နေထိုင်ခဲ့ကြရတယ်။ ဒ့ါပြင် လင်းခေးဒေသတစ်ဝိုက်မှာ အစဉ်အလာအရ ကျားတံဆိပ်မီးခြစ်ကို အသုံးမပြုရတာမျိုးတွေရှိနေခဲ့တယ်ဆိုပြီး မြို့သမိုင်းစာအုပ်မှာ ရေးသားထားတာကို ဖတ်ရှုလေ့လာရပါတယ်။

လင်းခေးမြို့ရှောင်လမ်းကနေ မြို့အထွက်ကိုရောက်လာတဲ့အခါမှာ မနက် ၁၁ နာရီကျော်နေပြီး မွန်းတည့် ၁၂ နာရီထိုးခါနီးနေပါပြီ။ ဒါကြောင့် ကားဆရာကို နေ့လယ်စာဘယ်မှာစားကြမလဲဆိုပြီး မေးကြည့်တော့ မိုင်းပန်မှာစားကြမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာ မိမိတို့ဖြတ်သန်းရောက်ရှိခဲ့ပြီးဖြစ်တဲ့ မိုင်းပွန်မြို့အပြင် နောက်ထပ်တစ်မြို့ဖြစ်တဲ့ မိုင်းပန်ဆိုတာလဲ ရှိနေပါသေးတယ်။ မိုင်းပန်မြို့က လင်းခေးမြို့နဲ့ ၃၁ မိုင် ကွာဝေးနေသေးတာကြောင့် မိုင်းပန်မြို့ကို မရောက်ခင် နေ့လယ်စာထမင်း မစားသေးခင် ကားလမ်းတစ်လျှောက်မှာရှိနေကြတဲ့ မြင်ကွင်းတွေကို ဆက်လက်ငေးမောကြည့်ရှုရင်း လိုက်ပါလာခဲ့ရတယ်။ လမ်းဘေးဝဲယာ အချို့နေရာတွေမှာ အညာဒေသရဲ့ အမှတ်သင်္ကေတတစ်ခုဖြစ်တဲ့ တမာပင်၊ ကုက္ကိုပင်၊ ထနောင်းပင်၊ ထန်းပင်တွေကို ဆက်လက်မြင်တွေ့နေရဆဲပါ။ ဒီအထဲမှာ ထန်းပင်တွေကို မြင့်မြင့်မားမား၊ ထင်ထင်ရှားရှားနဲ့ မြင်တွေ့နေရတယ်။ ရှမ်းအညာဒေသလို့ခေါ်တဲ့ လင်းခေးမြို့ရဲ့ ရာသီဥတုကြောင့် အညာဒေသမှာ ရှင်သန်ပေါက်ရောက်တဲ့ သစ်ပင်မျိုးနွယ်တွေရှိနေကြပေမဲ့ တကယ့်အညာနဲ့ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ မိရိုးဖလာတွေအပါအဝင် အပြုအမူ၊ အနေအထိုင်၊ အပြောအဆို၊ အစားအသောက်တွေ မတူညီကြပါဘူး။ သူ့ရိုးရာ၊ သူ့ဓလေ့၊ သူ့ဒေသနဲ့သူ ကွဲပြားခြားနားနေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဘာသာတရားနဲ့ယဉ်ကျေးမှုကို အခြေခံထားတဲ့ အလေ့အထ ထုံးတမ်းစဉ်လာတွေက ချစ်ခင်စရာ၊ နှစ်သက်စရာ၊ မြတ်နိုးတွယ်တာစရာ၊ လေးစားစရာ၊ ဂုဏ်ယူဝံ့ကြွားစရာကောင်းနေကြပါတယ်။ မိမိတို့စီးနင်းလိုက်ပါလာတဲ့ ကားလေးတွေကတော့ ရှမ်းအညာလင်းခေးကိုနှုတ်ဆက်ခဲ့ပြီး ရှေ့ခရီးကို ဆက်လက်ဦးတည်မောင်းနေကြဆဲပါ။

# ရေဘေးသင့်ဒေသများတွင် တိုက်နယ်ဆေးရုံတည်ဆောက်ရန် အလိုတော်ပြည့်ကျောင်းတိုက် ဆရာတော်ထံ အနုပညာရှင်များနှင့် စေတနာရှင်များက ငွေကျပ်သိန်း ၁၀၀၀ မတည်လှူဒါန်း



ရန်ကုန် အောက်တိုဘာ ၄

ရေဘေးသင့် ဒေသများတွင် တိုက်နယ်ဆေးရုံ တည်ဆောက်ရန် အလိုတော်ပြည့်ကျောင်းတိုက် (ရန်ကုန်)ဆရာတော်ထံ အောက်တိုဘာ ၃ ရက်က အနုပညာရှင်များနှင့် စေတနာရှင်အလှူရှင်များက ငွေကျပ်သိန်း ၁၀၀၀ မတည်လှူဒါန်းထားပြီး အဆိုပါလှူဒါန်းထားသောငွေများဖြင့် ရေဘေးသင့်ဒေသများတွင် တိုက်နယ်ဆေးရုံတည်ဆောက်သွားမည်ဖြစ်ကြောင်း သရုပ်ဆောင် မျိုးစန္ဒီကျော်က ပြောပြ၍ သိရသည်။

ထိုကဲ့သို့ ဆေးရုံတည်ဆောက်လှူဒါန်းနိုင်ရေးအတွက် အလှူငွေများ ဆက်လက်ကောက်ခံသွားမည်ဖြစ်ပြီး ဆေးရုံတည်ဆောက်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရေဘေးသင့် ဒေသတွေရဲ့ ပြန်လည်ထူထောင်ရေးမှာ ကျန်းမာရေးကဏ္ဍက အရေးကြီးတာကြောင့် ဆေးရုံတည်ဆောက်လှူဒါန်းနိုင်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။ နေရာဒေသနဲ့ အရေအတွက်ကတော့ သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီးတော့ ဆောင်ရွက်ရမှာပါ။ လောလောဆယ် မတည်လှူဒါန်းငွေအနေနဲ့ ငွေကျပ်သိန်း ၁၀၀၀ မတည်ထားပါတယ်"ဟု သရုပ်ဆောင် မျိုးစန္ဒီကျော်က ပြောပြသည်။

ရေဘေးသင့်ဒေသများတွင် ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၌ ကျန်းမာရေးကဏ္ဍသည် အဓိကလိုအပ်ချက်တစ်ခု ဖြစ်သည့်အပြင် ဒေသခံပြည်သူများအတွက် ရေရှည်အားကိုးနိုင်မည့် ဆေးရုံတည်ဆောက် လှူဒါန်းနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိအလိုတော်ပြည့်ကျောင်းတိုက် (ရန်ကုန်) ဆရာတော် ရှင်ကုမာရထံ ဇာတ်ညွှန်း အောင်ကြီး၊ သရုပ်ဆောင် ကျော်ရဲအောင်၊ မျိုးစန္ဒီကျော်နှင့် စေတနာရှင်အလှူရှင်များက ငွေကျပ်သိန်း ၁၀၀၀ မတည် လှူဒါန်းထားကြောင်း သိရသည်။

ASH

# Strobe ဇာတ်ကား၌ မင်းသား ချက်ခရူးဖို့ မင်းသမီး လော်ရာဟာရီယာနှင့် ဆူဇန်နာဆန့်တို့ ပါဝင်သရုပ်ဆောင်ထား

နယူးယောက် အောက်တိုဘာ ၄

Happy Place ရုပ်ရှင်ကုမ္ပဏီ၏ Strobe အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားသစ်၌ မင်းသား ချက်ခရူးဖို့၊ မင်းသမီး လော်ရာဟာရီယာနှင့် ဆူဇန်နာဆန့်တို့ပါဝင်သရုပ်ဆောင်ထားကြောင်း အောက်တိုဘာ ၃ ရက် သတင်းများအရ သိရသည်။

Strobe ဇာတ်ကားသည် ထူးခြားသည့် အနုပညာရှင်တစ်ဦးကို စောင့်ကြည့်နေသော အထက်တန်းကျောင်းသူတစ်ဦး ရင်ဆိုင်ခဲ့ရသည့် ချောက်ချားဖွယ်အဖြစ်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသောဇာတ်ကားဖြစ်သည်။

Strobe ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများကို မကြာသေးမီကပင် ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း Happy Place ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Strobe ဇာတ်ကားကို စာရေးဆရာ ဒါရိုက်တာ တေလာကိုဟင်က ကိုယ်တိုင်ဝတ္ထုဇာတ်ညွှန်းရေး၍ ကိုယ်တိုင်ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Strobe ဇာတ်ကားရုံတင်ပြသမည့်ရက်ကို Happy Place ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# ကလောမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် အနုပညာရှင်များပါဝင်သည့် မေတ္တာအသင်္ချေအဖွဲ့က စားသောက်ကုန်နှင့် အလှူငွေများလှူဒါန်း



ကလော အောက်တိုဘာ ၄

ရှမ်းပြည်နယ် ကလောမြို့နယ်ရှိရေဘေးသင့်ပြည်သူများအတွက် အနုပညာရှင်များ ပါဝင်သည့် မေတ္တာအသင်္ချေအဖွဲ့က စားသောက်ကုန်နှင့် အလှူငွေများကို အောက်တိုဘာ ၃ ရက်က သက်ဆိုင်ရာ ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကွပ်ကဲမှုအဖွဲ့ရုံးများသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း အဆိုပါအဖွဲ့မှ သရုပ်ဆောင် မိုးပြည့်ပြည့်မောင်က ပြောပြ၍ သိရသည်။

အဆိုပါ မေတ္တာအသင်္ချေအဖွဲ့မှ အနုပညာရှင်များသည် ရေဘေးသင့်ပြည်သူများကို တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ အားပေးစကားများ ပြောကြားပေးခြင်း၊ အလှူငွေနှင့် စားသောက်ကုန်များ လှူဒါန်းခြင်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

"မိုးပြည့်ကတော့ အခုလို ရေဘေးနဲ့ပတ်သက်ရင် ကိုယ့်မိသားစုဖြစ်သလိုပဲ ခံစားရပါတယ်။ ဒါကြောင့် မိုးပြည့်တို့နိုင်တဲ့ဘက်က အလှူခံပြီး ရေဘေးအတွက် ပါဝင်လှူဒါန်းဖြစ်ပါတယ်။ ဒါကြောင့် ပွင့်နဒီမောင်တို့နဲ့အတူ အလှူခံတယ်။ ကိုယ်တိုင်အပင်ပန်းခံပြီး သွားလှူဖြစ်ပါတယ်။ မိုးပြည့်နဲ့အတူ သရုပ်ဆောင် စစ်နိုင်၊ နော်မာန်၊ ကြည်ဝင်း၊ ပေါက်စီ၊ ဆက်ထူးသစ်၊ မေသန်းနု၊ ပွင့်နဒီမောင်၊ မေလန်း စတဲ့သူတွေပါဝင်ပြီး ကိုယ်တိုင်သွားရောက်လှူဒါန်းခဲ့ကြပါတယ်"ဟု သရုပ်ဆောင် မိုးပြည့်ပြည့်မောင်က ပြောပြသည်။

မေတ္တာအသင်္ချေအဖွဲ့က အလှူငွေသီးသန့်အနေဖြင့် ငွေကျပ်သိန်း ၁၇၀ အပြင် ဆန် ၂၅ ပြည်အိတ် ၁၀၀၊ စောင်၊ ခေါင်းအုံး၊ ခြင်ထောင် အစုံ ၅၀၊ အိမ်ထောင်စု ၃၀ အတွက် ဆန်၊ ဆီ၊ ဆားအပါအဝင် စားသောက်ကုန် ၁၁ မျိုး၊ ကျောင်းသုံးလွယ်အိတ် ၃၇၀ ကျော်၊ ကျောင်းသုံးဗလာစာအုပ်၊ ဘောပင်၊ ပေတံ၊ ခြံစောင်အထည် ၁၂၀၀၊ ရေသန့်ကတ် ၂၀၀ စုစုပေါင်းပစ္စည်းတန်ဖိုးငွေကျပ်သိန်း ၆၀ ဖြစ်ကြောင်း သိရသည်။

ASH

# Rugrats ကာတွန်းဇာတ်ကားကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန်စီစဉ်

နယူးယောက် အောက်တိုဘာ ၄

၁၉၉၀ ပြည့်နှစ်များအတွင်း ကျော်ကြားခဲ့သည့် Rugrats ကာတွန်းဇာတ်ကားကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန် Paramount ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း အောက်တိုဘာ ၃ ရက်သတင်းများအရ သိရသည်။

Rugrats ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဂျေဆင်မိုးက တာဝန်ယူရိုက်ကူးပေးမည်ဖြစ်ကြောင်း Paramount ရုပ်ရှင်ကုမ္ပဏီက ကြေညာထားသည်။

Rugrats ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မီကေးဒေးနှင့် စတွီတာဆိုက်ဒဲ တို့က တာဝန်ယူရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Rugrats ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို Paramount ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

မူလ Rugrats ကာတွန်းဇာတ်ကားသည် ကလေးငယ်လေးဦးတို့၏ နေ့စဉ်ဘဝစွန့်စားခန်းများကို ရိုက်ကူးထားသော နာမည်ကျော်ကာတွန်းဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Rugrats ဇာတ်ကားစတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Paramount က ကြေညာထားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# ၁၀၄ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၇ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် ဒါရိုက်တာ ဩရသ မိသားစုက အလှူငွေကျပ် သုံးသိန်းလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၄

အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၄ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် ၄၇ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် ရုပ်ရှင်လောကသားများက အလှူငွေများကို ပါဝင်လှူဒါန်းလျက်ရှိရာ အောက်တိုဘာ၃ရက်ကအလှူငွေကျပ်သုံးသိန်းကို ဒါရိုက်တာ ဩရသ မိသားစုက လာရောက် လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၄ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားနှင့် ၄၇ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချိုရပ်ကွက်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(ဗဟို)၌ ကျင်းပမည်ဖြစ်သည့်အတွက် ရုပ်ရှင်လောကသားများ၊ စေတနာရှင်အလှူရှင်များက အလှူငွေများ လာရောက် လှူဒါန်းနေကြောင်း သိရသည်။

"ရုပ်ရှင်သက်ကြီး ပူဇော်ကန်တော့ပွဲကတော့ မကြာခင်ကျင်းပမှာမို့ အနုပညာရှင်၊ အတတ်ပညာရှင်တွေက လှူဒါန်းနေပါတယ်။ ဒါရိုက်တာ ဩရသ မိသားစုကလဲ အလှူငွေကျပ်သုံးသိန်း လာရောက်လှူဒါန်းပါတယ်။ အနုပညာရှင်၊ အတတ်ပညာရှင်တွေသာမက စီးပွားရေးလုပ်ငန်းရှင်တွေကလဲ လာရောက်လှူဒါန်းနေကြပါတတယ်"ဟု ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ASH

# Chairman of State Administration Council Prime Minister of the Republic of Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing sends World Teachers' Day message

**(5 October 2024)**

**Esteemed teachers,**

Teachers of the entire Myanmar, I wish you all physical and mental wellbeing on the World Teachers' Day which falls on 5 October 2024.

In this world, there is no one without a teacher. Everyone has to learn from the teachings from a teacher, through his awareness, eyes and ears. The value of virtues and gratitude of a teacher (Acariya) is infinite. Praising their virtues and gratitude, teachers are honoured in many parts of the world. Since 1994, World Teacher Day celebrations have been held for 31 years with the respective themes, such as, -- **value teachers and enhance their future, teacher's efforts for a beautiful future, equality among teachers ensures a pleasant society, teachers, the source of education reforms** – that are praising the virtues of teachers.

From the ancient times till today, Myanmar has preserved the culture of paying respects to teachers, solemnly keeping in fore their gratitude. According to religious treatises, Aggasavaka Shin Sariputtara, considered the right-hand disciple of Buddha, also kept in the fore Shin Punna, who taught him seven treatises of Visuddhimagga (the seven stages of purification). Whenever he went to bed, the Aggasavaka pointed his head towards the place where Shin Assaji was as the latter was his mentor who taught and showed him the exact Dhamma of Buddha. He repaid his mentor's gratitude by showing his respects.

When King Mindon ascended the throne, the king paid back the gratitude he owed to his childhood educator, San Kyaung Sayadaw, by honouring and supporting the monk. Ancient Myanmar kings always expressed their gratitude towards the monks who showed them the correct path by providing them with monasteries and conferring religious titles on them. Schools and universities in the entire Myanmar are holding ceremonies to pay respects to their teachers in expressing the gratitude they owe to their teachers. It is one of the noble and adorable traditions of Myanmar.

**Paying back the gratitude, an auspicious deed**

**Buddha, Dhamma, Sangha, parents and teachers** are the five infinites of Myanmar society. Parents and teachers are the principal persons in nurturing the new generation, who will shoulder the State duties in the future, to be skilled in arts and science, good persons possessing high moral, discipline and good moral manners. As student youths are green they can become brilliant based on the teachings and molding of their parents and teachers.

Parents teach their children the basic knowledge and dos and don'ts from birth till reaching school age. When children come to the classrooms from the warm embrace of their parents, teachers welcome them with cordiality and kindness regardless of their status. Parents and teachers are the first people to nurture their children and they have influence on them.

Regarding them as their own children, teachers guide their students towards the correct path with goodwill.

Having the seven qualities -- virtues of love, respect and honour, the courage to correct their students without fear of any undesirable results that may occur, answering every question, discuss serious issues, disseminating beneficial knowledge and preventing students from any unbeneficial practices – teachers are shaping their students to become kind-hearted intellectuals by guiding them with goodwill, professionalism and sacrifices in accord with their five tasks – teaching, admonishing, educating, safeguarding and guiding.

Teachers are the persons who can distinguish between right and wrong and good and bad, show the way to escape from darkness, and prevent from falling into darkness. As teachers can spread love among humans, beautify the life of their students and drive away sorrows, they are praised as community leaders.

Teachers change the mindsets of their pupils apart from educating them. They show the way to have sympathy towards fellow humans, and organize the community to pay more attention to the majority's interest than self-interest. They must spread the Myanmar spirit – **respect for elders, equality for peers, and sympathy for juniors**. They must strive for the propagation of the Union Spirit, promoting nationalistic fervor, and strengthening patriotism and enhancing the will to preserve Myanmar heritage.

Earliest implementation of a new education system that ensures skill in multiple fields including physical, intellectual and disciplinary fields is the main duty of teachers. They are also an integral part of the task to generate brilliant human resources for the country. So teachers are the persons of the class that can train generations of human societies to reach the most possible highest point. They are also the persons promoting the society and ensuring peace, while training successive generations to be smart. In this ever changing knowledge age, teachers must continuously study modern contemporary skills and technologies for education promotion and international competitiveness.

As teachers are life-long learners they must be in the process of self-improvement by visiting libraries, reading books and periodicals and applying modern technologies in this ever changing world. They must also guide their students towards the life-long learning process through book reading habits after completion of their school education.

Teachers should train students to become well-disciplined citizens, apart from teaching them to acquire school education, intellectual knowledge and general knowledge. Everyone must understand and observe the laws in the course of building a modern and peaceful and stable country. Universities are teaching legal subjects to disseminate knowledge on law among students and the fundamental courses on legal knowledge should be included in the curriculum of Grade 11 and Grade 12 classes.

As the life of students is determined by the educational skills and willingness of a teacher, teachers must have the necessary education level, goodwill and standard of morality. They must train their students to be the persons who observe discipline, respect time are loyal to the State in accord with the saying, which goes: **Nurture the students to be outstanding and vital in every sector.**

We are now building a modern and developed Union based on democracy and federalism, where development and flourishing of human resources imbued with intellectual and technological knowledge and capability is essential. Teachers must possess the necessary qualifications and must nurture and produce good sons and daughters for the future State who are imbued with five strengths, good morale and knowledge, who have the sense of taking responsibility and accountability, who observe the rule.

As teachers are the persons, nurturing students to become intellectuals and intelligentsia, the program of providing teachers with additional benefits based on education level, uniform and housing allowances and homes began in October 2021 to enable them to live with dignity.

On this Worlds Teachers' Day I would like to seriously urge all to focus on collectively solving the hardships and challenges of teachers in accord with theme **"Valuing Teachers' Voices"** and to train themselves to become human resources that possess a broader scope of knowledge and efficiency in multiple fields for interest of the country and their own interest, while acquiring the knowledge disseminated teachers without fail.

Teachers, I wish you all the best and enjoy physical and mental wellbeing and peace.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Hinthada Township sees surge in 'Kyarbyan' rice exports to Yangon, reaching 82,000 Baskets in September


A pile of rice paddies.

**Hinthada October 4**

Daw Mar Mar Lwin, a rice trading business owner from Hinthada Township, stated that in September, a total of 82,000 baskets of "Kyarbyan" rice were exported and sold to the Yangon market from Hinthada Township in the Ayeyarwady Region.

In August, only 60,000 baskets of "Kyarbyan" rice were exported and sold to Yangon, but by the end of September, the figure had increased to 82,000 baskets.

She mentioned, "Over the past month, we exported and sold 82,000 baskets of 'Kyarbyan' rice to the Yangon market. Hinthada primarily exports rice, rice products, and other agricultural goods to the Yangon market. 'Kyarbyan' rice is one of the premium varieties, and due to high demand from Yangon, exports have increased. The current price of rice is also high, and there is a strong demand for 'Kyarbyan' rice in Yangon this month. Compared to other rice varieties, 'Kyarbyan' rice has seen better trading both in the past month and more recently."

It was also reported that in June, the price of 100 baskets of "Kyarbyan" rice reached 2,250,000 kyats. Due to the good trade of this rice variety, farmers, traders, transport workers, and vehicle rental business owners have benefitted from increased employment opportunities.

Kyaw Kyaw Lin

# U.S. confirms new H5 bird flu human cases in California

**Losangeles October 4**

The U.S. Centers for Disease Control and Prevention (CDC) confirmed two human cases of H5 bird flu in California on Thursday, marking the first H5 human cases in the Golden State.

The cases occurred in people with occupational exposure to infected dairy cows. An investigation led by California is ongoing, according to CDC.

At this time, there is no known link or contact between the first and second confirmed cases in California, suggesting these are separate instances of animal-to-human spread of the virus, according to CDC.

CDC continues to collaborate closely with public health officials in California and other states to control the spread of H5N1 from infected animals to humans.

H5N1 bird flu was detected for the first time in cows this year in the United States. The virus is widespread in wild birds and has caused ongoing outbreaks among poultry in the country since 2022. It has caused rare, sporadic infections in people who work with infected animals, such as dairy cow workers and poultry workers.

So far, 16 human cases of H5 have been reported in the United States in 2024. Six of the reported human cases were linked to exposure to sick or infected dairy cows. Nine cases had exposure to infected poultry, according to CDC.

Xinhua

# Nyaungdon Township ships 66,000 visses of taros to Yangon in Sept

**Nyaungdon October 4**

Up to 66,000 visses of taros from Nyaungdon Township, Ayeyawady Region were sold to the Yangon market during September, said Daw Aye Maw, owner of a greengrocer's fair in Nyaungdon Township.

It is reported that only 41,000 visses of taros were shipped from Nyaungdon Township to the Yangon in August this year.

"The taros shipped from Nyaungdon Township are of good quality. Most of the farm products from Nyaungdon town are transported to the Yangon market. Those local taros were sent to Yangon because there were many buyers in the market. These are local taros planted by the growers here," she said.


Taros to be shipped to Yangon.

The price of taros that was transported from Nyaungdon Township to the Yangon market in August was 66,000 kyats per ten visses. As the taro trade well, the lives of taro growers, traders, cargo workers, and truck rental operators are convenience.

Kyaw Kyaw Lin

# Death toll rises to 87 after ferry sinks in eastern DR Congo: official

**Goma October 4**

At least 87 people were killed Thursday after a ferry sank on Lake Kivu in the eastern Democratic Republic of the Congo (DRC), according to a report by local authorities seen by Xinhua.

The ferry, coming from the town of Minova in the South Kivu province, capsized near the port of Kituku, on the outskirts of Goma, capital of the North Kivu province.

In the report addressed to the central government in Kinshasa, the provincial government also spoke of 78 people still missing. The 87 bodies recovered were transported to the morgue of the general hospital in Goma and nine other survivors were taken to hospital.

The number of passengers aboard the boat remains unknown. Local sources, however, told Xinhua a "significant overload" of the boat.

The boat failed to withstand a violent wave before it capsized about 700 m away from the port, said staff of the Kituku port.

Till late Thursday, the population still gathered at the port of Kituku with anxiety and the hope of finding the bodies of their loved ones, observed Xinhua.

Xinhua



# Farmers finish cultivation of more than 60,000 acres of monsoon paddy this monsoon

**Homalin October 4**

According to the statistics of Homalin District Agriculture Department, local farmers have planted 63,814 acres of monsoon paddy in Homalin Township of Sagaing Region this monsoon.

In 2024-25 monsoon season, the township earmarked 64,850 acres of monsoon paddy but local farmers planted 63,263 acres of monsoon paddy in Homalin Township and 551 acres in Mobailuk, totalling 63,814 acres against the target cultivation.

Daw Su Su Htwe, Head of the District Agriculture Department disclosed, "This year, the district planned to grow 64,850 acres of monsoon paddy but local farmers planted 63,814 acres against the target cultivation. The agricultural officials provided necessary agricultural techniques and quality strains of crops to local farmers and arranged farmers to grow monsoon paddy on time."

In 2024-25 monsoon season, Homalin Township scheduled for growing 64,290 acres of monsoon paddy and Mobailuk 560 acres, totalling 64,850 acres.

This year, officials of relevant township Agriculture Department cooperate with local farmers in solving agricultural problems to grow monsoon paddy.

Officials help local farmers grow monsoon paddy with agricultural techniques, prevention of pests, minimizing loss of crops and keeping harvested crops under shelters in time.

Moreover, agricultural officials assist in selection of quality strains of crops, prevention of pest, weeding of plantations, removal of different crops and systematic use of fertilizers for local farmers.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားက ယူကရိန်းရှိ ရုရှားတပ်ဖွဲ့ဝင်များထံ Pantsir-S လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များ ထပ်မံပေးပို့



ရုရှားနိုင်ငံပိုင် Rostec ကော်ပိုရေးရှင်းကြီး၏ လက်အောက်ခံ High-Precision Systems ကုမ္ပဏီသည် အောက်တိုဘာ ၁ ရက်တွင် Pantsir-S လေကြောင်းရန် ကာကွယ်ရေး လက်နက်စနစ်များကို ယခုနှစ်အတွင်း ရုရှားတပ်မတော်က မှာယူထားသည့် အမှာစာများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ယူကရိန်းရှိရုရှားတပ်ဖွဲ့ဝင်များထံ ထပ်မံပေးပို့နိုင်ခဲ့ကြောင်း ကြေညာခဲ့သည်ဟု Army Recognition သတင်းဌာနက အောက်တိုဘာ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Pantsir-S လက်နက်စနစ်သည် အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်များမှ ပစ်လွှတ်လိုက်သော High-Precision Projectiles ခဲယမ်းများနှင့် ရှုပ်ထွေးနက်နဲသောရေဒါအမှတ်သားဖော်ပြမှုနည်းပါးသည့်ပစ်မှတ်များကို ကြားဖြတ်တိုက်ခိုက်၊ ပစ်ချနိုင်စွမ်းရှိခြင်းကြောင့် ရေပန်းစားကျော်ကြားသည့် လက်နက်စနစ်လည်းဖြစ်သည်။

Pantsir-S လက်နက်စနစ်သည် ရုရှားနိုင်ငံက တီထွင်ထုတ်လုပ်ထားသော ယာဉ်တင် လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်ပြီး အရေးကြီးပစ်မှတ်များကို လေကြောင်းခြိမ်းခြောက်မှုများမှ ကာကွယ်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ၎င်းကို ထရပ်ကားကိုယ်ထည်ပေါ်တွင် တပ်ဆင်ထားပြီး ပုံမှန်အားဖြင့် Ural-53234 8x8၊ Kamaz-6560 8x8 သို့မဟုတ် MAN SX45 အမျိုးအစား ရှစ်ဘီးယက်သံချပ်ကာယာဉ်များ အသုံးပြုထားလေ့ရှိသည်။ အဆိုပါ သံချပ်ကာကိုယ်ထည် ထရပ်ကားများသည် မြေမျက်နှာသွင်ပြင်အမျိုးမျိုးတွင် ရွေ့လျား စစ်ကစားနိုင်စွမ်းမြင့်မားကောင်းမွန်စေမည်ဖြစ်သည်။ လက်နက်စနစ်တွင် 57E6 သို့မဟုတ် 57E6-E မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် ၁၂ စင်းနှင့် 30mm 2A38M အော်တိုမက်တစ်လေယာဉ်ပစ်အမြောက် နှစ်လက် တပ်ဆင်ထားသည်။ ဤလက်နက်များသည် အကွာအဝေးအမျိုးမျိုးမှ ဝင်ရောက်ပျံသန်းလာမည့် လေကြောင်းခြိမ်းခြောက်မှုများကို ထိထိရောက်ရောက် တုံ့ပြန်ဖျက်ဆီးနိုင်စေကြောင်း သိရသည်။

Pantsir-S လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သည် ဒုံးကျည်နှင့် လေယာဉ်ပစ်အမြောက် ဒွန်တွဲပေါင်းစပ်ထားသည့် လက်နက်စနစ်ဖြစ်ပြီး ဒုံးကျည်၏ ထိရောက်အကွာအဝေး တစ်ကီလိုမီတာ မှ ၁၂ ကီလိုမီတာ၊ လေယာဉ်ပစ်အမြောက်၏ ထိရောက်အကွာအဝေးမှာ သုည ဒသမ ၂ မီတာမှ မီတာ ၄၀၀၀ ထိပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ အကွာအဝေးအမျိုးမျိုးမှ ဒရုန်းများ၊ ရဟတ်ယာဉ်များနှင့် ခရုဇ်ဒုံးကျည်များကဲ့သို့ အလွန်လျင်မြန်စွာပျံသန်းဝင်ရောက်လာမည့် လှုပ်ရှားပစ်မှတ်များကိုတိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။

Pantsir-S လက်နက်စနစ်ကို အယ်လ်ဂျီးရီးယား၊ အီရန်၊ အီရတ်၊ ရုရှားနှင့် အာရပ်စော်ဘွားများပြည်ထောင်စု အပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများအပြားတွင် အသုံးပြုလျက်ရှိကြသည်။

တပ်ဖွဲ့ဝင် သုံးဦးဖြင့် ရည်မှန်းချက်တာဝန်ထမ်းဆောင်နိုင်မည့် Pantsir-S လက်နက်စနစ်သည် အလျား ၈ ဒသမ ၁၅ မီတာ၊ အနံ ၂ ဒသမ ၄၇ မီတာရှိပြီး ကျစ်လျစ်စွာ ဖွဲ့စည်းတည်ဆောက်ထားသည့်အတွက် စစ်မြေပြင်တွင် လျင်မြန်စွာ ရွေ့လျားစစ်ကစားမှုနှင့်အတူ အဆင်ပြေစွာ တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်စေမည်ဖြစ်သည်။ လက်နက်စနစ် တိုက်ယာဉ်ထရပ်ကားသည် အကွာအဝေး ကီလိုမီတာ ၈၀၀ ထိ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ပြီး ခြိမ်းခြောက်မှုအသစ်များကိုတုံ့ပြန်ရန် လျင်မြန်စွာ နေရာချထားနိုင်မည်ဖြစ်သည်။

**Russia Accelerates Delivery of Pantsir-S Air Defense System to its Troops in Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## တောင်ကိုရီးယားက KADEX 2024 တွင် ကတ်ထူစက္ကူဖြင့်ပြုလုပ်ထားသော ကင်းထောက်ဒရုန်းကို ထုတ်ဖော်ပြသ

တောင်ကိုရီးယားနိုင်ငံသည် KADEX 2024 ကာကွယ်ရေးပြပွဲတွင် စစ်ဘက်လေကြောင်းဆိုင်ရာ နယ်ပယ်အတွက် ကုန်ကျစရိတ်နည်း ကတ်ထူစက္ကူဖြင့် ပြုလုပ်ထားသည့် PapyDrone-800 ကင်းထောက်ဒရုန်းကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ကင်းထောက်ဒရုန်းသည် ကတ်ထူစက္ကူဖြင့်ပြုလုပ်ထားပြီး အပေါ့စား Fixed-Wing Drone အမျိုးအစားဖြစ်ကာ ထုတ်လုပ်မှုနှင့် တပ်ဖြန့်အသုံးပြုမှု ကုန်ကျစရိတ်များ သိသိသာသာ နည်းပါးစေမည်ဖြစ်သော်လည်း စွမ်းဆောင်ရည်မြင့်မားစွာ ထောက်လှမ်းရေးတာဝန်များ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

PapyDrone-800 ကင်းထောက်ဒရုန်းသည် တောင်ပံအလျား မီလီမီတာ ၈၀၀ နှင့် အမြင့်ဆုံးပျံတက်နိုင်သည့် အလေးချိန်တစ်ကီလိုဂရမ်ရှိသောကြောင့် စစ်မြေပြင်တွင် လျင်မြန်စွာ ဖြန့်ကြက်နိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ဒရုန်းကို လက်ဖြင့်ပစ်လွှတ်နိုင်မှုသည် လွယ်ကူအဆင်ပြေစွာ ယနေ့ခေတ် စစ်မြေပြင်အခြေအနေမျိုးတွင် တန်ဖိုးရှိသော ကင်းထောက်စွမ်းရည်များ ပိုင်ဆိုင်နိုင်စေလိမ့်မည်ဖြစ်သည်။ ဤဒရုန်းသည် အမြင့်ဆုံးအမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ ဖြင့် မိနစ် ၂၀ ပျံသန်းနိုင်သဖြင့် တာတိုအကွာအဝေးကင်းထောက်တာဝန်များကို လုပ်ဆောင်နိုင်သည်။

PapyDrone-800 ကင်းထောက်ဒရုန်းတွင် အချိန်နှင့်တစ်ပြေးညီ ပုံရိပ်များကို ရိုက်ကူးပေးပို့နိုင်သော ထောက်လှမ်းရေးကင်မရာတစ်ခု ပါရှိသည်။ PapyDrone-800 ကင်းထောက်ဒရုန်းသည် အချို့သောတာဝန်များအတွက် ပိုမိုရှုပ်ထွေးပြီး ဈေးကြီးသော ဒရုန်းစနစ်များနေရာတွင် အလားအလာရှိသော အစားထိုးမှုကို ဖြစ်စေသည်။ အဆိုပါစနစ်သည် တိုက်ရိုက်ဗီဒီယိုထုတ်လွှင့်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ပစ်မှတ်များကို ပေးစွမ်းပြီး စစ်ဘက်ဆိုင်ရာ ယူနစ်များ၏ စစ်ဆင်ရေးစွမ်းဆောင်ရည်ကို မြှင့်တင်ပေးသည်။

PapyDrone-800 ကင်းထောက်ဒရုန်း၏ ပေါ့ပါးသောထိန်းချုပ်မှုစနစ်သည် ပျံသန်းမှုလမ်းကြောင်းများ လမ်းကြောင်းပြခြင်းနှင့် အာရုံခံကိရိယာ အချက်အလက် တွက်ချက်လုပ်ဆောင်ခြင်းတို့ကို စီမံခန့်ခွဲပေးကာ စစ်ဆင်ရေးစီမံခန့်ခွဲမှုကို ရိုးရှင်းစေသည်။ သီးခြားအက်ပလီကေးရှင်းတစ်ခုသည် လျင်မြန်သောချိတ်ဆက်မှုနှင့် ဒရုန်းငါးစင်းကို တစ်ပြိုင်နက်တည်း စီမံခန့်ခွဲနိုင်စေကာ စစ်ဆင်ရေးလုပ်ငန်းလည်ပတ်ညှိနှိုင်းမှုကို အကောင်းဆုံးဖြစ်စေကြောင်း သိရသည်။



PapyDrone-800 ကင်းထောက်ဒရုန်းတွင် IPX3 စံနှုန်းနှင့်အညီ ရေစိုခံအကာအရံများပါရှိပြီး ကြမ်းတမ်းသောရာသီဥတုအခြေအနေများတွင်ပင် ၎င်းကိုအသုံးပြုနိုင်ကြောင်းအာမခံထားသည်။

ဤကတ်ထူစက္ကူဒရုန်းသည် လက်ရှိဒရုန်းစနစ်များ၏ ကုန်ကျစရိတ်နှင့် ရှုပ်ထွေးမှုကို ကန့်သတ်ထားချိန်တွင် စစ်မြေပြင်၌ အမှန်တကယ်လုပ်ဆောင်နေသောတပ်ဖွဲ့များအတွက် ထောက်လှမ်းမှုစွမ်းရည်ကိုပေးဆောင်ရန် ဒီဇိုင်းထုတ်ထားသည့် ကုန်ကျစရိတ်ချွေတာသော ဖြေရှင်းချက်တစ်ခုအဖြစ် ရပ်တည်နေသည်။ PapyDrone-800 ကင်းထောက်ဒရုန်းသည် ရိုးရှင်းမှု၊ ကုန်ကျစရိတ်သက်သာခြင်းနှင့် ထိရောက်မှုတို့ကို ပေါင်းစပ်ထားသည့် စစ်ဘက်စောင့်ကြည့်ခြင်းဆိုင်ရာ ချဉ်းကပ်မှုအသစ်ကို ကိုယ်စားပြုသည်။ စစ်မြေပြင်တွင် ဒရုန်းများပျံသန်းရာတွင် သွက်လက်မှုနှင့်တုံ့ပြန်မှုသည် မရှိမဖြစ်လိုအပ်သည့် ခေတ်မီပဋိပက္ခများတွင် အထူးတန်ဖိုးထားသည့် အရည်အသွေးများဖြစ်သည်။

**PapyDrone-800 Cardboard Drone Attracts Armed Forces with its Low Cost at KADEX 2024 ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၁၆၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၁၆၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းကေ ၃၆၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၁၆၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ချောင်းဦးမြို့နယ်အတွင်း နှမ်းကေ ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းလျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နှမ်းကေတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးနေကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ အနေဖြင့်လည်း စိုက်ပျိုးသီးနှံများ ပိုမိုဖြစ်ထွန်းပြီး အကျိုးစီးပွားတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းနေ

**ကျိုက်လတ် အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ဒေသထွက်မုန်လာဥဖြူများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ် ဟင်းသီးဟင်းရွက်စုံရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်အေးအေးမိုးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ဒေသခံတောင်သူများ စိုက်ပျိုးသည့် မုန်လာဥဖြူများထွက်ရှိပြီး အရောင်းအဝယ်ပြုလုပ်နေကြောင်း၊ အဆိုပါဒေသတွင် ထွက်ရှိသည့် မုန်လာဥဖြူများ တစ်ရက်လျှင် ပိဿာချိန် ၁၀၀ မှ ၁၈၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ မုန်လာဥတွေ ထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့ မုန်လာဥဖြူတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ ဒေသထွက်မုန်လာဥဖြူတွေ ဝယ်ယူမှုများလာပြီး အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ လက်ရှိ စက်တင်ဘာလ တတိယပတ်မှစတင်ပြီး ဒီနေ့ထိ အရောင်းအဝယ်ကောင်းနေခဲ့တာဖြစ်ပါတယ်။ ဒေသထွက်မုန်လာဥဖြူတွေအပါအဝင် ကုန်စိမ်းမျိုးစုံကို အခြားဒေသတွေက ဝယ်ယူမှုအားကောင်းနေပါတယ်။ ဒေသထွက်ကုန်တွေပဲ အရောင်းအဝယ်လုပ်ရတော့ သယ်ယူရတာတွေအပါအဝင် အစစအရာရာ အဆင်ပြေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ဟင်းသီးဟင်းရွက်စုံရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်အေးအေးမိုးက ပြောပြသည်။



ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် မုန်လာဥဖြူများကို အရောင်းအဝယ်ပြုလုပ်နေရသည့်အတွက် ကုန်စိမ်းသည်များ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်နေကြောင်း၊ အဆိုပါ မုန်လာဥဖြူ ၁၀ ပိဿာလျှင် ငွေကျပ် ၂၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း ကျိုက်လတ်မြို့နယ် ဟင်းသီးဟင်းရွက်စုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးမိုးက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# သုံးခွမြို့နယ် သုံးခွအနောက်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သုံးခွအနောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူ၊ သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းချိုနှင့် တာဝန်ရှိသူများက သုံးခွအနောက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၅ သိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူနှင့် တာဝန်ရှိသူများက သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုမေးမြန်းပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၄-၁၀-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၈၀၀၀/၁၈၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၅၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၆၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၆၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၇၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးအတွင်း ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကာဂျစ်ဒုတိယဝန်ကြီးချုပ်၊ နီပေါနိုင်ငံခြားရေးဝန်ကြီးတို့နှင့် ဒိုဟာမြို့၌ သီးခြားစီတွေ့ဆုံ



ဒိုဟာ အောက်တိုဘာ ၄

တတိယအကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့(အေစီဒီ)ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ရန် ဒိုဟာမြို့၌ ရောက်ရှိနေသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အောက်တိုဘာ ၃ ရက်က ကာဂျစ်ဒုတိယဝန်ကြီးချုပ် မစ္စတာအီဒေးဘိုင်ဆလေဘ့ဗ်နှင့်လည်းကောင်း၊ နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာအာဇူရာနာဒူဘာနှင့်လည်းကောင်း ဒိုဟာမြို့ရှိ ရစ်ကာလ်တန်ဟိုတယ်၌ တွေ့ဆုံသည်။

ကာဂျစ်ဒုတိယဝန်ကြီးချုပ်နှင့် တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ထည့်သွင်းရှင်းလင်းပြောကြားပြီး မြန်မာ-ကာဂျစ်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာစေရေး၊ ကုလသမဂ္ဂနှင့် အေစီဒီအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် နီပေါနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနှင့် နီပေါနှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၌ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ကျောင်းသားဖလှယ်ရေးအစီအစဉ်များဖော်ထုတ်ရေး၊ အေစီဒီနှင့် ဘင်းမ်စတက်မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများကို တိုက်ဖျက်ရေးနှင့် အွန်လိုင်းလိမ်လည်မှုများပပျောက်ရေးအပေါ် မြန်မာနိုင်ငံက ဆောင်ရွက်နေမှုများကို ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် တတိယအကြိမ် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့(အေစီဒီ)၏ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဒိုဟာမြို့သို့အသွား ဗန်ကောက်မြို့၌ ခရီးတစ်ထောက်ရပ်နားစဉ် အောက်တိုဘာ ၁ ရက်က ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ် ဆတ်ငီယမ်ဖုန်နှင့် ဗန်ကောက်မြို့ရှိ အင်တာကွန်တီနန်တယ်လ်ဟိုတယ်၌ တွေ့ဆုံခဲ့ပြီး မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ အေစီဒီ၊ အာဆီယံနှင့် ဘင်းမ်စတက်မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လာမည့် ၂၀၂၅ ခုနှစ်တွင် အေစီဒီဥက္ကဋ္ဌအဖြစ် တာဝန်လွှဲပြောင်းထမ်းဆောင်မည့် ထိုင်းနိုင်ငံ၏ အရေးပါသည့်အခန်းကဏ္ဍအပေါ် ကြိုဆိုကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းသည်လည်း ထိပ်သီးအစည်းအဝေးကာလအတွင်း အောက်တိုဘာ ၂ ရက်ကကျင်းပခဲ့သည့် စီးပွားရေးဖိုရမ်နှင့် စီးပွားရေးဆိုင်ရာ အစည်းအဝေးများ(B2B Meetings)သို့ တက်ရောက်ကာ စီးပွားရေးဖိုရမ်၌ မိန့်ခွန်းတစ်ရပ် ပါဝင်ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက ၎င်း၏မိန့်ခွန်း၌ အေအိုင်၊ဉာဏ်ရည်တုနည်းပညာ၊ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့် သက်ဆိုင်သည့် စီးပွားရေးပုံစံသစ်များနှင့် ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့သည်။

အလားတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုးသည် အောက်တိုဘာ ၂ ရက်က ကျင်းပခဲ့သည့် အားကစားဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့နယ်တို့ရှိ ပျက်စီးနေသည့်လမ်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို သွားရောက်ကြည့်ရှု

နေပြည်တော် အောက်တိုဘာ ၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ရာဂိမုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပွားခဲ့ပြီး မိုင်းဆတ်မြို့နယ်အတွင်းရှိ ဝမ်ဟုန်-ဆီဟုတ်- မိုင်းယွန်း-ပိန်းခမ်းလမ်းနှင့် မိုင်းတုံမြို့နယ်အတွင်းရှိ မုံးထ-ဆန်ကန်-ခိုင်းလုံလမ်း၊ နားပါကော်-ဟိုပန်-ဟိုရွက်-ဝမ်ဟုန်လမ်းတို့တွင် တောင်များပြိုကျကာ လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါပျက်စီးသွားခဲ့သည့် မိုင်းဆတ်မြို့နယ်အတွင်းရှိ ကျောက်ခင်းလမ်းအရှည် ၆၇ ကီလိုမီတာ၊ အကျယ် ၂၄ ပေရှိ ဝမ်ဟုန်-ဆီဟုတ်-မိုင်းယွန်း-ပိန်းခမ်း လမ်းအား ဒေသခံပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် ခရိုင်ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လမ်းပိတ်ဆို့မှုများအား ဖယ်ရှားရှင်းလင်းခြင်း တာဝန်ယူဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃ ရက်တွင် မော်တော်ယာဉ်များ ပြန်လည်သွားလာနိုင်ပြီဖြစ်သည်။

အလားတူ မိုင်းတုံမြို့နယ်အတွင်းရှိ မြေသားလမ်းအရှည် ကီလိုမီတာ ၄၀၊ အကျယ် ပေ ၂၀ ရှိ မုံးထ-ဆန်ကန်-ခိုင်းလုံလမ်းနှင့် မြေသားလမ်းအရှည် ၅၆ ဒသမ ၄ ကီလိုမီတာ၊ အကျယ် ၁၅ ပေရှိ နားပါကော်-ဟိုပန်-ဟိုရွက်-ဝမ်ဟုန်လမ်းတို့ကို ဒေသခံပြည်သူများ အဆင်ပြေလွယ်ကူစွာသွားလာနိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(မိုင်းတုံ)မှတာဝန်ရှိသူများက လမ်းပိတ်ဆို့မှုများအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃ ရက်တွင် မော်တော်ယာဉ်များ ပြန်လည်သွားလာနိုင်ပြီဖြစ်သည်။

အဆိုပါပျက်စီးသွားခဲ့သည့် လမ်းများ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများကို အောက်တိုဘာ ၃ ရက်တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့နယ်တို့ရှိ ပျက်စီးနေသည့်လမ်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)

# ဟသ်ာတမြို့ ဖောင်ဆိပ်ကျေးရွာအနီးရှိ တာတမံအခြေအနေနှင့် ကမ်းပြိုကမ်းစားအခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကြည့်ရှုစစ်ဆေး

**ပုသိမ် အောက်တိုဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ဟသ်ာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စု ဖောင်ဆိပ်ကျေးရွာအနီးရှိ တာတမံအခြေအနေနှင့် ကမ်းပြိုကမ်းစားအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဟသ်ာတမြို့နယ် ဇရပ်ကွင်းကျေးရွာအုပ်စု သဃ်န်းတောကျေးရွာ၌လည်းကောင်း၊ လေးမျက်နှာမြို့ အမှတ်(၃) ရပ်ကွက်၌လည်းကောင်း၊ တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်းကောက်ယူနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် လေးမျက်နှာမြို့နယ် စတုမုခထူပါရုံစေတီတော်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကာ ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။



ဆက်လက်၍ ငါးသိုင်းချောင်းမြို့ သဘော့ကုန်းကျေးရွာ၌ သန်းခေါင်စာရင်းကောက်ယူနေမှုကိုလည်းကောင်း၊ ငါးသိုင်းချောင်းမြို့ ကျောက်ချောင်းကျေးရွာရှိ တောင်သူဦးအောင်မျိုးထက်၏ စိုက်ဧက ၅ ဒသမ ၈၅ ဧကတွင် ဆင်းသုခစပါးမျိုးကို ကောက်စိုက်စက်များဖြင့် အစားထိုးပြန်လည်စိုက်ပျိုးနေမှုများကိုလည်းကောင်း၊ ငါးသိုင်းချောင်းမြို့ ရှေ့ဆောင်ရပ်ကွက်၌ သန်းခေါင်စာရင်းကောက်ယူနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့နောက် ကျုံပျော်မြို့နယ်အားကစားခန်းမတွင်ပြုလုပ်သည့်တွေ့ဆုံပွဲသို့ တက်ရောက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်သူများအနေဖြင့် မိမိတို့ကျေးရွာအခန်းကဏ္ဍ၌ မိမိတို့တိုင်းဒေသကြီးတည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် နိုးကြားသောအသိ၊ နိုးကြားသောသတိဖြင့် ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်းမြို့နယ်တို့မှ တောင်သူများထံသို့ မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက်ကျုံပျော်မြို့နယ် ရွာသစ်ကုန်းကျေးရွာရှိ တောင်သူ ဦးစိန်မောင်၏ စိုက်ဧက ၃ ဒသမ ၅ ဧကတွင် GW-11စပါးမျိုးကို စံကွက်ရိတ်သိမ်းနေမှုကို လည်းကောင်း၊ ကျောင်းကုန်းမြို့နယ် ပန်းတောရိုးကျေးရွာရှိ တောင်သူဦးအောင်မျိုးသန်း၏ စပါးပျက်စီးစိုက်ဧက ၁၇ ဧကနှင့် တောင်သူ ဦးမင်းမင်းဦး၏ စိုက်ဧက ၁၀ ဧကတွင် ဆင်းသုခစပါးမျိုးကိုကောက်စိုက်သမများ၊ Drum Seederများဖြင့် စိုက်ပျိုးနေမှုကိုလည်းကောင်းကြည့်ရှုအားပေးပြီး ကောက်စိုက်သမများကို စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ❑ သန့်ရှင်းရေးလုပ်ငန်းမှ

ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်တွင် လည်းကောင်း စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေး



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် တာချီလိတ်မြို့အတွင်း သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။



မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကလောမြို့၌ ရေကျဆင်းသွားသဖြင့် တင်ကျန်ခဲ့သောနုန်းများ၊ အမှိုက်များကို ဖယ်ရှားရှင်းလင်းပေးစဉ်။

အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရောပေးအပ်လှူဒါန်းလျက်ရှိသည်။ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

၎င်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့်လမ်း၊ တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများအစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**

## ☆ အားကစားပြိုင်ပွဲမှအဆက်

အားကစားအမျိုးအစားအလိုက် ဆီမီးဖိုင်နယ်ပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားရုံ၌လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ အကြိုဗိုလ်လုပွဲစဉ်အဖြစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး စခန်းမှူးရုံး ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံးစခန်းမှူးရုံး ကိုယ်စားပြုအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ဗိုလ်လုပွဲသို့တက်ရောက်ခဲ့သည်။





အဆိုပါအားကစားပြိုင်ပွဲများသို့ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲ ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

ရှေ့ဖုံးမှအဆက်

မြန်မာနိုင်ငံတွင် မြတ်ဆရာတို့၏ ကျေးဇူးများကို အထူးသိမြင် ဦးထိပ်ပန်ဆင်လျက် ပူဇော်ကန်တော့လာခဲ့ကြသည့်ထုံးတမ်းစဉ်လာမှာ ရှေးနှစ်ပေါင်းများစွာမှစ၍ ယနေ့ထိတိုင်အောင်ဖြစ်သည်။ မြတ်စွာဘုရား၏ လက်ယာတော်ရံအဂ္ဂသာဝကရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် မိမိသိလိုသော ဝိသုဒ္ဓိမဂ်ခုနစ်တန်အကြောင်းကို ဟောပြနိုင်သည့် ရှင်ပုဏ္ဏထေရ်ကို ဦးထိပ်၍ ရွက်ထားလိုသည်ဟု ဆိုမိန့်ခဲ့သည်။ ထို့ပြင် ရှင်အဿဇိထေရ် ဟောကြားသောတရားတော်ကို နာကြားရသည်မှစ၍ ဗုဒ္ဓ၏ တရားမှန်ကို ရခဲ့သည်ဟုဆိုကာ ဆရာဖြစ်သူ ရှင်အဿဇိထေရ်ရှိရာ အရပ်ကို အမြဲတစေ ဦးခေါင်းပြု၍ ကျိန်းစက်တော်မူခဲ့သည်မှာလည်း ဆရာကို ရိုသေမြတ်နိုးခြင်းဖြင့် ကျေးဇူးဆပ်ခဲ့ခြင်းပင်ဖြစ်သည်။

မင်းတုန်းမင်းသည် ငယ်ဆရာစံကျောင်းဆရာတော်အား မိမိဘုရင်ဖြစ်လာသောအခါ ချီးမြှင့်မြှောက်စားခြင်းဖြင့် ကျေးဇူးဆပ်ခဲ့သည်။ ရှေးမြန်မာမင်းတို့သည် မိမိတို့အား တရားပြ၍ဆုံးမသော ရဟန်းတော်တို့၏ကျေးဇူးကိုသိမြင်သည့်အလျောက်ကျောင်းတော်ကြီးများဆောက်လုပ်လှူဒါန်းခြင်း၊ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းတို့ကိုပြု၍ ချီးမြှင့်ခြင်းဖြင့် ကျေးဇူးဆပ်ခဲ့ကြသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နှစ်စဉ် ဆရာကန်တော့ပွဲများကို ကျောင်းအလိုက်၊ တက္ကသိုလ်အလိုက် ကျင်းပပြီး ဆရာ့ဂုဏ်ကျေးဇူးကို မမေ့မလျော့ရိုသေစွာပေးဆပ်နေကြသည့်မြင်ကွင်းများကို တွေ့မြင်ကြရသည်မှာ ဂုဏ်ယူကြည်နူးဖွယ် မြန်မာ့ယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်ပါသည်။

ကျေးဇူးရှိသူကို ကျေးဇူးဆပ်ခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်ပါသည်။မြန်မာ့လူ့အဖွဲ့အစည်းတွင် **"ဘုရား၊တရား၊သံဃာ၊မိဘ၊ဆရာ"** တို့ကို ကျေးဇူးတရားကြီးမားသည့် အနန္တောအနန္တငါးပါးဟုသတ်မှတ်ကြသည်။တိုင်းပြည်၏တာဝန်ကို ပခုံးပြောင်းတာဝန်ယူကြရမည့် မျိုးဆက်သစ်ကျောင်းသား၊ကျောင်းသူများကို ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များ ကျွမ်းကျင်တတ်မြောက်ပြီး ပညာထူးချွန်သည့်လူတော်၊စိတ်ဓာတ်၊စည်းကမ်းနှင့်အကျင့်စာရိတ္တမြင့်မားသည့်လူကောင်းများဖြစ်လာစေရန် ပျိုးထောင်ပေးရာ၌ မိဘနှင့်ဆရာသည် ပဓာနကျပါသည်။ ကျောင်းသား၊ ကျောင်းသူလူငယ်များသည် နုနယ်သူများဖြစ်၍ မိဘ၊ဆရာသမားများ၏ ပုံသွင်းပြုပြင်မှုအပေါ်မူတည်ပြီး လင်းလက်တောက်ပနိုင်ပါသည်။

သားသမီးများအတွက် မိဘများသည် မွေးဖွားသည်မှစ၍ ကျောင်းနေခွင့်မရမီ သိသင့်သိထိုက်၊ ပြောသင့်ပြောထိုက်၊ ပြုမူသင့်ပြုမူထိုက်သည်များကို ဆုံးမသင်ကြားပေးကြပါသည်။ နွေးထွေးသောမိဘရင်ခွင်မှ စာသင်ကျောင်းဆီသို့ ဦးတည်ခိုဝင်လာကြသည့်အခါတွင်လည်း ဆရာ၊ ဆရာမတို့သည် မိမိတို့၏ တပည့်များကို ဆင်းရဲချမ်းသာမရွေး၊ အယုတ်အလတ်အမြတ်မရွေး နွေးထွေးသော ကြင်နာစွာလက်ကမ်း၍ မေတ္တာဖြင့် ကြိုဆိုခဲ့ကြသည်။**"လက်ဦးဆရာ၊မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖ"** သည် ကလေးသူငယ်များ၏ ကိုယ်ရည်ကိုယ်သွေးကို ပထမဦးဆုံးလွှမ်းမိုးပြုစုပျိုးထောင်သူများဖြစ်ကြပါသည်။ တပည့်များကို မိမိတို့၏ သားသမီးအရင်းကဲ့သို့ သဘောထားကာ တပည့်များ၏ဘဝ မတိမ်းစောင်းစေရန် မှန်ကန်တည့်မတ်အောင်မြင်ကြစေရန် စေတနာဖြင့် ပဲ့ပြင်ထိန်းကျောင်းပေးခဲ့ကြပါသည်။

ရိုသေထိုက်သော ဂုဏ်ရှိခြင်း၊ ချစ်ခင်ထိုက်သော ဂုဏ်ရှိခြင်း၊ချီးမွမ်းထိုက်သောဂုဏ်ရှိခြင်း၊တပည့်များလွဲမှားနေလျှင် အမုန်းခံ၍ တည့်မတ်ပေးခြင်း၊မေးလာသမျှကို ဖြေဆိုပေးနိုင်ခြင်း၊နက်နဲသော သဘောတရားကို ဟောကြားပေးနိုင်ခြင်း၊ အကျိုးနည်းမည့်နေရာကို မတိုက်တွန်းဘဲ အကျိုးများမည့်နေရာကို တိုက်တွန်းခြင်းဟူသည့် ဆရာ့အင်္ဂါခုနစ်ပါးနှင့်ပြည့်စုံသောဆရာတို့သည် **"အတတ်လည်း သင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ"**ဟူသော ဆရာ့ဝတ္တရားငါးပါးနှင့်အညီ စေတနာ၊ ဝါသနာ၊ အနစ်နာဟူသည့် နာသုံးနာဖြင့် တပည့်တို့အား ပညာပြည့်ဝနှလုံးလှအောင် ပညာသင်ကြားပေးကြပါသည်။ မေတ္တာကရုဏာဖြင့် လမ်းမှားသို့မရောက်အောင် လိမ္မာယဉ်ကျေးအောင်ပဲ့ပြင်ဆုံးမပေးကြပါသည်။ထို့ကြောင့် သင်ဆရာ(မုတာစရိယ)၊ မြင်ဆရာ(ဒိဋ္ဌာစရိယ)၊ ကြားဆရာ(သုတစရိယ) အစရှိသောပညာဖြန့်ဝေပေးသူကို **"အာစရိယဆရာ"**ဟူ၍လည်းကောင်း၊ တပည့်တို့ကို လိမ္မာအောင် ပဲ့ပြင်သွန်သင်ဆုံးမပေးသူကို **"ဥပဇ္ဈာယ်ဆရာ"**ဟူ၍လည်းကောင်း ခေါ်ဆိုကြပါသည်။ ဤကြီးမြတ်လှသော ဂုဏ်ဒြပ်နှစ်ရပ်နှင့် ကုံလုံပြည့်စုံသော ကျေးဇူးရှင်ဆရာများ၏ တန်ဖိုးကားတုနှိုင်း၍ မရနိုင်ပါ။

ဆရာသည် အမှားနှင့် အမှန်ကို ခွဲခြားနိုင်စေရန်၊ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးကို မှန်ကန်စွာနားလည်ပြီး အမှောင်တွင်းမှ လွတ်မြောက်စေရန်၊ အမှောင်ထုအတွင်း မကျရောက်စေရန် ဆောင်ရွက်ပေးနေကြသူများဖြစ်ကြပါသည်။ ဆရာသည် လူသားအချင်းချင်းချစ်မြတ်နိုးကြစေရန် လုပ်ပေးနိုင်သူ၊ တပည့်များ၏ဘဝနှင့် လောကကို အလှဆင်ပေးသူ၊ သောကကို ဖြေဖျောက်ပေးသူများဖြစ်ကြသဖြင့် လူ့အဖွဲ့အစည်း၏ ခေါင်းဆောင်ဟုပင် တင်စားသတ်မှတ်ကြပါသည်။

ဆရာတို့သည် တပည့်များကို စာကိုလည်းသင်၍ စိတ်ကိုလည်းပြင်ပေးကြရပါမည်။ လူသားအချင်းချင်းအပေါ် ကိုယ်ချင်းစာစိတ်ထားတတ်အောင် လမ်းပြပေးကြရပါမည်။ အတ္တကိုယ်ကျိုးနှင့်ယှဉ်၍ ပရဟိတ အများအကျိုးဆောင်လိုစိတ်များဖြစ်ပေါ်လာအောင် အသိပညာပေး ဆုံးမကြရပါမည်။ **"ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား"**ဟူသည့် မြန်မာ့စိတ်ထားကို နှလုံးသားတွင် စိမ့်ဝင်နေအောင် လမ်းညွှန်ပေးကြရပါမည်။ နိုင်ငံ့အတွက် အမျိုးသားရေးတာဝန်များ ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေး၊ တိုင်းချစ်ပြည်ချစ်စိတ်ကိန်းအောင်းတိုးပွားလာစေရေး၊မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကိုလည်း သွန်သင်ညွှန်ပြပေးကြရပါမည်။

**ဆရာကောင်းတစ်ဦး ဖြစ်ရမည့်အချက်များနှင့် ကိုက်ညီအောင် ကျင့်ကြံအားထုတ်ပြီး ဗလငါးတန်နှင့် ပြည့်စုံသော၊ တာဝန်ယူမှု တာဝန်ခံမှုရှိသော၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသော နိုင်ငံ့အကျိုး သယ်ပိုးကြမည့် အနာဂတ် နိုင်ငံ့သားကောင်း သမီးကောင်းရတနာများဖြစ်လာရန် လေ့ကျင့်ပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလို...**

ကာယ၊ ဉာဏ၊ စာရိတ္တဆိုင်ရာဘက်စုံကျွမ်းကျင်သော စနစ်သစ်ပညာရေး အလျင်အမြန်အောင်မြင်စေရန်မှာ ဆရာတို့၏အဓိကတာဝန်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်အတွက် အရည်အသွေးပြည့်ဝသည့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးရေးတွင် ဆရာသည်သာ အခရာဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံ့လူ့အဖွဲ့အစည်း၏ မျိုးဆက်တိုင်း တော်သလောက်ကောင်းစေရန် လေ့ကျင့်ပေးနိုင်သည့်လူတန်းစားမှာ ဆရာများသာ ဖြစ်ကြပါသည်။ လူသားမျိုးဆက်ကို ထက်မြက်အောင် လေ့ကျင့်ပေးပြီး အဖွဲ့အစည်းကို မြင့်မားစေရန်၊ ငြိမ်းချမ်းစေရန် လုပ်ဆောင်နေကြသူများမှာလည်း ဆရာများပင်ဖြစ်ပါသည်။ အစဉ်တိုးတက်ပြောင်းလဲနေသော ပညာခေတ်တွင် ဆရာသည် မိမိနိုင်ငံသားများ ပညာရည်မြင့်မားရေး၊နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေးအတွက် ခေတ်မီအတတ်ပညာများ၊နည်းပညာများကို အစဉ်လေ့လာဆည်းပူးဖြည့်ဆည်းနေကြရမည်ဖြစ်ပါသည်။

ဆရာ၊ ဆရာမများသည် ဘဝတစ်လျှောက် အမြဲသင်ယူလေ့လာနေရသူများဖြစ်သဖြင့် အစဉ်ပြောင်းလဲနေသော ခေတ်နှင့်အညီစာကြည့်တိုက်များ၊ စာအုပ်စာစောင်များနှင့်ခေတ်မီနည်းပညာများကို အသုံးပြုပြီး မိမိတို့၏အရည်အသွေးများ တိုးတက်နေအောင် ကိုယ်တိုင်လေ့လာသင်ယူဆည်းပူးနေကြရန်လိုအပ်ပါသည်။မိမိသာမက မိမိတပည့်များကိုလည်း ကျောင်းပညာ၊အတန်းပညာများပြီးဆုံးပြီးနောက် စာအုပ်စာပေဖတ်ရှုကာ ဘဝတစ်သက်တာလေ့လာသင်ယူတတ်သူများဖြစ်စေရန် လမ်းညွှန်ပြသပေးကြရမည်ဖြစ်ပါသည်။

ဆရာများသည် တပည့်များအား ပညာကို တတ်မြောက်အောင် သင်ကြားပေးကာ အသိအမြင်၊ဗဟုသုတများရှိအောင် လမ်းညွှန်ပြသရန်လိုအပ်သကဲ့သို့ စည်းကမ်းလိုက်နာတတ်သော နိုင်ငံသားများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသော နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် ဥပဒေကို လူတိုင်းသိရှိလိုက်နာရမည်ဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများ ဥပဒေပိုင်းဆိုင်ရာအသိအမြင်များရရှိနိုင်ရေး ဥပဒေပညာရပ်ကို တက္ကသိုလ်များတွင် သင်ကြားပေးလျက်ရှိသကဲ့သို့ Grade 11 နှင့် Grade 12 အတန်းများတွင် ဥပဒေပိုင်းဆိုင်ရာ အခြေခံအသိအမြင်များကို သင်ကြားပို့ချပေးကြရမည်ဖြစ်ပါသည်။

ဆရာတစ်ယောက်၏ ပညာအရည်အချင်းနှင့် စိတ်စေတနာတို့အပေါ်တွင် ကျောင်းသား၊ကျောင်းသူတို့၏ဘဝအကောင်းအဆိုးသည် တည်မှီနေသောကြောင့် ဆရာတို့တွင် ရှိအပ်သော ပညာအရည်အချင်း၊ စိတ်စေတနာနှင့် အကျင့်သိက္ခာတို့ကို အမြဲတစေ ဖြည့်ဆည်းထိန်းသိမ်းကြရပါမည်။ **"တပည့်များစွာ၊ ငါ့ထက်သာ၍၊ နေရာတိုင်းမှာ အရေးပါ"** ဆိုသည့်စကားနှင့်အညီ စည်းကမ်းရှိသော၊အချိန်လေးစား၊ နိုင်ငံတော်အပေါ် သစ္စာစောင့်ထိန်းသူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးကြရပါမည်။

ယခုအခါ မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်လျက်ရှိရာ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် ပင်ကိုအရည်အချင်း၊စွမ်းရည်များပြည့်စုံသည့်လူ့စွမ်းအားအရင်းအမြစ်များတိုးတက်ရှင်သန်အားကောင်းနေရန် လိုအပ်ပါသည်။ ထို့ကြောင့် ဆရာကောင်းတစ်ဦးဖြစ်ရမည့်အချက်များနှင့်ကိုက်ညီအောင် ကျင့်ကြံအားထုတ်ပြီး ဗလငါးတန်နှင့်ပြည့်စုံသော၊ တာဝန်ယူမှုတာဝန်ခံမှုရှိသော၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသော နိုင်ငံ့အကျိုးသယ်ပိုးကြမည့် အနာဂတ်နိုင်ငံ့သားကောင်း သမီးကောင်းရတနာများဖြစ်လာရန် လေ့ကျင့်ပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ဆရာ၊ဆရာမများသည် တပည့်များကို အသိပညာရှင်၊အတတ်ပညာရှင်များဖြစ်လာစေရန် သင်ကြားပြသပေးနေကြသည်ဖြစ်ရာ ဆရာ၊ဆရာမများ ဆရာ့ဂုဏ်သိက္ခာနှင့်အညီ ရပ်တည်နိုင်ရေးအတွက် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်ပြီး ပညာအရည်အချင်းအလိုက် ခံစားခွင့်များထပ်ဆောင်းချီးမြှင့်ခဲ့ကာ ဝတ်စုံစရိတ်၊ အိမ်ငှားစရိတ်ထောက်ပံ့ပေးသကဲ့သို့ ဆရာ၊ ဆရာမအိမ်ရာများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အတွက် ဆောင်ပုဒ်အဖြစ် "ဆရာများ၏ ရင်ဖွင့်သံကို အလေးထားကြပါစို့(Valuing Teachers' Voices)" ဟုသတ်မှတ်ထားသည်နှင့်အညီ ဆရာများရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲ၊ စိန်ခေါ်မှုများကို အာရုံစိုက်ဖြေရှင်းပေးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်နှင့် ဆရာများ၏ ကျွမ်းကျင်သော အတတ်ပညာများကို အမိအရ ရယူကြ၍ မိမိတို့ဘဝနှင့် နိုင်ငံတော်အတွက် အသိပညာကြွယ်ဝပြီး ဗလငါးတန်နှင့်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များရရှိအောင် သင်ယူလေ့လာကြပါရန် ကမ္ဘာ့ဆရာများနေ့ အခါသမယတွင် အလေးအနက်တိုက်တွန်းအပ်ပါသည်။

**ဆရာ ဆရာမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာလျက် သာယာချမ်းမြေ့ကြပါစေ။**

## စစ်တောင်းမြစ်ရေနှင့် သောင်ရင်းမြစ်ရေအခြေအနေ

နေပြည်တော် အောက်တိုဘာ ၄

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့်ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ (၄-၁၀-၂၀၂၄)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မြိတ် | ၃ | ဒသမ | ၀၇ | လက်မ | ကော့ကရိတ် | ၁ | ဒသမ | ၈၁ | လက်မ |
| သရက် | ၂ | ဒသမ | ၃၆ | လက်မ | ဟုမ္မလင်း | ၁ | ဒသမ | ၆၁ | လက်မ |
| မြဝတီ | ၂ | ဒသမ | ၀၅ | လက်မ | တမူး | ၁ | ဒသမ | ၅၈ | လက်မ |
| ကျောက်ဖြူ | ၁ | ဒသမ | ၉၃ | လက်မ | ခရမ်း | ၁ | ဒသမ | ၅၈ | လက်မ |
| ဟိုင်းကြီးကျွန်း | ၁ | ဒသမ | ၉၃ | လက်မ | သာယာဝတီ | ၁ | ဒသမ | ၅၄ | လက်မ |

# ပိဋကသုံးပုံ ပါဠိတော်ဆဋ္ဌသင်္ဂါယနာမူ မြန်မာ၊ ရိုမန် ၅၃ ကျမ်း၏(In Design-AI+ Offset Form)(softy copy)(Hard disk)ကို ပေးအပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၄**

ပိဋကသုံးပုံ ပါဠိတော်ဆဋ္ဌသင်္ဂါယနာမူ ကျမ်းစာအုပ်များ စိစစ်တည်းဖြတ်ရေး ကော်မတီဝင် ဆရာတော်ကြီးများက မြန်မာ၊ ရိုမန်အက္ခရာဖြင့် စိစစ်တည်းဖြတ်ထားပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ကျောက်ထက်အက္ခရာ ရေးထိုးထားသော ပိဋကသုံးပုံပါဠိတော် ဆဋ္ဌသင်္ဂါယနာမူ ၅၃ ကျမ်း၏ (In Design–AI+ Offset Form)(softy copy) (Hard disk)ကို မြန်မာ၊ ရိုမန်အက္ခရာဖြင့် စိစစ်တည်းဖြတ်ရာတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ပထမပြောက်ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသနှင့်အတူ ပါဝင်ဆောင်ရွက်ခဲ့သော ဗီယက်နမ်နိုင်ငံသား ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုသလဂုဏ၏ မေတ္တာရပ်ခံချက်အရ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပ တိုးတက်ပြန့်ပွားစေရန်နှင့် ဗီယက်နမ်နိုင်ငံတွင် ပိဋကသုံးပုံ ပါဠိတော်ဆဋ္ဌသင်္ဂါယနာမူ ၅၃ ကျမ်းကို ရွတ်ဖတ်ပူဇော်နိုင်ရေးအတွက် စာအုပ်ပုံနှိပ်ထုတ်ဝေနိုင်ရန် မေတ္တာရပ်ခံလာသဖြင့် အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗဟိုဆောင် ဘာဝနာမဟာသဘာတရားထိုင်ခန်းမ၌ ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဇော်ဇော်ဦးနှင့် ကျမ်းစာအုပ်များ ပုံနှိပ်ထုတ်ဝေရေးကော်မတီဝင်တို့က ဗီယက်နမ်နိုင်ငံမှ ဆရာတော်ကိုယ်စား အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါရဂူဘွဲ့သင်တန်းသား ဗီယက်နမ်ရဟန်းတော် ဘဒ္ဒန္တပညာဒီပ(Vo Van Nhut) နှင့် ဗီယက်နမ် ရဟန်းတော်များ၊ သီလရှင်များထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)




## ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး။

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး။

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်ရေး။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# သိစေ ကြားစေ ညွှန်းသက်သေ

**မင်းခန့်**

သိစေ၊ ကြားစေချင်တဲ့ အကြောင်းအရာကတော့ “ငါနဲ့မတူ၊ ငါ့ရန်သူ”အယူအဆနဲ့ သူတို့ကိုမထောက်ခံရင် အပြစ်မဲ့ပြည်သူတွေကို ရက်ရက်စက်စက် သတ်ဖြတ်နေတဲ့ CRPH၊ NUG နဲ့ သူ့ရဲ့လက်ဝေခံ PDF အဖွဲ့များရဲ့ အကြမ်းဖက်လုပ်ရပ်များဖြစ်ပါတယ်။

**ညွှန်းဆိုချင်တဲ့ သက်သေကတော့ အဲဒီအကြမ်းဖက်အဖွဲ့တွေရဲ့ ဆင်ခြင်တုံတရားကင်းမဲ့စွာ အပြစ်မဲ့ပြည်သူများအပေါ် သတ်ဖြတ်နေတဲ့ ခိုင်မာတဲ့ သက်သေအထောက်အထားများဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတော်အစိုးရက တည်ဆဲဥပဒေများနဲ့အညီ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကမ္ဘာသိ သတ်မှတ်ကြေညာထားတဲ့ CRPH၊ NUG၊ PDF အဖွဲ့တွေနဲ့ NUG ကို ကိုယ်စားပြုထားတဲ့ လူပုဂ္ဂိုလ်တွေကို ထိတွေ့ဆက်ဆံ အားပေးထောက်ခံနေတဲ့ တချို့နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပြည်တွင်းပြည်ပက လူပုဂ္ဂိုလ်များကို သိစေ၊ ကြားစေချင်တာဖြစ်ပါတယ်။**

၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တွေနောက်ပိုင်း ဆူပူဆန္ဒပြမှုတွေကတစ်ဆင့် အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်ပေါ်နေရခြင်းရဲ့ အကြောင်းရင်းက အကြမ်းဖက်သမား CRPH နဲ့ NUG အဖွဲ့ဝင်တွေက နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်နဲ့ ရယူဖို့ကြိုးစားနေခြင်းကြောင့်ဖြစ်ပါတယ်။ NUG နဲ့ သူ့ရဲ့လက်ဝေခံ PDF တွေအနေနဲ့ မြန်မာပြည်တွင်းမှာ အပြစ်မဲ့ပြည်သူတွေကို ပစ်မှတ်ထားပြီး အကြမ်းဖက်သတ်ဖြတ်မှုတွေ ကျူးလွန်နေတာ အားလုံးအသိပဲဖြစ်ပါတယ်။ ငြင်းလို့မရတဲ့သက်သေအထောက်အထားတွေအရ အကြမ်းဖက် NUG အဖွဲ့ရဲ့



စစ်ကိုင်းမြို့နယ်၊ ကြွယ်ပုံကျေးရွာမှ ဒေသခံပြည်သူများ တောင်ယာလုပ်ကိုင်ရန် သွားရောက်စဉ် PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် သေဆုံးခဲ့ရသူများ

“ငါနဲ့မတူ၊ ငါ့ရန်သူ” အယူအဆကြောင့် ပြည်သူအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ပြားပြီး ဒလန်ခေါင်းစဉ်နဲ့ လုပ်ကြံသတ်ဖြတ်မှုတွေ၊ NUG ကို မထောက်ခံတဲ့ ကျေးရွာများကို တိုက်ခိုက်မှု၊ မီးရှို့ဖျက်ဆီးမှုတွေ လုပ်ဆောင်နေကြတာ စိတ်မကောင်းဖွယ်ရာ မြင်တွေ့ကြရမှာဖြစ်ပါတယ်။ အဆိုးရွားဆုံးကတော့ NUG၊ PDF တွေကို အားပေးထောက်ခံခြင်းမပြုတဲ့ အပြစ်မဲ့ပြည်သူတွေကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များ၊ ဒရုန်းများ အသုံးပြုပြီး အပြစ်မဲ့ပြည်သူတွေကို ပစ်ခတ်တိုက်ခိုက်ခြင်းတွေကို ဆင်ခြင်တုံတရားကင်းမဲ့စွာ PDF များက လုပ်ဆောင်လျက်ရှိနေတာကိုလည်း လူမှုကွန်ရက်သတင်းများမှာ မကြာခဏမြင်တွေ့ကြားသိနေရပါတယ်။

လတ်တလော စိတ်မကောင်းစရာဖြစ်စဉ်ကတော့ အကြမ်းဖက် NUG အဖွဲ့ရဲ့ လက်အောက်ခံ PDF အဖွဲ့တစ်ဖွဲ့က စက်တင်ဘာ ၁၇ ရက်မှာ စစ်ကိုင်းတိုင်းဒေသကြီး ကြွယ်ပုံကျေးရွာအနီး တောင်ယာလုပ်ဖို့သွားတဲ့ မော်တော်ယာဉ်နှစ်စီးကို လက်နက်ကြီး၊ လက်နက်ငယ်များနဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့လို့ အမျိုးသမီး ၁၂ ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့တဲ့ဖြစ်စဉ်ဖြစ်ပါတယ်။

ဒီဖြစ်စဉ်မှာ သေဆုံး၊ ဒဏ်ရာရခဲ့တဲ့ အမျိုးသမီးများဟာ အသက် ၁၉ နှစ်ကနေ ၃၂ နှစ်ကြား အရွယ်ကောင်း အမျိုးသမီးငယ်လေးများဖြစ်ပြီး ညီအစ်မအရင်း သုံးယောက်ပါဝင်ကြောင်း သိရှိရပါတယ်။ ကြွယ်ပုံကျေးရွာဟာ တောင်ယာအလုပ်ကိုပဲ အများစုလုပ်ကိုင်ကြပြီး နိုင်ငံရေးအရှုပ်အထွေးတွေမှာ ဝင်ရောက်ပတ်သက်လေ့မရှိသလို အကြမ်းဖက်မှုတွေနဲ့ တရားမဝင်လက်နက်ကိုင်မှုတွေကိုလည်း ထောက်ခံအားပေးခြင်း မရှိတဲ့ရွာဖြစ်ပါတယ်။ ကြွယ်ပုံကျေးရွာအနီး လှုပ်ရှားနေတဲ့ PDF အဖွဲ့တွေကို လက်မခံသလို ရိက္ခာ၊ ဆက်ကြေးထောက်ပံ့မှုများ မလုပ်တဲ့ ကျေးရွာတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်လည်း PDF အဖွဲ့တွေက အငြိုးအတေးထားပြီး ဆက်ကြေးပေးရန် ပျက်ကွက်ခြင်း၊ သူတို့ကိုထောက်ခံအားပေးမှုမပြုလုပ်ခြင်း အကြောင်းပြချက်တွေနဲ့ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် တောင်ယာလုပ်ကိုင်ဖို့ထွက်ခွာလာတဲ့ အမျိုးသမီးငယ်အများစုပါဝင်တဲ့ မော်တော်ယာဉ်ကို ကျေးရွာရဲ့ အရှေ့မြောက်ဘက် မီတာ ၁၃၀၀ ခန့်အကွာအရောက်မှာ အကြမ်းဖက်သမား PDF အင်အား ဦးရေ ၃၀ ခန့်က ၄၀ မမ လောင်ချာများအပါအဝင် လက်နက်ငယ်များဖြင့် ရက်ရက်စက်စက် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်း ဖြစ်ပါတယ်။

ဒီဖြစ်စဉ်မှာ ထိခိုက်သေဆုံးခဲ့ရတဲ့ အပြစ်မဲ့ပြည်သူများဟာ စစ်ဘက်နှင့်သက်ဆိုင်ခြင်း မရှိသလို ရိုးသားစွာတောင်ယာလုပ်ငန်းကိုလုပ်ကိုင်စားသောက်နေကြတဲ့ ဒေသခံများသာဖြစ်ပါတယ်။ PDF တွေရဲ့ ဆင်ခြင်တုံတရားကင်းမဲ့စွာ လက်ရဲဇက်ရဲ ပစ်ခတ်တိုက်ခိုက်မှုဟာ စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းဖြစ်သလို ဘယ်လိုမှလက်ခံလို့မရနိုင်တဲ့ အကြမ်းဖက်လုပ်ရပ်ဖြစ်ပါတယ်။ ထိခိုက်သေဆုံးခဲ့ရတဲ့ အမျိုးသမီးငယ်လေးများရဲ့ မိသားစုဝင်များသာမက မြင်တွေ့ကြားသိရတဲ့ ပြည်သူများကလည်း အကြမ်းဖက်သမား PDF တွေကို ရွံရှာစက်ဆုပ်မုန်းတီးလျက်ရှိပါတယ်။

အလားတူဖြစ်စဉ်မျိုး ၂၀၂၄ ခုနှစ် မေ ၉ ရက်မှာ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆုံရွာကျေးရွာမှာလည်းဖြစ်ခဲ့ပါတယ်။ ဆုံရွာကျေးရွာက ရွာသူရွာသားများဟာ NUG၊ PDF အဖွဲ့များကို လုံးဝမထောက်ခံဘဲ ကျေးရွာလုံခြုံရေးအတွက် ပြည်သူ့စစ်ဖွဲ့စည်းပြီး ကိုယ့်မြို့ကိုယ့်ရွာ လုံခြုံရေးကို ဆောင်ရွက်နေကြသူများဖြစ်ပါတယ်။ ဒါကြောင့် PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက ရည်ရွယ်ချက်ရှိရှိနဲ့ ဆင်ခြင်တုံတရားကင်းမဲ့စွာ ကျေးရွာအတွင်းကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့လို့ အပြစ်မဲ့ပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၂ ဦး သေဆုံးကာ အမျိုးသား ငါးဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄ ဦး ဖုံးစထိမှန်ဒဏ်ရာရရှိခဲ့ပြီး သေဆုံးသူများထဲမှာ ကလေးငယ်များလည်းပါဝင်ကြောင်း ကြားသိရလို့ တုန်လှုပ်ချောက်ချား၊ ဝမ်းနည်းကြေကွဲဖွယ်ရာ သတင်းအဖြစ် ပြည်သူအများ ခံစားခဲ့ရပါတယ်။ ရိုင်းစိုင်းယုတ်မာရက်စက်တဲ့ PDF အမည်ခံ အကြမ်းဖက်သမားများဟာ ၎င်းတို့ဆုတ်ခွာချိန်မှာ ကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့ကြလို့ နေအိမ် ၅၀ ခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရှိရပါတယ်။

ဒီဖြစ်စဉ်ကို ကြားသိရတဲ့ ပြည်သူများအနေဖြင့် NUG၊ PDF တို့ရဲ့ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်ခံနိုင်ခြင်းမရှိသဖြင့် စက်ဆုပ်ရွံရှာမုန်းတီးမှုများ ဖြစ်ပေါ်လာပြီး လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်း ၂၀ ကျော်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားကြေညာချက်များ ထုတ်ပြန်ခဲ့ကြပါသည်။

ဒီလို ဆိုးရွားရက်စက်တဲ့ အစုလိုက်အပြုံလိုက် ပြည်သူတွေသတ်ဖြတ်ခံရခြင်းဟာ CRPH မှတစ်ဆင့် ပေါ်ပေါက်လာတဲ့ NUG အဖွဲ့က လက်နက်၊ ခဲယမ်း၊ ငွေကြေးထောက်ပံ့ပေးထားတဲ့ လက်ကိုင်တုတ် PDF အကြမ်းဖက်သမားများကြောင့်ဖြစ်တာကို အငြင်းပွားဖွယ်ရာမရှိ ရှင်းလင်းပြတ်သားစွာ မြင်တွေ့ကြရမှာဖြစ်ပါတယ်။

**ဒီလိုအပြစ်မဲ့ပြည်သူတွေမှန်းသိလျက်နဲ့ ရက်ရက်စက်စက် ရိုင်းစိုင်းယုတ်မာစွာ လုပ်ကြံသတ်ဖြတ်၊ ပစ်ခတ်တိုက်ခိုက်တဲ့ဖြစ်စဉ်တွေ အများအပြားရှိနေပြီး လေ့လာစောင့်ကြည့်ရေးအဖွဲ့တွေရဲ့ မှတ်တမ်းများအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၅ ရက်ထိ အကြမ်းဖက်အဖွဲ့ NUG ရဲ့ စေခိုင်းချက်အရ အကြမ်းဖက်သမား PDF တွေရဲ့ လက်ချက်ဖြင့် သေဆုံးရသူ ၆၆၆၇ ဦး ရှိပြီဖြစ်ကြောင်း သိရှိရပါတယ်။ အသေးစိတ်စာရင်းတွေကို www. infosheet.org ဝက်ဘ်ဆိုက်တွင် ဖော်ပြထားချက်အရ ဒလန်အဖြစ်စွပ်စွဲပြီး သာမန်ပြည်သူ ၅၃၁၂ ဦး၊ အုပ်ချုပ်ရေးမှူး ၈၃၃ ဦး၊ ကျောင်းဆရာ၊ ဆရာမ ၇၅ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၇ ဦး၊ အခြားဝန်ထမ်း ၂၇၉ ဦး၊ စစ်မှုထမ်းဟောင်း ၆၅ ဦး၊ သီလရှင် နှစ်ပါး၊ သံဃာ ၈၄ ပါးတို့ကို ရက်ရက်စက်စက်သတ်ဖြတ်ခံခဲ့ရကြောင်း သိရှိရပါသည်။**

ဒီလို ငြင်းလို့မရတဲ့ သက်သေဖြစ်စဉ်တွေကနေ ညွှန်းဆိုပြသနေတဲ့ NUG၊ PDF အဖွဲ့တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို နိုင်ငံတကာမျက်နှာစာမှာ မေးမှိန်အောင် ပြည်ဖျက်သတင်းမီဒီယာတွေအနေနဲ့ သတင်းတု၊ သတင်းမှားများဖန်တီးပြီး အကြမ်းဖက်တိုက်ခိုက်မှုတွေကို နိုင်ငံရေးလှုပ်ရှားမှုများအဖြစ် ပုံဖော်လျက်ရှိပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံရေးရည်မှန်းချက်ကို လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းနဲ့ ရယူဖို့ကြိုးစားနေတဲ့ လှုပ်ရှားမှုကို ဒီမိုကရေစီအရေးခြုံ နိုင်ငံရေးလှုပ်ရှားမှုအဖြစ် လှုံ့ဆော်ဝါဒဖြန့်လျက်ရှိပါတယ်။

သို့သော် Global Terrorism Trend and Analy-sis Center က ၂၀၂၂ ခုနှစ်အတွက် ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာမှာ မြန်မာနိုင်ငံရဲ့ အကြမ်းဖက်မှုအညွှန်းကိန်း သိသိသာသာမြင့်တက်နေပြီး အဲဒီလိုဖြစ်နေရခြင်းဟာ CDF၊ KNDF အဖွဲ့များအပါအဝင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များကြောင့်ဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့ပါတယ်။ အဲဒီအဖွဲ့ရဲ့ အစီရင်ခံစာအရ PDF အဖွဲ့တွေရဲ့ ကြွယ်ပုံရွာနဲ့ ဆုံရွာတို့ကဲ့သို့ အပြစ်မဲ့ပြည်သူတွေကို တိုက်ခိုက်မှုများကြောင့် ၂၀၂၄ ခုနှစ်အတွင်းမှာလည်း အကြမ်းဖက်မှုအညွှန်းကိန်း ဆက်လက်မြင့်တက်နေဆဲဖြစ်ကြောင်း ဖော်ပြထားပေမယ့် အနောက်အုပ်စုနိုင်ငံများက မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးလိုတဲ့အတွက်



မြင်းခြံမြို့နယ်၊ ဆုံရွာမှ ကလေး/လူကြီး ၃၂ ယောက်ကို အကြမ်းဖက် PDF များ ရက်စက်စွာသတ်ဖြတ်

NUG၊ PDF တို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မသိချင်ယောင်ဆောင်ပြီး ခေါင်းစဉ်အမျိုးမျိုးနဲ့ ငွေကြေးထောက်ပံ့မှုတွေပြုလုပ်ခြင်း၊ အကြမ်းဖက် NUG နဲ့ ပတ်သက်သူတွေကို ခိုလှုံခွင့်ပြုထားခြင်းတွေကို လုပ်ဆောင်လျက်ရှိပါတယ်။

ဒ့ါပြင် အင်အားကြီးနိုင်ငံအချို့အနေနဲ့ ဒီလို အကြမ်းဖက်အဖွဲ့တွေကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ထိတွေ့ဆက်ဆံနေပြီး ငွေကြေးထောက်ပံ့ပေးမှုတွေ ပြုလုပ်ပေးနေခြင်းဟာ အကြမ်းဖက်အဖွဲ့တွေကို အားပေးနေတဲ့သဘော သက်ရောက်နေပါတယ်။ ဒါကြောင့်လည်း ဝရမ်းပြေး ကျော်မိုးထွန်းလို ပုဂ္ဂိုလ်က တရားဝင်ရပ်တည်ခွင့်မရှိတဲ့ ကုလသမဂ္ဂမျက်နှာစာမှာ အကြမ်းဖက်အဖွဲ့ NUG ကို ကိုယ်စားပြုပြီး NUG အဖွဲ့ကို နိုင်ငံတကာက အသိအမှတ်ပြုလာအောင် ဝါဒဖြန့်လော်ဘီလုပ်နေတာကိုလည်း မြင်တွေ့ကြားသိနေရပါတယ်။

ဝရမ်းပြေး ကျော်မိုးထွန်းဟာ NLD အစိုးရလက်ထက်က မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ်ဖြစ်ခဲ့ပေမယ့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်မှာ နိုင်ငံ့ဝန်ထမ်းစည်းကမ်းတွေကို ဖောက်ဖျက်ပြီး နိုင်ငံတော်ကိုသစ္စာဖောက်ဖျက်ခဲ့တဲ့အတွက် **စာမျက်နှာ ၂၁ သို့**

# ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်၊ ပျက်စီးခဲ့သည့် သီးနှံများပြန်လည်စိုက်ပျိုးရန် အရင်းမပျောက်မတည်ငွေနှင့် စိုက်ပျိုးရေးသွင်းအားစုများ အသုံးပြုနိုင်ရန် ထောက်ပံ့ငွေ လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၄**


ရာဂိမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သဖြင့် ထိခိုက်၊ ပျက်စီးခဲ့သည့် သီးနှံများ ပြန်လည်စိုက်ပျိုးရန် အရင်းမပျောက်မတည်ငွေနှင့် မျိုးစေ့၊ ရွက်ဖျန်းမြေသြဇာနှင့် ပိုးသတ်ဆေးများ အသုံးပြုနိုင်ရေးအတွက် ထောက်ပံ့ငွေလှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထောက်ပံ့ငွေများကို တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ထံသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်)တို့က စုပေါင်းလှူဒါန်းကြခြင်းဖြစ်ပြီး အခမ်းအနားတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌတို့က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ဥက္ကဋ္ဌက အရင်းမပျောက်မတည်ငွေကျပ်သိန်း ၁၂၅၀၀၊ ထောက်ပံ့ငွေကျပ်သိန်း ၅၀၀၀ နှင့် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌက ထောက်ပံ့ငွေကျပ်သိန်း ၅၀၀၀ ကို ပေးအပ်လှူဒါန်းရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများက လက်ခံရယူကြပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကြသည်။

ယင်းနောက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ယခုပေးအပ်သည့် ထောက်ပံ့ငွေကျပ်သိန်း ၅၀၀၀ မှ ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် စပါးစိုက်ဧရိယာ ၇၇၇၃ ဧကအတွက် မျိုးစေ့တစ်တင်း၊ ရွက်ဖျန်းမြေသြဇာ၊ ပိုးသတ်ဆေး အပါအဝင် တစ်ဧကလျှင်စုစုပေါင်း ၆၄၃၂၅ ကျပ်နှုန်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ အရင်းမပျောက်မတည်ငွေ ကျပ်သိန်း ၁၂၅၀၀ ကို မိုးစပါးသီးနှံထိခိုက်မှုရှိခဲ့သည့် စိုက်ခင်းများအတွက် တစ်ဧက ငွေကျပ်တစ်သိန်းနှုန်းဖြင့် အတိုးမဲ့ချေးပေးရန် လျာထားပါကြောင်း၊ မိုးစပါး ပြန်လည်စိုက်ပျိုးနိုင်ခြင်းမရှိသော ဧရိယာများတွင် တောင်သူများ တွက်ခြေကိုက်သော အခြားသီးနှံများ အစားထိုးစိုက်ပျိုးနိုင်ရန် ထောက်ပံ့ငွေကျပ်သိန်း ၅၀၀၀ ဖြင့် စီမံဆောင်ရွက်ပေးမည်ဖြစ်ပြီး မတ်ပဲ ၂၆၇၂ ဧကနှင့် ပဲတီစိမ်း ၁၃၀၄ ဧကအတွက် တစ်ဧကလျှင် မျိုးစေ့တစ်တင်းနှုန်း ပံ့ပိုးပေးမည်ဖြစ်ကြောင်းနှင့် ထောက်ပံ့ပေးသော အလှူရှင်အသင်းချုပ်များ၊ ကုမ္ပဏီအစုအဖွဲ့များကို ကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




Global Terrorism Trend and Analysis Center က ၂၀၂၂ ခုနှစ်အတွက် ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ PDF၊ CDF၊ KNDF တို့၏ အကြမ်းဖက်မှုအညွှန်းကိန်း

**စာမျက်နှာ ၂၀ မှအဆက်**

တရားစွဲဆိုခံထားရပြီး နိုင်ငံသားအဖြစ်မှလည်း ပယ်ဖျက်ထားခြင်းခံရသူဖြစ်ပါတယ်။ ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ် ကိုယ်စားပြုမှုအတွက် ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ လုပ်ထုံးလုပ်နည်းအမှတ်စဉ် ၂၉ အရ ကိုယ်စားပြုမှုနေရာ အငြင်းပွားမှုရှိတဲ့အတွက် ဝရမ်းပြေး ကျော်မိုးထွန်းကို မြန်မာနိုင်ငံဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်အဖြစ် တရားဝင်ဆက်လက်ခန့်အပ်ထားခြင်းမပြုသလို မြန်မာနိုင်ငံကိုကိုယ်စားပြုပြီး ပြောရေးဆိုခွင့်ကိုလည်း ပိတ်ပင်ထားကြောင်း သိရှိရပါတယ်။ ဒါပေမဲ့လည်း ကုလသမဂ္ဂရဲ့ Credentials Committee က သူ့ရဲ့နေရာကို အစားထိုးခန့်အပ်ခြင်းမပြုသေးတဲ့ လုပ်ထုံးလုပ်နည်းအပေါ် အခွင့်အရေးယူပြီး ကုလသမဂ္ဂရဲ့ အလွတ်သဘောအစည်းအဝေးတွေမှာ အကြမ်းဖက် NUG အဖွဲ့ကို ကိုယ်စားပြုပြီး ဝါဒဖြန့်ချိရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

**ဝရမ်းပြေး ကျော်မိုးထွန်းအနေနဲ့ ကြွယ်ပုံရွာနဲ့ ဆုံရွာတို့လိုဖြစ်စဉ်မျိုး NUG၊ PDF တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ဖုံးဖိပြီး နိုင်ငံတော်အစိုးရက အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေများနှင့်အညီ အရေးယူမှုများကို ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအကြောင်းပြုပြီး ဆန့်ကျင်ပြောဆိုနေမှုများဟာ သံတမန်ရေးရာကိုယ်စားလှယ်တစ်ဦး လုံးဝမဟုတ်တော့ဘဲ အကြမ်းဖက်အားပေး ဝါဒဖြန့်ချိရေးသမားသက်သက်ဖြစ်နေတယ်ဆိုတာ ရှင်းလင်းစွာ မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုအကြမ်းဖက်အားပေးပြီး အစွန်းရောက်ဝါဒကို အားပေးအားမြှောက်ပြုနေတဲ့ ရာဇဝတ်သားတစ်ဦးရဲ့ လုပ်ရပ်တွေကို ကုလသမဂ္ဂရဲ့ Credentials Committee အနေနဲ့သိရှိပြီး မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ်နေရာမှာ အကြမ်းဖက်အဖွဲ့ကို ကိုယ်စားပြုနေသူက ကုလသမဂ္ဂသံတမန်တစ်ဦးအဖြစ်ရှိနေတာ မဖြစ်သင့်ဘူးလို့ ထင်မြင်ယူဆမိပါတယ်။** ဒါ့ကြောင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ်နေရာအတွက် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပေါ်ပေါက်လာတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက အဆိုပြုခန့်အပ်ထားတဲ့ ကိုယ်စားလှယ်ကို အသိအမှတ်ပြုခန့်အပ်ပေးဖို့ နိုင်ငံသားတစ်ယောက်အနေနဲ့ တောင်းဆိုလိုပါတယ်။

ဒါ့အပြင် ကုလသမဂ္ဂအဖွဲ့ကြီးအပါအဝင် ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့အနေနဲ့ NUG အကြမ်းဖက်အဖွဲ့နဲ့ ဝရမ်းပြေး ကျော်မိုးထွန်းတို့ကို ထိတွေ့ဆက်ဆံနေခြင်းဟာ အကြမ်းဖက်အစွန်းရောက်ဝါဒကို အားပေးအားမြှောက်ပြုနေတဲ့သဘော သက်ရောက်နေတာကို သတိပြုမိပြီး NUG၊ PDF အကြမ်းဖက်အဖွဲ့များ တရားဝင်အသိအမှတ်ပြုမှုရရှိရေး ကြိုးပမ်းလုပ်ဆောင်မှုများကို ရပ်တန့်စေရန် ဘက်ပေါင်းစုံက လုပ်ဆောင်ပေးဖို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။

**အမှန်စင်စစ် အေးချမ်းစွာနေထိုင်လိုတဲ့ ပြည်သူလူထုရဲ့ စစ်မှန်တဲ့ဆန္ဒနဲ့တောင်းဆိုလိုတဲ့ လိုလားချက်ကတော့ NUG၊ PDF အကြမ်းဖက်သမားများရဲ့ အပြစ်မဲ့ပြည်သူတွေအပေါ် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုတွေ ပျောက်ကွယ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လုပ်ဆောင်နေတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်စေရေးနဲ့ ပြည်သူလူထုက ရွေးချယ်တင်မြှောက်တဲ့ အစိုးရတစ်ရပ်ပေါ်ပေါက်လာစေရေးအတွက် တည်ငြိမ်အေးချမ်းစွာ ရွေးကောက်ပွဲတစ်ရပ် အမြန်ဆုံးကျင်းပနိုင်ရေးဖြစ်ပါတယ်။**

ဒါကြောင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုကြတဲ့ မြန်မာနိုင်ငံသားများရဲ့ ဆန္ဒအမှန်ဖြစ်တဲ့ လတ်တလောဖြစ်ပေါ်နေတဲ့ ကြွယ်ပုံရွာနဲ့ ဆုံရွာတို့လိုဖြစ်စဉ်မျိုး အကြမ်းဖက်တိုက်ခိုက်မှုများ လျော့နည်းကျဆင်းစေရေးအတွက် ဒီလိုအကြမ်းဖက်မှုတွေကို ဘယ်သူတွေက ဘာကြောင့်လုပ်နေလဲဆိုတာ သိစေ၊ကြားစေဖို့အတွက် ခိုင်မာတဲ့အထောက်အထားများနဲ့ သက်သေညွှန်းဆို တင်ပြလိုက်ရပါတယ်။

**❖ အမှန်စင်စစ် အေးချမ်းစွာနေထိုင်လိုတဲ့ ပြည်သူလူထုရဲ့ စစ်မှန်တဲ့ ဆန္ဒနဲ့ တောင်းဆိုလိုတဲ့ လိုလားချက်ကတော့ NUG၊ PDF အကြမ်းဖက်သမားများရဲ့ အပြစ်မဲ့ပြည်သူတွေအပေါ် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုတွေ ပျောက်ကွယ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လုပ်ဆောင်နေတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်စေရေးနဲ့ ပြည်သူလူထုက ရွေးချယ်တင်မြှောက်တဲ့ အစိုးရတစ်ရပ်ပေါ်ပေါက်လာစေရေးအတွက် တည်ငြိမ်အေးချမ်းစွာ ရွေးကောက်ပွဲတစ်ရပ် အမြန်ဆုံးကျင်းပနိုင်ရေးဖြစ်ပါတယ်။ ❖**

# ပြည်လုံးကျွတ်သန်းခေါင်စာရင်း ၅ ရက်မြောက်နေ့ ကောက်ယူနေပါသည်။

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သောတံဆိပ်ခေါင်းခွန်နှင့်ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရကအသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန်အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရသို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့်အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဦးဆောင်မှုဖြင့် Youth Charity Organization Myanmar (YCOM) မြန်မာလူငယ်ပရဟိတအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ တောင်ငူမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို အစားအစာနှင့်အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်း



**တောင်ငူ အောက်တိုဘာ ၄**

ရာဂီမုန်တိုင်းဒဏ်ကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် တောင်ငူမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဦးဆောင်မှုဖြင့် Youth Charity Organization Myanmar (YCOM)မြန်မာလူငယ်ပရဟိတအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ အစားအစာနှင့်အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက တောင်ငူမြို့ သာသနာ့ဗိမာန် ရေဘေးကယ်ဆယ်ရေးကွပ်ကဲမှုရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး Youth Charity Organization Myanmar (YCOM) မြန်မာလူငယ်ပရဟိတအသင်း အဖွဲ့ဝင်တစ်ဦးက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်ငူခရိုင် ခေတ္တအုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုးက လာရောက်လှူဒါန်းပေးမှုအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး လှူဒါန်းမှုအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လတ်၊ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာနှင့် အဖွဲ့ဝင်များ၊ Youth Charity Organization Myanmar (YCOM) မြန်မာလူငယ်ပရဟိတအသင်းမှ တာဝန်ရှိသူများက ရေကြီးနစ်မြုပ်ခဲ့သည့် တောင်ငူမြို့နယ် ရှမ်းစုကြီးကျေးရွာအုပ်စု ပေါက်ခိုကျေးရွာရှိ အိမ်ထောင်စု ၁၈၀ အတွက် ဆန်၊ ဆီ၊ ဆေး၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ စောင်၊ ဖျာ၊ အဝတ်အထည်၊ ဖိနပ် စသည့်ပစ္စည်း ၁၈ မျိုး၊ အိမ်ထောင်စု ၁၈၀ အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှင့် ရေကြီးနစ်မြုပ်၍ပျက်စီးသွားသည့် ရေတွင်းရေကန်များပြန်လည်ပြုပြင်နိုင်ရန်အတွက် ငွေကျပ် သိန်း ၇၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့တို့သည် စကားဘုန်းကြီးကျောင်းရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်ပြီး ဆရာတော်ထံ အလှူငွေကျပ် ငါးသိန်းနှင့် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ဆေး၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံနှင့်စောင်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာနှင့်အဖွဲ့တို့က တောင်ငူမြို့နယ် ကျေးလက်ဒေသ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဝင် ငါးဖယ်အင်းကျေးရွာသို့သွားရောက်၍ကျေးရွာဓမ္မာရုံ၌ ဆယ်အိမ်စုမှူးများနှင့်တွေ့ဆုံကာ စီမံချက်လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်ရန် မှာကြားခဲ့ပြီး အိမ်ထောင်စုဝင် ဦးရေ ၁၀၀ အတွက် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ အဝတ်အထည်နှင့် ငွေကျပ် ၂၀၀၀၀ စီ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

တင်စိုး(ပဲခူး)


❍ **လေဖိအားနည်းရပ်ဝန်းမှ**

ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံဘက်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ ယနေ့ညမှ အောက်တိုဘာ ၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)



# ကန့်ဘလူမြို့နယ် အောင်သာယာကျေးရွာကို PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များပစ်ချတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ သုံးဦး သေဆုံးခဲ့ပြီး ရှစ်ဦးထိခိုက်ဒဏ်ရာများရရှိ

ကန့်ဘလူမြို့နယ် အောင်သာယာကျေးရွာကို PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb ပစ်ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ




**နေပြည်တော် အောက်တိုဘာ ၄**

PDF အမည်ခံ အကြမ်းဖက်သမားများသည် ပြည်သူလူထုအေးချမ်းစွာ နေထိုင်နေသော မြို့ရွာများကို တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် Drop Bomb များ၊ လက်နက်ကြီးများဖြင့် ရက်စက်ယုတ်မာစွာပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လျက်ရှိပြီး ယနေ့တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အောင်သာယာကျေးရွာကို Drop Bomb များဖြင့်ယုတ်မာရက်စက်စွာပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံးပြီး ရှစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်တွင် ကန့်ဘလူမြို့နယ် အောင်သာယာကျေးရွာကို PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာ၏အရှေ့တောင်ဘက် မီတာ ၁၂၀၀ ခန့် အမြင့်မှနေ၍ Drone ဖြင့် Drop Bomb များလာရောက်ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ကျေးရွာအတွင်း အေးချမ်းစွာ နေထိုင်လုပ်ကိုင်နေကြသူ အပြစ်မဲ့ပြည်သူ အမျိုးသား နှစ်ဦး၊ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး အမျိုးသား ငါးဦး၊ အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများကို ကျေးရွာဆေးပေးခန်း၌ ဆေးကုသမှုခံယူစေလျက်ရှိသည်။

PDF အမည်ခံ အကြမ်းဖက်သမားများ၏ ယခုကဲ့သို့အေးချမ်းစွာနေထိုင်နေကြသော ဒေသခံပြည်သူများ နေထိုင်ရာကျေးရွာများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သည့်လုပ်ရပ်သည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါ အကြမ်းဖက်သမားများကို ဒေသခံပြည်သူများက ရွံရှာစက်ဆုပ်မုန်းတီးလျက်ရှိကြောင်းနှင့် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်ခံနိုင်ခြင်းမရှိသည့်အတွက် တပ်မတော်၏အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်မှုတွင် အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# ရွှေဘိုမြို့နယ် မြို့ပေါ်ရပ်ကွက်များတွင် သန်းခေါင်စာရင်းကောက်ယူစဉ် ညှိစာရင်းမတိုင်သူများကိုပါ ဖမ်းဆီးသွားကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသား ဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မြို့ပေါ်ရပ်ကွက်များတွင် သန်းခေါင်စာရင်းကောက်ယူစဉ် ညှိစာရင်းမတိုင်သူများကိုပါ ဖမ်းဆီးသွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများကို ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမှုတွင် စာရင်းစစ်၊ စာရင်းကောက်များသည် ပြဋ္ဌာန်းထားသည့် သန်းခေါင်စာရင်းကောက်ယူမှုအချက်အလက်များအတိုင်း ကောက်ယူလျက်ရှိပြီး မသက်ဆိုင်သည့် အခြားအချက်အလက်များကို စစ်ဆေးခြင်း၊ ကောက်ယူခြင်းမရှိဘဲ ဖမ်းဆီးခြင်းများလည်းမရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည့်အတွက် စာရင်းအချက်အလက်များကောက်ယူရာတွင် မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်နေမှုအပေါ် တရားမဝင် ပြည်ဖျက်မီဒီယာများက မနာလို မရှုဆိတ်ဖြင့် သတင်းတု၊ သတင်းမှားကို ပြည်သူလူထုအကြား ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

(၅၀၁)




# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Aye Aye Soe"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်နေ အေးအေးစိုးအား နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ချမ်းအေးသာစံမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။


ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၅၀၁)

ဝတ္ထုတိုကလျာ

# ညသန်းခေါင်

## ချစ်သက်(မြန်မာစာ)




(၁)

"ထွေးခင်၊ ထွေးရင်။ ကွမ်းရွက်နဲ့ ကွမ်းသီးပေးပါအုံး။ တို့ဝိုင်းမှာ ကုန်နေပြီ"

ဖဲသမားတို့၏ ထုံးစံအတိုင်း ကွမ်းယာဝါးလိုက်၊ ဖဲလေးရိုက်လိုက်ဖြင့် ဇိမ်ကျနေသည်။ ထွေးခင်သည် ကွမ်းရွက်နှင့်ကွမ်းသီးကို ယူလာပြီး ကျော်ကြီးကို ပေးလိုက်၏။

"ထွေးခင် ဒီမှာဝိုင်းခယူထား။ ငါ ဆက်ကောက်ထားလိုက်မယ်"

ထွေးခင်နှင့်ထွေးရင်တို့၏ အမေ ဒေါ်စောမြ၏ ရက်လည်တွင် ဖဲသမားများဖြင့် စည်ကားနေ၏။ နာရေးရှိသောအိမ်သည် ဖဲသမားတို့၏ ကျက်စားရာ နေရာဟုဆိုလျှင် မှားမည်မထင်ပေ။ ဒေါ်စောမြ၏ နာရေး၌ ကျော်ကြီးကိုယ်တိုင်ဦးဆောင်ကာ ဖဲဝိုင်းထောင်နေခြင်းဖြစ်သည်။ အကောက်မှန်သမျှကိုလည်း ကျော်ကြီးကောက်ပေးရသည်။ ကျော်ကြီးဆိုလိုက်သည်နှင့်ဤရွာ၌မသိသူရှားလှသည်။ ကျော်ကြီးသည် လောင်းကစားမှန်သမျှကို လုပ်ကိုင်၍အသက်မွေးဝမ်းကျောင်းပြုနေသောသူဖြစ်သည်။ အမည်ရင်းမှာ ကျော်ကျော်ခိုင်ဖြစ်သော်လည်း ကျော်ကြီးဟုသာ အမည်တွင်သည်။

"အောင်မိုး ငါ့နှစ်လုံးထီကြွေးပေးအုံးနော်။ ဒီဝိုင်းမှာ မင်းချည်းသိမ်းသွားတာ ငါသိတယ်"

"လုပ်ပြီကွာ ကျော်ကြီးတို့ကတော့။ ဖဲဝိုင်းမှာ ဖဲဝိုင်းစကားပဲပြော ကျန်တာမပြောနဲ့ကွာ။ မင်းဆိုတာလဲ ကော်မရှင်စားမလို့ ဒိုင်သာဆို မလွယ်ဘူး။ နှစ်လုံးကိစ္စ မနက်မှပြော"

ကျော်ကြီးသည် စကားတစ်ခွန်းမှ မပြောတော့ဘဲ ဖဲကိုသာ ဆက်ကစားနေ၏။

(၂)

"ထွေးရင်ရေ ညက အကောက် တော်တော်ရတယ်နော်။ ဘုန်းကြီးတွေ ဆွမ်းကပ်ပြီးပြီဆိုတော့။ ငါပြန်တော့မယ်။ ဝမ်းရေးအတွက် နှစ်လုံးထီရောင်းရအုံးမယ်။ ဒိုးပြီဟေ့"

ထွေးရင်သည် ကျော်ကြီးကို ထမင်းပြန်စားရန် လှမ်းပြောလိုက်၏။

" ကျော်ကြီးရေ နေ့လယ်စာအိမ်မှာလာစားနော်။ အဆင်သင့်လုပ်ထားလိုက်မယ်"

"အေး အေး"

ထွေးခင်နှင့်ထွေးရင်သည် အသက်မကွာလှပေ။ ထွေးခင်မှာ အသက် ၄၀ ကျော်။ ထွေးရင်မှာ အသက် ၄၀ တင်းတင်းပြည့်လေပြီ။ မိခင်ဒေါ်စောမြ အသက်ရှိစဉ်ကတည်းက ထွေးခင်နှင့်ထွေးရင်သည် မိရိုးဖလာ လယ်လုပ်ငန်းကို အမျိုးသားများတန်းတူ လုပ်ကိုင်ကြသည်။ လယ်ထွက်၊ ကိုင်းထွက်ဖြင့် ညီအစ်မနှစ်ယောက်စလုံး လက်ဝတ်ရတနာအပြည့်အစုံရှိသည်။ ညီအစ်မနှစ်ယောက်စလုံး အိမ်ထောင်ရေးကို စိတ်မဝင်စားပေ။ လယ်နှင့်အိမ်၊ အိမ်နှင့်လယ်သည် အိမ်ဦးနှင့်ကြမ်းပြင်ကဲ့သို့ဖြစ်နေ၏။ အမျိုးသမီးများဖြစ်ကြသော်လည်း လယ်လုပ်ငန်းကို ညီအစ်မနှစ်ယောက်စလုံးကျွမ်းကျင်လှသည်။ စိတ်တူကိုယ်တူသော ညီအစ်မများဖြစ်ကြ၏။

"ကျော်ကြီးရေ ဝအောင်စား။ ညနေလဲ အားရင် လာစားအုံး"

"အေးပါ ထွေးရင်ရယ် ငါလာပါ့မယ်။ ငါတို့က သူစိမ်းတွေမှမဟုတ်ဘဲ"

ကျော်ကြီးသည် ထမင်းစားလိုက်၊ စကားပြောလိုက်ဖြင့်။

"ကျော်ကြီးရေ ညနေ လုံးပိုင်လေးပေးပါအုံးကွ"

"ကျော်သက်ရေ ငါ သုံးတစ်လုံးကြိုက်တယ်။ ကြိုက်တဲ့ဂဏန်းနဲ့ ကပ်ထိုးပေါ့ကွာ။ ခုညနေ ပါဝါပူး ပိုကြိုက်တယ်"

"ကျော်ကြီး ငါ သုံး တစ်ရာဖိုးပတ်မယ်ကွာ။ အဲ့ဒါ လုပ်လိုက်အုံး"

"စိတ်ချ ငါ ထည့်လိုက်မယ်"

ကျော်ကြီးနှင့် ကျော်သက်တို့၏ စကားများကို ညီအစ်မနှစ်ယောက် နားမလည်သောဟန်ဖြင့်။

"ကျော်ကြီး နင်တို့ကိစ္စကလဲ မလွယ်ပါလားဟယ်။ လုံးပိုင်တွေကော၊ ပါဝါတွေကော ရှုပ်နေတာပဲ"

"ထွေးရင်ရေ ဒီနှစ်လုံးထီလောကက ရှုပ်ထွေးတယ်ဟ။ ပါဝါ၊ နက္ခတ်သိရင်တော့ ဟဲ ဟဲ လွယ်သွားရော"

"ငါတောင် စိတ်ဝင်စားလာပြီ ကျော်ကြီးရာ"

ထွေးရင်က စကားကို လွှတ်ခနဲပြောချလိုက်၏။ ထို့နောက် ထွေးရင်သည် ချွေးခံအိတ်ထဲမှ ၅၀၀ တန် တစ်ရွက်ကို ထုတ်ကာ–

"ကျော်ကြီး ငါ့ကို နင်ပြောတဲ့ ဘာ ပါဝါဆိုလား အဲဒါ ထိုးပေးအုံး"

"ထွေးရင်ကတော့ လုပ်ပြီ။ သုံးပါဝါ ရှစ်ကို ပြောတာ။ သုံးရှစ်"

"ရှည်မနေနဲ့ကျော်ကြီးရယ်။ အဲဒီပါဝါငါးရာဖိုးထည့်"

"ထွေးရင် မအာတော့ဘူးလား"

"ဟာ ငါနားမလည်ပါဘူးဆို။ သုံးရှစ်ပဲ ထိုးမယ်ဟာ"

ထွေးခင်နှင့် ထွေးရင်သည် ကံကောင်းလို့လား မသိ။ ညနေလေးနာရီခွဲဂဏန်းသည် သုံးရှစ် ပါဝါ ထွက်လာ၏။ ကျော်ကြီးကိုယ်တိုင် ထွေးရင် လက်ထဲသို့ ပိုက်ဆံ ၄၀၀၀၀ ထည့်ပေးလိုက်သည်။ ထွေးရင်သည် ပိုက်ဆံ ၄၀၀၀၀ ကို ရေတွက်ကာ ပျော်မြူးနေတော့သည်။

(၃)

ထွေးရင်သည် တစ်စတစ်စ နှစ်လုံးထီကိုထိုးတတ်လာသည်။ ကျော်ကြီးကလည်း အလှော်ကောင်း အဆွယ်ကောင်းမို့ ထွေးရင်တစ်ယောက် နှစ်လုံးထီလောကထဲ ဝင်မှန်းမသိ ဝင်လာခဲ့ပေသည်။

"ကျော်ကြီးရေ ပြည်မင်းသမီး စာရွက်လေးဝယ်ခဲ့အုံးဟယ်။ ရွှေပါးစပ်တို့၊ ဗညားတို့အဖွဲ့ ပေါက်စဉ်တို့ပါ ဝယ်ခဲ့အုံး။ အိမ်ရောက်မှ ပိုက်ဆံယူ"

"ထွေးရင်ရယ် ပိုက်ဆံစကားမပြောပါနဲ့။ သူစိမ်းတွေကျနေတာပဲ။ ငါကိုယ်တိုင်လာပို့မယ် စိတ်ချ"

ထွေးရင်သည် ပါဝါနက္ခတ် သေချာမသိသော်လည်း အပတ်တိုင်းထွက်သမျှဂဏန်းတို့ကို ဗလာစာရွက်၌မှတ်တတ်လာ၏။ ထို့ပြင် တစ်ပတ်စာ မွေးဂဏန်း၊ လုံးပိုင်၊ နေ့စဉ်ကီးတို့ကိုပေးသော ပြည်မင်းသမီး၊ ရွှေပါးစပ်၊ ဗညားတို့အဖွဲ့ပေါက်စဉ်တို့ကို ကြည့်၍ နှစ်လုံးထီထိုးတတ်လာသည်။ ၁၀၀ ဖိုးကစ၍ ထောင်ဂဏန်းထိ ရဲတင်းလာသည်။ နှစ်လုံးထီပေါက်သည့်အခါ အစ်မထွေးခင်သိအောင် ကြွားတတ်၏။ မပေါက်သည့်အခါ ကျော်ကြီးနှင့် နှစ်လုံးထီဖိုးကို တိတ်တိတ်ဖြေရှင်းတတ်သည်။

"ကျော်ကြီးရေ ငါ ပြောစရာရှိလို့"

ထွေးရင်သည် ပြည်မင်းသမီးစာရွက်ကို ကိုင်ရင်း မေးလိုက်သည်။

"ပြောလေ ထွေးရင်။ ဘာကိစ္စ"

"အေး ငါနှစ်လုံးထီကို တစ်ပတ်ရှင်းလုပ်မလားလို့။ ပြည်မင်းသမီးက ပေးထားတယ်။ ဒီတစ်ပတ် နက္ခတ်ပူး ကျိန်းသေထွက်မယ်တဲ့။ အဲဒါ နက္ခတ်ပူးက ဘယ်နှကွက်ရှိသလဲ"

ကျော်ကြီးသည် မှိုရသောမျက်နှာသဖွယ် ပြုံးရွှင်နေ၏။

"ထွေးရင်ရယ် ငါးကွက်ထဲ။ အာရင်တော့ ဆယ်ကွက်ထဲပါ။ မှတ်ထား သုညနက္ခတ် ခုနစ်၊ တစ်နက္ခတ် ရှစ်၊ နှစ်နက္ခတ် လေး၊ သုံးနက္ခတ် ငါး၊ ခြောက်နက္ခတ် ကိုး အဲဒါနက္ခတ်တွေ။ ဆယ်ကွက်ပဲ"

"အေးပါဟယ် ငါ မှတ်ထားပါ့မယ်။ ခုလောလော ဆယ် အာတစ်ရာဖိုးလောက် ထည့်လိုက်"

"ဟာ ထွေးရင်ကလဲ တစ်ထောင်ပဲရှိတာကို ငါးရာစီထည့်လိုက်မယ်"

"သဘောကျော်ကြီးရေ။ ငါ တစ်ပတ်ရှင်းနော်"

ကျော်ကြီးသည် ထွေးရင်၏အမေးကို ခေါင်းညိတ်ပြလိုက်သည်။

(၄)

ထွေးရင်သည် တစ်ရာဖိုး၊ နှစ်ရာဖိုး ထိုးစဉ်က ကံလိုက်၍လားမသိ နှစ်လုံးထီခဏခဏပေါက်သည်။ နောက်ပိုင်း လောဘ၏အလိုအတိုင်း လက်စလက်နကြီးလာသည်။ လက်စကြီးလေ ထိုးသောဂဏန်းတို့မှာ လွဲလေဖြစ်လာသည်။ ထွေးခင်မသိခင် ထွေးရင်သည် ကျော်ကြီးကို လက်ဝတ်လက်စားတို့ကို တိုးတိုးတိတ်တိတ်ပေး၍ နှစ်လုံးထီကြွေးကို ဖြေရှင်းလိုက်သည်။

"ထွေးရင် ငူငူငိုင်ငိုင်နဲ့ ဘာဖြစ်နေတာလဲ"

ထွေးရင်သည် ထွေးခင်၏အမေးကို ချက်ချင်းမဖြေဘဲ စဉ်းစားနေ၏။ ထို့နောက်–

"မမ ထွေးရင်လေ မမကို ပွင့်ပွင့်လင်းလင်းပြောမယ်။ ညီမလေး နှစ်လုံးထီရှုံးလို့ အတွင်းပစ္စည်းတွေကို ကျော်ကြီးကို ပေးလိုက်ရတယ်"

ထွေးရင်၏စကားကို ထွေးခင်ကြားသော်လည်း အံ့အားသင့်ခြင်းမရှိပေ။ ထို့နောက် ထွေးခင်က–

"ညီမလေးရေ ငါလဲ နင်မသိအောင် ကျော်ကြီးဆီမှာ နှစ်လုံးထီထိုးနေတာ။ ငါ လယ်ဂရန်တွေ ပေးထားတယ်"

ညီအစ်မနှစ်ယောက်စလုံး ငိုရမလိုရယ်ရမလို ပြုံးစိစိဖြစ်နေ၏။

"ကဲ ညီမလေးရေ မထူးတော့ဘူး။ လှေမျော လှေနဲ့လိုက်။ ငွေမျောတော့ ငွေနဲ့လိုက်ရုံပဲရှိတော့တယ်။ ခွင်ကြီးကြီး တစ်ပေါက်ကောင်းဆို ငါတို့ အကြွေးတွေ ကျေပါပြီဟာ"

ညီအစ်မနှစ်ယောက်စလုံး နှစ်လုံးထီလောကထဲ ခြေစုံပစ်၍ ဝင်လိုက်ကြတော့သည်။

(၅)

"ကျော်ကြီး ငါ ပြောခိုင်းထားတာ။ နင့်ဒိုင်ကို ပြောပြီးပြီလား။ ငါ ၂၀ တိုး ပေးပါ့မယ်"

ထွေးရင်၏စကားကိုသဘောကျလျက် ကျော်ကြီးသည် ခဏရယ်လိုက်ပြီး–

"အေးပါ ထွေးရင်ရယ်။ အစ်မထွေးခင်လဲ သဘောတူတာပဲ။ ငါပြောထားပြီးပြီ။ ငွေက ဘယ်လောက်လိုတာလဲ"

"ငါးဆယ်"

" ok စိတ်ချ။ ငါကိုယ်တိုင် လာပေးမယ်"

ထွေးခင်တို့ ညီအစ်မနှစ်ယောက် လယ်လုပ်ငန်းကို စိတ်မဝင်စားတော့ဘဲ နှစ်လုံးထီကိုသာ နေ့ရောညပါစဉ်းစားနေ၏။ ထွေးရင်မှာ ဘောပင်တစ်ချောင်းဖြင့် တကုပ်ကုပ်ခြစ်ကာ အလုပ်ရှုပ်နေတတ်သည်။ ထွေးခင်နှင့်ထွေးရင်သည် စိတ်တူသဘောတူ နှစ်လုံးထီကို အကြွေးလည်းထိုး၊ လက်ငင်းလည်းထိုးကြသည်။

အအိပ်မပျက်အစားမပျက် နှစ်လုံးထီထိုးရသည်မှာ ညီအစ်မနှစ်ယောက်အတွက် လောကနိဗ္ဗာန်ဖြစ်လာခဲ့သည်။ တစ်ပတ်ငါးရက်ကစားရသည်ကိုပင် အားမရချေ။ စနေ၊ တနင်္ဂနွေနေ့သို့ရောက်တိုင်း မှိုင်တွေတွေဖြစ်တတ်သည်။ ညီအစ်မနှစ်ယောက် မှိုင်တွေတွေဖြစ်ရခြင်းမှာ အခြားကြောင့်မဟုတ် နှစ်လုံးထီ မကစားရသောကြောင့်ဖြစ်သည်။

စာမျက်နှာ ၂၅ သို့ ➤

# အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၉၆၅ ဧက စိုက်ပျိုးမည်


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**အင်းတော် အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၉၆၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၉၆၅ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာအင်းတော်မြို့နယ်အတွင်း နေကြာဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးမှာပါ။ နေကြာတစ်ဧက ဆီထွက်ရှိမှုက မြေပဲ၊ နှမ်းတွေထက် ပိုမိုထွက်ရှိပါတယ်။ နေကြာကို ဆောင်းမှာပဲ အဓိက ထားစိုက်ကြတာပါ"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည် မြင့်မားစေရန် ပညာပေးသင်တန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အင်းတော်မြို့နယ်တွင် နေကြာစိုက်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်ရေး၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူသို့ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ရေဘဝဲ ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ရေဘဝဲ ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ရေဘဝဲပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ရေဘဝဲပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၂၁၅၀၀၊ ရေဘဝဲ လက်တိုတစ်ကီလိုလျှင် ငွေကျပ် ၂၂၅၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ရေဘဝဲတွေအပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေထွက်ကုန်တွေထဲမှာ ရေဘဝဲ ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ လပွတ္တာမြို့နယ်က ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ရေဘဝဲတွေကို ပင်လယ်စာအရောင်းဆိုင်တွေက ဝယ်ယူမှုများနေတာကြောင့် အခုလို တင်ပို့အားကောင်းလာတာပါ။ တင်ပို့အားကောင်းလာတော့ ရေလုပ်သားတွေ၊ လုပ်ငန်းရှင်တွေနဲ့ အရောင်းအဝယ်သမားတွေ အဆင်ပြေနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

"အချိန်တွေကလဲ ကုန်ခဲလိုက်တာ။ တနင်္လာနေ့ မြန်မြန်ရောက်ပါတော့"

"ဟုတ်ပ့ါ မမရယ် ဘာလို့ စနေ၊ တနင်္ဂနွေမှာ နှစ်လုံးထီပိတ်ရတာလဲ မသိဘူး။ ဖြစ်နိုင်ရင် တစ်ပတ်လုံးကစားနေချင်တာ။ နှစ်လုံးထီ မကစားရတော့ ပျင်းဖို့ကောင်းလိုက်တာ"

ထွေးရင်၏စကားကို ထောက်ခံသည့်ပုံစံဖြင့် ထွေးခင် ခေါင်းညိတ်ပြလိုက်သည်။

(၆)

" မမ"

"ပြောလေ ညီမလေး"

"ဒီတစ်ပတ် ပျောက်ဂဏန်းပတ်ရင် ကောင်းမလားလို့၊ နက္ခတ်ပူး၊ ပါဝါပူးတွေက ခဏခဏထွက်တော့ ပျောက်ဂဏန်းဘက်လိုက်ကြမယ်။ တစ်ပျောက်နေတာ တစ်လလောက်ရှိပြီ။ ဒီတစ်ပတ် တစ်ထွက်လောက်တယ်။ ပြည်မင်းသမီးကလဲပေးထားတယ်။ ရဲရဲပတ်တစ်တဲ့။ ရွှေပါးစပ်ကလဲ သူဌေးဖြစ်ချင် တစ်ပတ်တဲ့"

"ကောင်းတယ် ညီမလေး။ တို့ တစ်ကို တနင်္လာနေ့ကတည်းက စပတ်မယ်။ ကြောင်ကြာကြာရေမငုပ်ပါဘူး။ သင်း ထွက်ကိုထွက်မှာပဲ"

ညီအစ်မနှစ်ယောက် အတိုင်အဖောက်ညီညီ တစ်ကို ၁၀၀၀၀ ဖိုး စပတ်လေတော့သည်။ ကျော်ကြီးတစ်ယောက်မှာတော့ ကော်မရှင်စားမို့ ထွေးရင်တို့ ညီအစ်မနှစ်ယောက်ထိုးကြေးဖြင့် ဝင်ငွေတော်တော်ကောင်းလာသည်။ တစ်ဂဏန်းသည် တစ်လတိတိမြုပ်သွား၏။ အခြားဂဏန်းတို့သာ ဆက်တိုက်ထွက်သည်။ ထွေးရင်တို့ ညီအစ်မနှစ်ယောက်မှာတော့ ဆတိုးဖြင့် တစ်ဂဏန်းကို ဖိလိုက်နေသည်။

(၇)

"ထွေးရင်၊ ထွေးခင် လာပါအုံး"

အုပ်ချုပ်ရေးမှူးကိုယ်တိုင် ထွေးရင်တို့အိမ် ရောက်လာသည်။ ကျော်ကြီးသည် အုပ်ချုပ်ရေးမှူး၏အနားတွင် ရပ်လျက်။ ထွေးရင်၊ ထွေးခင်သည် အုပ်ချုပ်ရေးမှူးအသံကြားကြားချင်း အိမ်ရှေ့သို့ ရောက်လာသည်။

"ဦးအောင်သန်း ဘာကိစ္စတုံး"

ဦးအောင်သန်းသည် လယ်ဂရန်နှင့် အိမ်ဂရန် ထုတ်ပြလိုက်၏။

"အေး ဒီမှာ ကျော်ကြီး လာတိုင်လို့၊ နင်တို့ညီအစ်မနှစ်ယောက် ကျော်ကြီးဆီမှာ လယ်နဲ့အိမ် ပေါင်ထားတယ်ဆို"

ထွေးရင်နှင့်ထွေးခင်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက်-

"ဟုတ်ပါတယ် ဦးအောင်သန်း"

"အေး ဒါဆိုရင်တော့။ ယူထားတဲ့ပိုက်ဆံနဲ့ အတိုးနှုန်းနဲ့ဆို ငွေကသိန်းထောင်ကျော်နေပြီ။ ဒါကြောင့် နင်တို့ညီအစ်မနှစ်ယောက် အခုနေတဲ့အိမ်ကနေ တစ်ပတ်အတွင်းဆင်းပေးတော့။ ဒါတောင် ကျော်ကြီးက အချို့ပိုက်ဆံတွေကိုလျှော့ထားတာ။ အဲဒါ လာပြောတာ"

အုပ်ချုပ်ရေးမှူး၏စကားအဆုံး၌ ထွေးရင်က-

"ကျော်ကြီးရယ် ငါတို့ညီအစ်မနှစ်ယောက်ကို အိမ်ပေါ်က မဆင်းခိုင်းပါနဲ့ဟယ်။ ငါတို့မှာ ဘိုးဘပိုင်ဆိုလို့ ဒီလယ်တွေနဲ့ အိမ်ပဲရှိတာ။ ငါတို့ကို သနားပါဟယ်"

ကျော်ကြီး၏မျက်နှာ သိသိသာသာပြောင်းလဲသွား၏။ ထို့နောက် စကားကို ပြတ်သားစွာပြောချလိုက်သည်။

"မရဘူးထွေးရင် ငါလဲ ငါ့မိသားစုနဲ့ငါ။ နင်တို့ကို ပိုက်ဆံယူပါလို့ ငါမတိုက်တွန်းခဲ့ဘူး။ နင်တို့ဆန္ဒနဲ့နင်တို့ချေးခဲ့တာ။ ငါကတော့ ငါ့ပစ္စည်း ငါလိုချင်တယ်။ နင်တို့ညီအစ်မနှစ်ယောက် အိမ်ပေါ်က တစ်ပတ်အတွင်းဆင်းပါ။ ဒါ ငါ့ရဲ့နောက်ဆုံးစေတနာပဲ"

ထွေးရင်နှင့် ထွေးခင်သည် တစ်ဦးကိုတစ်ဦးကြည့်ကာ အိမ်ထဲသို့ ဝင်သွားလေသည်။ ကော်မရှင်စားကျော်ကြီးမှာ နေ့ချင်းညချင်းလယ်ပိုင်၊ ယာပိုင်၊ အိမ်ပိုင်ဘဝသို့ ရောက်သွားခဲ့သည်။ ထွေးရင်နှင့် ထွေးခင်တို့သည် အထုပ်ကိုယ်စီဖြင့် လူတိတ်ချိန် ညသန်းခေါင်ဝယ် မိဘတို့နှင့်ငယ်စဉ်ကတည်းကနေခဲ့သောအိမ်ကြီးကိုထားခဲ့ကာ ရွာမှတိတ်တဆိတ်ထွက်ခွာသွားတော့သည်။

# တိုင်းပြည်အကျိုး သယ်ပိုးမည်

\- တို့တိုင်းပြည် သာယာရေး
ကြိုးစားပေး ညီနောင်ဖော်၊
တို့မြေကို လာမချဲ့
စောင့်ရှောက်လျက်နော်၊
ပြည်သူတို့ နိုင်ငံတော်
ငြိမ်းချမ်းပျော် ဖြစ်စေသား၊
ပေးဆပ်ကာ
လေးမြတ်စွာ တာဝန်ထမ်းသည်
ကြိုးပမ်းတဲ့အား။

\- စေတနာ သစ္စာများ
မေတ္တာထား မျိုးချစ်တွေ၊
အဓိဋ္ဌာန် ဦးတည်ချက်
ထမ်းရွက်လျက်နေ၊
တိုးတက်သော နိုင်ငံမြေ
ကာကွယ်နေ မျိုးချစ်သွေး၊
ပေးတာဝန် ကျေပွန်ထမ်းတယ်
အောင်ပန်းတို့မွှေး။

\- ချွေးသက်တွေ ဝန်မလေး
ငြိမ်းချမ်းရေး ဖော်ဆောင်သည်၊
ရွှေပြည်တော် လှပကောင်း
လမ်းကြောင်းဖွင့်ညီ၊
စည်းကမ်းရှိ တို့မြန်ပြည်
ကာကွယ်မည် သစ္စာရှိ၊
ထာဝစဉ် မြန်မာ့အကျိုး
သယ်ပိုးသင့်၏။ ။

**မောင်စစ်သွေး**

# မင်းဘူးမြို့နယ် ကုန်းတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကုန်းတန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉၁ ဒသမ ၈၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကုန်းတန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၃ ဦးကို ရန်ပုံငွေကျပ် ၄၉၁ ဒသမ ၈၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

# ရေတပ်အဆင့်မြှင့်တင်နိုင်ရေးကြိုးပမ်းနေရသော အမေရိကန်

အမေရိကန်ရေတပ်သည် တပ်ဖွဲ့များအလုံးစုံ ပြောင်းလဲဖွဲ့စည်းသွားရန်နှင့် ၂၀၂၇ ခုနှစ်တွင် တရုတ် (ထိုင်ပေ)အရေး၌အသင့်ဖြစ်နေရန်အတွက် ရုန်းကန်ကြိုးစားနေရလျက်ရှိသည်။ ရေတပ်စစ်ဆင်ရေးအကြီးအကဲ ဗိုလ်ချုပ်ကြီးလီဆာဖရန်ချက်တီသည် ၂၀၂၇ ခုနှစ်တွင် တရုတ်နိုင်ငံနှင့်ဖြစ်ပေါ်လာနိုင်သည့် ပဋိပက္ခအတွက် ကြိုတင်ပြင်ဆင်ထားရန် လမ်းညွှန်ချက်အသစ်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

အမေရိကန်၏ ရေတပ်စစ်ဆင်ရေးသဘောတရားဆိုင်ရာ စီမံကိန်းဟုခေါ်ဆိုသည့် Project 33 စီမံကိန်းသည် ပြုပြင်ထိန်းသိမ်းရန်လုပ်ငန်းကြွေးကျန်များ၊ တပ်သားသစ်စုဆောင်းရရှိမှုအတွက် စိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့်တိုက်ပွဲဝင်အသင့်ဖြစ်မှုနှင့်လုပ်ဆောင်နိုင်စွမ်းတို့အပေါ် အလေးထားလုပ်ဆောင်သွားရန်ရည်မှန်းထားရှိသည်။ ၎င်းစီမံကိန်းသည် အဓိကရည်မှန်းချက်နှစ်ခုသတ်မှတ်ထားရှိပြီး ရေတပ်အသင့်ဖြစ်မှုအဆင့်မြှင့်တင်ခြင်းနှင့်ပိုမိုကျယ်ပြန့်သောစစ်ဆင်ရေးတွင် အမေရိကန်ရေတပ်၏ အခန်းကဏ္ဍ ခိုင်မာအားကောင်းလာစေရန်ပင်ဖြစ်သည်။

ထို့ပြင် ၎င်းစီမံကိန်းသည် ပြုပြင်ထိန်းသိမ်းရန်လုပ်ငန်းကြွေးကျန်များဖြေရှင်းခြင်း၊ စက်ရုပ်နှင့်အလိုအလျောက်စနစ်များ အဆင့်မြှင့်တင်ခြင်း၊ တပ်ဖွဲ့ဝင်များတိုးမြှင့်စုဆောင်းခြင်းနှင့်ဆက်လက်ထိန်းသိမ်းထားရှိခြင်းတို့အပြင် အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်တည်ဆောက်ခြင်းတို့အပါအဝင် အရေးပါသောနယ်ပယ်ခုနစ်ခု သတ်မှတ်ထားရှိသည်။

၎င်းစီမံကိန်းသည် နယ်ပယ်ပေါင်းစုံပါဝင်သောစစ်ဆင်ရေးများနှင့် ကမ္ဘာလုံးဆိုင်ရာခြိမ်းခြောက်မှုကိုတုံ့ပြန်နိုင်သော နည်းပညာဆန်းသစ်တီထွင်မှုများအပေါ် အလေးထားလုပ်ဆောင်သွားမည်ဖြစ်သည်။ အထူးသဖြင့် တရုတ်နိုင်ငံ၏စစ်ရေးစွမ်းဆောင်ရည်များတိုးချဲ့လာမှုနှင့် ရုရှား၏ခိုင်မာပြတ်သားသည့်လုပ်ဆောင်မှုများအပေါ် တုံ့ပြန်ဆောင်ရွက်သွားနိုင်ရန်ပင်ဖြစ်သည်။ အမေရိကန်ရေတပ်သည် တိုက်ပွဲဝင်အသင့်ဖြစ်မှု၊တပ်ဖွဲ့များပေါင်းစပ်ခြင်းနှင့် စစ်ရေးဆိုင်ရာအခြေခံသဘောတရားများကျွမ်းကျင်အောင်လုပ်ဆောင်ခြင်း၊ AI အဆင့်မြှင့်တင်ခြင်း၊ မောင်းသူမဲ့ယာဉ်များနှင့် ပင်လယ်ရေကြောင်း စစ်ဆင်ရေးများဆောင်ရွက်ခြင်းဖြင့် ၎င်း၏လွှမ်းမိုးမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်ကြိုးပမ်းလျက်ရှိသည်။

အမေရိကန်ရေတပ်အနေဖြင့် နည်းပညာမြင့်မားသောတိုက်ပွဲများအတွက် အသင့်ဖြစ်နေရန်ကြိုတင်ပြင်ဆင်နေရမည်ဖြစ်သကဲ့သို့ အနာဂတ်စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက်လည်း အဆင့်မြှင့်တင်မှုလုပ်ငန်းများလုပ်ဆောင်သွားရန် လိုအပ်လျက်ရှိသည်။ အမေရိကန်ရေတပ်သည် သင်္ဘောတည်ဆောက်မှုစွမ်းဆောင်ရည်တွင် ခေတ်နောက်ကျလျက်ရှိပြီး စစ်ရေးမဟာဗျူဟာများမှာလည်း ခေတ်လွန်နေပြီဖြစ်သောကြောင့် အနာဂတ်တွင်ဖြစ်ပွားလာနိုင်သည့် ပဋိပက္ခတွင် အားနည်းချက်များရှိနေပြီဖြစ်သည်။

အမေရိကန်ရေတပ်သည် စစ်ရေယာဉ်များတည်ဆောက်ရာတွင်စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိသောကြောင့် တရုတ်နိုင်ငံ၏ အလျင်အမြန်တိုးတက်လျက်ရှိသော ရေတပ်အင်အားတိုးချဲ့မှုကို အမီလိုက်နိုင်ရန် ရုန်းကန်လှုပ်ရှားရလျက်ရှိသည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးမားဆုံးရေတပ်ကိုပိုင်ဆိုင်ထားရှိပြီး စစ်ရေယာဉ်အစီး ၃၇၀ အပြင် ရေငုပ်သင်္ဘောနှင့်ရေပြင်သွားတိုက်ခိုက်ရေးသင်္ဘောအစီး ၁၄၀ ကိုလည်း ပိုင်ဆိုင်ထားရှိသည်။

တရုတ်နိုင်ငံ၏ သင်္ဘောကျင်း ၁၃ ခုသည် အမေရိကန်၏ ရေတပ်သင်္ဘောကျင်း ခုနစ်ခုထက် စွမ်းဆောင်ရည် ပိုမိုသာလွန်လျက်ရှိသောကြောင့် စစ်ရေယာဉ်တည်ဆောက်ရာတွင် အမေရိကန်၏ ဟာကွက်များကို မီးမောင်းထိုးပြသလျက်ရှိသည်။ ထို့ပြင် အမေရိကန်သင်္ဘောကျင်းများသည် ကျွမ်းကျင်သောလုပ်သားပြတ်လပ်မှုများ၊ ဘတ်ဂျက်ဖြတ်တောက်ခံရမှုများ၊ လုပ်သားအင်အားလျော့ချရမှုများနှင့်ရင်ဆိုင်ရလျက်ရှိသောကြောင့် ရေတပ်တည်ဆောက်ရေးအတွက် ကျွမ်းကျင်လုပ်သားများလိုအပ်လျက်ရှိသည်။ သင်္ဘောကျင်းတစ်ခုတည်း၌ပင် စစ်ဘက်နှင့်အရပ်ဘက်သင်္ဘောများ ပိုမိုတည်ဆောက်နိုင်သည့် တရုတ်နိုင်ငံ၏ အရပ်ဘက်၊ စစ်ဘက်ပေါင်းစပ်မှုမဟာဗျူဟာသည် ကျွမ်းကျင်မှုနှင့် ထုတ်လုပ်မှုစွမ်းဆောင်ရည်တို့ကို မြှင့်တင်လျက်ရှိသည်။

ထို့ပြင် ခေတ်လွန်နေပြီဖြစ်သော စက်လက်နက်



ပစ္စည်းဝယ်ယူမှုမဟာဗျူဟာများနှင့်လေယာဉ်တင်သင်္ဘောများ၊ဖျက်သင်္ဘောများနှင့်ကမ်းထိုးယာဉ်များကဲ့သို့သောစစ်အကြွင်းအကျန်တန်ဖိုးကြီးမားသောစစ်ရေယာဉ်များအပေါ် မှီခိုအားထားခြင်းသည် အမေရိကန်၏ စစ်ရေယာဉ်တိုးချဲ့တည်ဆောက်ရေးစွမ်းဆောင်ရည်ကို ပိုမိုနှောင့်နှေးကြန့်ကြာစေလျက်ရှိသည်။

ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ကဲ့သို့သော အရေးပါသောမဟာမိတ်နိုင်ငံများတွင် အမေရိကန်စစ်ရေယာဉ်တည်ဆောက်ခြင်းသည် အမေရိကန်ရေတပ်သင်္ဘောအရေအတွက် မြှင့်တင်နိုင်ရေးအစားထိုးနည်းလမ်းတစ်ရပ်အဖြစ် စူးစမ်းလေ့လာလျက်ရှိသည်။ ကျွမ်းကျင်သူတချို့ကမူ ထိုသို့လုပ်ဆောင်ခြင်းသည် တတိယနိုင်ငံများသို့အမေရိကန်၏မဟာဗျူဟာကိုလက်လျှော့ပေးမှုနှင့် အလားသဏ္ဍာန်တူညီလျက်ရှိသောကြောင့် အမေရိကန်၏ အချုပ်အခြာအာဏာအပေါ် သက်ရောက်မှုရှိလာနိုင်သည်ဟု စိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်ပြောဆိုလျက်ရှိသည်။

အင်ဒို-ပစိဖိတ်ဒေသတွင် စုံစမ်းထောက်လှမ်းခြင်း၊နေရာပြခြင်း၊ ခြေရာခံခြင်း၊ ပစ်မှတ်သတ်မှတ်ခြင်း၊ တိုက်ခိုက်ခြင်းနှင့် တိုက်ပွဲပျက်စီးဆုံးရှုံးမှုဆန်းစစ်ခြင်းတို့ပါဝင်သည့် လုပ်ငန်းစဉ်များနှင့် စစ်လက်နက်ပစ္စည်းများ လွှမ်းခြုံပါဝင်သော အမေရိကန်၏ရန်သူချေမှုန်းရေးနည်းဗျူဟာသည် လိုက်လျောညီထွေရှိမှု၊ သတင်းဖလှယ်မှုစွမ်းဆောင်ရည်များအပေါ် ကန့်သတ်ချက်များရှိနေသောကြောင့်အလားအလာရှိသောပဋိပက္ခဝန်းကျင်များတွင် ထိရောက်မှုကို နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်စေလျက်ရှိသည်။

တရုတ်နိုင်ငံသည် နယ်ပယ်စုံတိကျစစ်ဆင်ရေး (MDPW) သဘောတရားမှတစ်ဆင့် အဆိုပါအားနည်းချက်ကို စူးစမ်းလေ့လာဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းသဘောတရားသည် အမေရိကန်စစ်ဆင်ရေးစနစ်တွင် အားနည်းချက်ကိုအလျင်အမြန်ခွဲခြားနိုင်ရန် AI နှင့် ခိုင်မာသောဒေတာကို အသုံးပြုသွားမည်ဖြစ်သည့်အပြင် အဆိုပါအားနည်းချက်များအပေါ် တိကျစွာတိုက်ခိုက်နိုင်ရေးနယ်ပယ်အားလုံးမှတပ်ဖွဲ့များကို အသုံးပြုသွားမည်ဖြစ်သည်။

စက်ရုပ်တီထွင်အသုံးချမှုပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် AI သည်ရေတပ်စစ်ဆင်ရေးတွင်အရေးပါလာလျက်ရှိသည်။ တပ်ဖွဲ့စည်းမှုအတွင်း အလိုအလျောက်ပေါင်းစပ်မှုစနစ်များရရှိရေး အမေရိကန်၏ကြိုးပမ်းမှုသည်နည်းပညာဆန်းသစ်တီထွင်မှုနှင့် နှောင့်ယှက်တိုက်ခိုက်သည့် နည်းဗျူဟာများဖြင့် တရုတ်နိုင်ငံ၏စစ်ရေယာဉ်တည်ဆောက်မှုကိုတုံ့ပြန်သွားမည့်မဟာဗျူဟာကို ပြသလျက်ရှိသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန (MOD) သည် အသင့်တည်ဆောက်ထားမှု၊ တန်ဖိုးနည်းမှု၊ ပင်လယ်ရေကြောင်းစစ်ဆင်ရေး (PRIME) အသေးစားမောင်းသူမဲ့ရေယာဉ်(SUSV)စီမံကိန်းအတွက် ဒီဇိုင်းအဆိုပြုချက်များ တောင်းခံထားရှိသည်။ ၎င်းလုပ်ငန်းသည် ပင်လယ်ရေကြောင်းစစ်ဆင်မှုစွမ်းဆောင်ရည်များ အဆင့်မြှင့်တင်သွားရန် အထူးသဖြင့် ထိုင်ဝမ်ရေလက်ကြားတွင် ဖြစ်ပေါ်လာနိုင်သည့် အလားအလာရှိသောပဋိပက္ခကို ရည်မှန်းထားရှိသည်။ ၎င်းစီမံကိန်းသည်ပေါင် ၁၀၀၀ သယ်ဆောင်ကာရေမိုင်၅၀၀မှ၁၀၀၀အထိသွားလာနိုင်သော GPS ဖမ်းယူမရသော ပတ်ဝန်းကျင်များတွင် အလိုအလျောက်လမ်းကြောင်း ရှာဖွေမှုဖြင့် တစ်နာရီလျှင် ရေမိုင် ၃၅ မိုင်မောင်းနှင်နိုင်သည့် ဒီဇိုင်းကို ရှာဖွေလျက်ရှိသည်။

အမေရိကန်၏စီမံကိန်းတွင် တစ်လအတွင်း တရုတ်တပ်ဖွဲ့များ ထိုင်ဝမ်ရေလက်ကြားသို့ မဝင်ရောက်နိုင်ရေး မောင်းသူမဲ့ဒရုန်းအုပ်များ၊ ရေငုပ်သင်္ဘောများနှင့် စစ်ရေယာဉ်များတပ်ဖြန့်ချထားခြင်းတို့ပါဝင်သည့်အတွက် အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များ ဝင်ရောက်ခွင့်အချိန်ရရှိစေမည်ဖြစ်သည်။

သို့သော် မောင်းသူမဲ့ယာဉ်(USVs)များသည်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးကန့်သတ်ချက်များရှိနေသည်။ ဒရုန်းအုပ်များသည် တရုတ်နိုင်ငံ၏ကာကွယ်ရေးကို လွှမ်းမိုးနိုင်စွမ်းရှိသော်လည်း အီလက်ထရောနစ်စစ်ဆင်ရေးနှင့် ဆိုက်ဘာတိုက်ခိုက်မှုများတွင် အားနည်းချက်များရှိနေသည်။ ထို့ပြင် အစုလိုက်အပြုံလိုက် တပ်ဖြန့်ချထားမှုသည် စဉ်ဆက်မပြတ်ကုန်ထုတ်လုပ်မှုများ လိုအပ်လျက်ရှိသည်။

အမေရိကန်အနေဖြင့် စစ်ရေယာဉ်တိုးမြှင့်တည်ဆောက်ရေးနှင့် နည်းပညာသစ်များတွင် ပေါင်းစည်းနိုင်ရေး ရုန်းကန်ရလျက်ရှိသောကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပဋိပက္ခအပေါ်ချက်ခြင်းတုံ့ပြန်ဆောင်ရွက်နိုင်မှုနှင့် အဆင့်တူနိုင်ငံများ၏ ခြိမ်းခြောက်မှုများကို ကျော်လွှားနိုင်မည့်ရေရှည်ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်မှုတို့ကြား အကျပ်အတည်း ကြုံတွေ့ရလျက်ရှိသည်။

အမေရိကန်ရေတပ်သည် အင်အားကြီးနိုင်ငံများနှင့်ပြိုင်ဆိုင်မှု အထူးသဖြင့် တရုတ်၊ ရုရှားနိုင်ငံတို့နှင့် ယှဉ်ပြိုင်ရာတွင် ရေတိုယှဉ်ပြိုင်နိုင်မှုမှသည်ရေရှည်တိုက်ခိုက်ရေးစွမ်းဆောင်ရည် အသင့်ဖြစ်မှုကို ပြောင်းလဲအကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုဖြစ်ပေါ်လျက်ရှိသည်။ အမေရိကန်ရေတပ်၏ လုပ်ဆောင်နိုင်စွမ်းရှိသည်ဆိုသော အမြင်သဘောထားသည် သမိုင်းအကြောင်းအရ စစ်ဆင်ရေးဆိုင်ရာအောင်မြင်မှုများကို အခြေခံနေခြင်းဖြစ်သည်။ သို့သော် အဆင့်မြင့်စစ်ဆင်ရေး တိုက်ပွဲဝင်အသင့်ဖြစ်မှုကင်းမဲ့နေခြင်း၊ လေ့ကျင့်သင်တန်းပေးမှုလိုအပ်ခြင်းနှင့်လူသားအရင်းအမြစ်လိုအပ်ချက်များကြောင့် အမေရိကန်ရေတပ်၏အလားအလာသည် ပြောင်းလဲလာလျက်ရှိသည်။ အမေရိကန်ရေတပ်သည် အဆိုပါ ပြဿနာများကိုဖြေရှင်းနိုင်ရန် ကြိုးပမ်းလျက်ရှိသော်လည်း တာဝန်ထမ်းဆောင်မှု၊ ပြုပြင်ထိန်းသိမ်းမှုနှင့် လေ့ကျင့်သင်တန်းပေးမှုတို့ကြားဟန်ချက်ထိန်းညှိနိုင်ရန် ရုန်းကန်ရလျက်ရှိသည်။

အမေရိကန်ရေတပ်အနေဖြင့် အနာဂတ်တိုက်ပွဲများတွင် အောင်မြင်မှုရရှိနိုင်ရန်သည် တိုက်ပွဲဝင်အသင့်ဖြစ်မှု၊ လေ့ကျင့်သင်တန်းပေးမှု၊ တပ်ဖွဲ့ဝင်အင်အားဖြည့်တင်းမှုတို့အပေါ် အလေးထားလုပ်ဆောင်သွားရန်လိုအပ်လျက်ရှိသည်။ အမေရိကန်မရိန်းတပ်ဖွဲ့များ၊ ကမ်းခြေစောင့်တပ်ဖွဲ့များနှင့် မဟာမိတ်ရေတပ်များမှ အတွေ့အကြုံများကိုရယူလျက်အဆင့်မြင့်လေ့ကျင့်သင်တန်းပေးမှုနှင့် အမှုထမ်းပိုင်းဆိုင်ရာလေ့ကျင့်ခြင်းကဲ့သို့သောအင်စတီကျူရှင်းပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သွားရန်လိုအပ်သည်။

အမေရိကန်ရေတပ်၏ရေရှည်အောင်မြင်မှုသည် နည်းပညာမြင့်မားသော ပင်လယ်ရေကြောင်းတိုက်ပွဲအတွက် လိုက်လျောညီထွေပြင်ဆင်နိုင်မှုနှင့် ကာလတိုစစ်ဆင်နိုင်မှုမှ ပြောင်းလဲဖော်ဆောင်နိုင်မှုအပေါ်မူတည်လျက်ရှိသည်။ အမေရိကန်ရေတပ်အနေဖြင့် ကမ္ဘာလုံးအတိုင်းအတာဖြင့် နေ့စဉ်လုပ်ငန်းလည်ပတ်လျက်ရှိသောကြောင့် နျူကလီးယားရေငုပ်သင်္ဘောများ၊ ဖျက်သင်္ဘောများ၊ လေယာဉ်တင်သင်္ဘောများနှင့် ခရူဇာသင်္ဘောများကဲ့သို့သော အဆင့်မြင့်ရေတပ်စွမ်းဆောင်ရည်များ လိုအပ်လျက်ရှိသည်။ အထူးသဖြင့် အရေးပါသောစစ်လက်နက်ပစ္စည်းများအသင့်ဖြစ်မှုနှင့် ဘဏ္ဍာငွေအရင်းအမြစ်များလိုအပ်လျက်ရှိသည်။

ထို့ကြောင့် အမေရိကန်ရေတပ်အနေဖြင့် စစ်ရေယာဉ်အသစ်များ၊ အသံလွန်လက်နက်များ၊ တိုက်ရိုက်စွမ်းအင်လက်နက်များနှင့် ဆန်းသစ်တီထွင်မှုများလိုအပ်လျက်ရှိသည့် အနာဂတ်ပဋိပက္ခများကြားတွင် လက်ရှိဆောင်ရွက်နေသောလုပ်ငန်းများ၊ တိုက်ပွဲဝင်အသင့်ဖြစ်မှုနှင့် စစ်ရေယာဉ်များပြုပြင်ထိန်းသိမ်းမှုတို့အတွက် ချက်ချင်းထောက်ပံ့ဖြည့်ဆည်းရေးနှင့် စပ်လျဉ်း၍လွှတ်တော်၌ အချေအတင်ဆွေးနွေးမှုများ လုပ်ဆောင်သွားရန်လိုအပ်လျက်ရှိပေသည်။

**ကိုးကား**

- **Project 33 : US Navy’s plan to beat China by 2027 by Asia Times.**

**မောင်စိန်အိ(နဘဲမြေ)**

# ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၄၅၂၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၄၅၂၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၃၂၂၆ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၂၄၀ ဧက၊ ဝက်လက်မြို့နယ်တွင် ၂၇၉၄ ဧကနှင့် ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၂၆၅ ဧက စုစုပေါင်း ၁၄၅၂၅ ဧက ဖြစ်ကြောင်း သိရသည်။

"ရွှေဘိုခရိုင်မှာ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မတ်ပဲ၁၄၅၂၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်သွားပါမယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများ စသည်တို့ကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တဲကြီးကုန်းကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါက တဲကြီးကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများရရှိစေရန်နှင့် တိုးပွားလာသော အတိုးရငွေများဖြင့် လူနေမှုဘဝမြင့်မားစေရေးအတွက် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ချေးငွေအတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ တဲကြီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၂၄ သန်း ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၆၄ ဦးကို ငွေကျပ် ၁၉ ဒသမ ၄ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၃ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၇ ဦးကို ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ပန်းတနော်မြို့နယ်တွင် ပီလောပီနံဥများ အရောင်းအဝယ်ကောင်းမွန်နေ

**ပန်းတနော် အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဒေသထွက် ပီလောပီနံဥများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် စက်တင်ဘာလ ဒုတိယပတ်မှစပြီး ယနေ့ထိ ဒေသထွက် ပီလောပီနံဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ပီလောပီနံဥများ ပေါ်နေချိန်ဖြစ်ပြီး ပီလောပီနံဥ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

''ပီလောပီနံတွေ အရောင်းအဝယ် ကောင်းနေတာကြောင့် တောင်သူတွေ ပီလောပီနံဥတွေကို စိုက်ပျိုးတာ တွေ့ရပါတယ်။ လက်ရှိတောင်သူတွေ စိုက်ထားတဲ့ပီလောပီနံဥတွေ စတင်ပေါ်နေတဲ့အချိန်ဖြစ်ပါတယ်။ အခုလို ပီလောပီနံဥတွေ အရောင်းအဝယ် ကောင်းမွန်နေတော့ စိုက်တဲ့ တောင်သူတွေနဲ့ လယ်ယာလုပ်သားတွေလဲ အဆင်ပြေနေပါတယ်။ ဒီနှစ် ပီလောပီနံဥတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူမှုများပြားနေပါတယ်" ဟု ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ပီလောပီနံဥအပါအဝင် အခြားရာသီပေါ် သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ တောင်သူတစ်ဦးလျှင် ပီလောပီနံ တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြကာ တစ်ဧကလျှင် ငွေကျပ် ၃၇၀၀၀၀ ထိကုန်ကျပြီး ပီလောပီနံဥထွက်ရှိချိန်တွင် ငွေကျပ် ၉၀၀၀၀၀ ထိ ရရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# မင်းလှမြို့နယ် ဗျက်ကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မင်းလှ အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ လွယ်ကူစွာရရှိစေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဗျက်ကြီးကျေးရွာအုပ်စု ဗျက်ကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့်ဝန်ထမ်းအဖွဲ့သည် အဆိုပါလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသော Royal Lucky Paing ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဗျက်ကြီးကျေးရွာ သောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့်အတူ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက ရေထွက်နှုန်းကောင်းမွန်စေရေး၊ လုပ်ငန်းအချိန်မီ ပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အလေးထား ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ဗျက်ကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းကို မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၇ ဒသမ ၆၈ သန်းဖြင့် အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် အလျားငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်မီတာတပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို Royal Lucky Paing ကုမ္ပဏီမှ တာဝန်ယူ၍ ဇွန် ၁၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေကို ရရှိမည်ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သန်းသန်းစိုး

# မိုင်းရှူးမြို့နယ် ပန်ငကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းစစ်ဆေး

**မိုင်းရှူး အောက်တိုဘာ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့် နမ့်တောင်ကျေးရွာအုပ်စု ပန်ငကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့်ဆက်စပ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ပန်ငကျေးရွာတွင် အရှည်ပေ ၃၀၀၀ ရှိ နှစ်လက်မ ရေပိုက်လိုင်းသွယ်တန်းခြင်း နှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ဆောက်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လအလိုက်ဖြည့်သွင်းရမည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိမရှိကြည့်ရှုစစ်ဆေးခဲ့သည်။

ပန်ငကျေးရွာ၌ ကျေးလက်ရေရရှိရေးအတွက် ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၃ ဒသမ ၈၅ သန်းကို အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၄၁ အိမ်မှ လူဦးရေ ၂၇၃ဦးတို့အတွက် သန့်ရှင်းသောသောက်ရေ၊ သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

# ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်



ဗန်ကောက် အောက်တိုဘာ ၄

ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ပင်းမြစ်တစ်လျှောက် မြစ်ရေပမာဏ လျှင်မြန်စွာ တိုးလာနေခြင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သည်ဟု တာဝန်ရှိသူများက အောက်တိုဘာ ၃ ရက်တွင် သတိပေးထားကြောင်း ယနေ့ သတင်းများအရ သိရသည်။

ထိုင်းနိုင်ငံတွင် မိုးရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိရာ ပင်းမြစ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့်မြစ်ကမ်းတစ်လျှောက်တွင်နေထိုင်သူများကို ကုန်းမြင့်နေရာများသို့ ရွှေ့ပြောင်းကြရန်နှင့် ဆေးရုံ၊ဆေးခန်းများရှိ လူနာများကို ဘေးကင်းသောနေရာများသို့ ရွှေ့ပြောင်းထားကြရန် ပြည်နယ်အုပ်ချုပ်ရေးမှူး နီရတ်ပေါင်စစ်သီသာဝမ်က သတိပေးပြောကြားထားကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းခြင်းများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် ပင်းမြစ်ရေသည် လေးမီတာကျော်သည်ထိ လျှင်မြန်စွာမြင့်တက်လာခဲ့ပြီး ချင်းမိုင်စည်ပင်သာယာရေးအဖွဲ့မှတာဝန်ရှိသူများက မြစ်ကမ်းပါးတစ်လျှောက် အခြေအနေကို အနီးကပ်စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိပြီး အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများအတွက် အသင့်ပြင်ဆင်ထားကြောင်း၊ ရေကြီးရေလျှံမှု ဖြစ်ပွားလေ့ရှိသော ဒေသများတွင် အတားအဆီးများ ပြုလုပ်ရန် သက်ဆိုင်ရာ အဖွဲ့အစည်း အသီးသီးကိုလည်း ညွှန်ကြားထားကြောင်း နီရတ်ပေါင်စစ်သီသာဝမ်က ဆက်လက်ပြောကြားခဲ့သည်။

ပြည်နယ်မြောက်ပိုင်း ဒေသများတွင် အောက်တိုဘာ ၁၂ ရက်ထိ မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်နိုင်ရာ ရေကြီးရေလျှံမှုများ ဆက်လက် ဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : AZH

# ဘူရွန်ဒီနိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် စားနပ်ရိက္ခာကျပ်တည်းမှုကိုဖြေရှင်းရန် IAEA က နည်းပညာကူညီလျက်ရှိ

ဘူဂျမ်ဘူရာ အောက်တိုဘာ ၄

မိုးခေါင်ရေရှားမှုကြောင့် စားနပ်ရိက္ခာအကျပ်အတည်းဖြင့် ရင်ဆိုင်နေရသော ဘူရွန်ဒီနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံစေရေး နို့စားနွားမွေးမြူရေးလုပ်ငန်းများတွင် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ(IAEA)က နည်းပညာများပံ့ပိုးပေးခြင်းဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါအေဂျင်စီမှ အောက်တိုဘာ ၃ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်ရေရှားမှုကြောင့် စားနပ်ရိက္ခာအကျပ်အတည်းဖြင့် ရင်ဆိုင်နေရသော ဘူရွန်ဒီနိုင်ငံတွင် နို့စားနွားများ နို့ထွက်ရှိမှုကောင်းမွန်စေရေးနှင့် ရောဂါဖြစ်ပွားမှု တားဆီးရေးအတွက် ဘူရွန်ဒီအမျိုးသား ဓာတ်ခွဲခန်းအတွက် ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး နျူကလီးယားနှင့် ဆက်စပ်နည်းပညာများကို အသုံးပြုလျက် ကျန်းမာပြီး ထုတ်လုပ်မှုမြင့်မားသော တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းဖြစ်စေရန် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဘူရွန်ဒီနိုင်ငံရှိ မွေးမြူရေးတိရစ္ဆာန်များတွင် ခြေထောက်နှင့် ခံတွင်းဆိုင်ရာရောဂါများ၊ အဖျားရောဂါနှင့် တိရစ္ဆာန်တီဘီရောဂါကဲ့သို့ရောဂါများ ဖြစ်ပွားလေ့ရှိကြောင်း၊ ယခုအခါ IAEA နှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့ ပူးပေါင်းမှုဖြင့် အစားအစာနှင့် စိုက်ပျိုးရေးဆိုင်ရာ နျူကလီးယား နည်းပညာများမှတစ်ဆင့် ဘူရွန်ဒီအမျိုးသားဓာတ်ခွဲခန်းနှင့် အမျိုးသားဖန်ပြွန်သန္ဓေသားဗဟိုဌာနတို့ရှိ စက်ကိရိယာများကို အဆင့်မြှင့်တင်ပေးခဲ့ပြီး ရောဂါရှာဖွေဖော်ထုတ်ရေး လေ့ကျင့်သင်ကြားပေးခဲ့ရာ နှစ်စဉ် တိရစ္ဆာန်ရောဂါပိုးနမူနာပေါင်းတစ်သောင်းကျော်ကို ရှာဖွေဖော်ထုတ်ဓာတ်ခွဲခြင်းများဆောင်ရွက်နိုင်ပြီး ယခင် ရှာဖွေဖော်ထုတ်မှုများထက် သုံးဆပိုမိုစမ်းသပ်ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ၏ ရလဒ်အဖြစ် နို့စားနွားများတွင် နို့ထွက်နှုန်းမှာ ယခင် နေ့စဉ်ပျမ်းမျှ ၁ ဒသမ ၄ လီတာထွက်ရာမှ ၆ ဒသမ ၅ လီတာထိ တိုးတက်လာနိုင်ကြောင်း ဘူရွန်ဒီတက္ကသိုလ်မှ စစ်တမ်းတစ်ခုအရ သိရသည်။

Ref : Russia Today

Trs : AZH

# စိုက်ပျိုးရေးကဏ္ဍမှ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေမှုကို ထိန်းချုပ်ရန် အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းကို တရားရုံးချုပ်က တိုက်တွန်း

နယူးဒေလီ အောက်တိုဘာ ၄

အိန္ဒိယနိုင်ငံသည် လေထုညစ်ညမ်းမှုနှုန်းမြင့်မားသော ကမ္ဘာ့နိုင်ငံများစာရင်းတွင် ပါဝင်နေပြီး လေထုညစ်ညမ်းမှု လျှော့ချနိုင်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်သွားရန်လိုအပ်နေ၍ အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းအနေဖြင့် စိုက်ပျိုးရေးကဏ္ဍမှ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေမှုများကို ထိန်းချုပ်ရန် အိန္ဒိယတရားရုံးချုပ်က အာဏာပိုင်အဖွဲ့အစည်းကို တိုက်တွန်းခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြေယာများကို မီးရှို့ရှင်းလင်းရာမှ ထွက်ပေါ်လာသော မီးခိုးငွေ့များသည် လူနေရပ်များသို့ပျံ့နှံ့ရာမှ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေသော လေထုညစ်ညမ်းမှုများဖြစ်ပေါ်လာခြင်းဖြစ်သည့်အတွက် မြေယာမီးရှို့ရှင်းလင်းသည့်စနစ်ကို ရပ်တန့်စေရေးအတွက် အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းအနေဖြင့် ထိန်းချုပ်သင့်ကြောင်း တရားရုံးချုပ်က တိုက်တွန်းခဲ့သည်။

"မြေယာတွေမီးရှို့ရှင်းလင်းတဲ့စနစ်ကြောင့် လေထုညစ်ညမ်းမှုနှုန်းမြင့်တက်နေပါတယ်။ ၂၀၂၃ ခုနှစ်ကဖြစ်ပေါ်တဲ့ လေထုညစ်ညမ်းမှုပမာဏနဲ့နှိုင်းယှဉ်ရင် ဒီနှစ်မှာ လေထုညစ်ညမ်းမှုနှုန်းက ပိုများနေတာလဲတွေ့ရပါတယ်။ အထူးသဖြင့် ပန်ဂျပ်ပြည်နယ်နဲ့ ဟာယာနာပြည်နယ်တို့မှာ လေထုညစ်ညမ်းမှုနှုန်း သိသိသာသာမြင့်တက်လာပါတယ်။ တောင်သူတွေ မြေယာမီးရှို့ရှင်းလင်းတဲ့စနစ်ကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် တာဝန်ရှိသူတွေအနေနဲ့ တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေ အမြန်ဆုံးချမှတ်သင့်ပါတယ်"ဟု အိန္ဒိယတရားရုံးချုပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat



# ဗြိတိန်နိုင်ငံတွင် သန့်ရှင်းသောစွမ်းအင်ကဏ္ဍအတွက် စတာလင်ပေါင် ၂၁ ဒသမ ၇ သန်း အသုံးပြုမည်

လန်ဒန် အောက်တိုဘာ ၄

ဗြိတိန်နိုင်ငံသည် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ထုတ်လွှတ်မှုသုညမှတ်သို့ရောက်ရှိရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီး သန့်ရှင်းသောစွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကာဗွန်ဖမ်းယူမှုနှင့် သိုလှောင်မှု(CSS) စီမံကိန်း အောင်မြင်စေရန် စတာလင်ပေါင် ၂၁ ဒသမ ၇ သန်း အသုံးပြုသွားမည်ဖြစ်ကြောင်း ဗြိတိန်အစိုးရက ယနေ့တွင် ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

ကာဗွန်ဖမ်းယူမှုနှင့် သိုလှောင်မှု(CSS)စီမံကိန်းကို တိုးတက်အောင် ဆောင်ရွက်သွားရေးမှာ ၂၀၅၀ ပြည့်နှစ် အရောက်တွင် ဗြိတိန်နိုင်ငံ၏ ကာဗွန်ထုတ်လွှတ်မှုသုညမှတ်သို့ရောက်ရှိရေးအတွက် အရေးပါသော စီမံကိန်းဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးအတွက် အရေးပါသည့် စီမံကိန်းဖြစ်သည့်အတွက် လိုအပ်သောငွေကြေးကို အစိုးရအနေဖြင့် အမြန်ဆုံးခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကာဗွန်ဖမ်းယူမှုနှင့် သိုလှောင်မှု(CSS) စီမံကိန်းဟာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွေ အများကြီးဝင်ရောက်လာနိုင်ပါတယ်။ အထူးသဖြင့် စီမံကိန်း ဆောင်ရွက်သွားမဲ့မာဆေးဆိုက်နဲ့ တက်ဆိုက်ဒေသတွေမှာနေထိုင်တဲ့ ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာစေမှာဖြစ်ပါတယ်"ဟု ဗြိတိန်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရေချယ် ရီးဗက်စ်က ပြောကြားခဲ့သည်။

ကာဗွန်ဖမ်းယူမှုနှင့် သိုလှောင်မှု(CSS)စီမံကိန်း၏ အဓိကရည်မှန်းချက်မှာ လေထုအတွင်းပျံ့လွင့်နေသည့် ကာဗွန်များကိုဖမ်းယူကာ မြေအောက်တွင် သိုလှောင်ပေးသွားမည်ဖြစ်ပြီး တစ်နှစ်လျှင်ကာဗွန်ပမာဏ ၈ ဒသမ ၅ သန်း မက်ထရစ်တန်ချိန်ထိ ဖမ်းယူသိုလှောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# တရုတ်(တိုင်ပေ)တွင် ကရာသွန်တိုင်ဖွန်းမုန်တိုင်းကြောင့် ယာယီပိတ်ထားသော စာသင်ကျောင်းများ၊ လေဆိပ်များ ပြန်လည်ဖွင့်လှစ်

တိုင်ပေ အောက်တိုဘာ ၄

တရုတ်(တိုင်ပေ)တွင် အောက်တိုဘာ ၃ ရက်က ကရာသွန်ဟု အမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ယနေ့တွင် မုန်တိုင်းအခြေအနေ တည်ငြိမ်သွားပြီဖြစ်သည့်အတွက် ပိတ်ထားသော စာသင်ကျောင်းများ၊ လေဆိပ်များနှင့် လမ်းများကို ပုံမှန်အတိုင်းပြန်လည်ဖွင့်လှစ်လိုက်ကြောင်း တရုတ်(တိုင်ပေ)အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကရာသွန် တိုင်ဖွန်းမုန်တိုင်းကြောင့် တရုတ်(တိုင်ပေ)တွင် သေဆုံးသူနှစ်ဦးရှိခဲ့ပြီး မုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားကာ အပျက်အစီးများခဲ့ကြောင်း၊ သစ်ပင်ကြီးတချို့ လဲကျမှုများ၊ ဓာတ်တိုင်တချို့လဲကျမှုများလည်း ဖြစ်ပေါ်ခဲ့ပြီး ယနေ့တွင် ရှင်းလင်းရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း တရုတ်(တိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မုန်တိုင်းတိုက်ခတ်တဲ့ကာလအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်တဲ့ နေရာတွေကိုသဲအိတ်တွေနဲ့အတားအဆီးပြုလုပ်ခဲ့တာ ထိရောက်မှုမရှိခဲ့ပါဘူး။ လေတိုက်နှုန်းတွေ တအားမြင့်မားတဲ့အတွက် အတားအဆီးတွေ အဆင်မပြေဖြစ်ခဲ့တာပါ။ အောက်တိုဘာ ၃ ရက်မှာ မုန်တိုင်းဝင်ရောက်ပြီး နာရီပိုင်းအကြာမှာ ပြန်လည်တည်ငြိမ်သွားခဲ့တဲ့အတွက် ယနေ့မှာ ရှင်းလင်းရေးလုပ်ငန်းတွေကိုစတင်နိုင်ခဲ့ပါတယ်"ဟု ကောင်းစီယွမ်မြို့တော်ဝန် ချန်ချီမိုင်က ပြောကြားခဲ့သည်။


ကရာသွန် တိုင်ဖွန်းမုန်တိုင်းကြောင့် ကောင်းစီယွမ်ဆိပ်ကမ်းမြို့တွင် အပျက်အစီးများခဲ့ခြင်းဖြစ်ပြီး ကောင်းစီယွမ်မြို့တော်ဝန်က ရှင်းလင်းရေး လုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# တနင်္ဂနွေနေ့ညပွဲစဉ်တွေထဲက ခြေစွမ်းပိုင်းထက်မြက်နေတဲ့ စပါးအသင်း၊ လန်းစ်အသင်း၊ ဘီလ်ဘာအိုအသင်းတို့နဲ့ လက်တွဲရမှာပါ

ML



လက်ရှိယှဉ်ပြိုင်နေတဲ့ ဥရောပအမှတ်ပေးပွဲတွေဟာ ပွဲစဉ်(၅)ကျော်လာတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာခဲ့ပြီး အသင်းတွေရဲ့စွမ်းဆောင်ရည်ပိုင်းတွေကို သိသိသာသာမြင်တွေ့လာရတာဖြစ်ပါတယ်။ လက်ရှိမှာတော့ ထိပ်တန်းအဆင့်ကစားသမား ခေါ်ယူနိုင်တဲ့အသင်းက ပြိုင်ပွဲစုံမှာ ရလဒ်ကောင်းဖို့အရေးသာနေသလို နည်းစနစ်ပိုင်းပါ ကောင်းမယ်ဆိုရင်တော့ ဆုဖလားတွေသိမ်းပိုက်နိုင်တာကို ပရီးမီးယားလိဂ်က မန်စီးတီးက သက်သေပြနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ယခုပြိုင်ပွဲတွေဟာ ယခင်ကလို ချဉ်းကပ်ရမလွယ်တော့ဘဲ VAR စနစ်ပါလာတာကြောင့် အကျောပေးမှုကိုပါ ထည့်သွင်းစဉ်းစားရတာဖြစ်ပါတယ်။ ဒါကြောင့် လာမဲ့ပွဲတွေမှာလဲ ခြေစွမ်းပိုင်းထက်မြက်မှုတင် မလုံလောက်တော့ဘဲ အကျောပေးမှုမှာလဲ နိုင်ပွဲရဖို့သေချာစေမဲ့အသင်းတွေနဲ့ပဲ လက်တွဲရမှာပါ။

## စပါးအသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ ပရီးမီးယားလိဂ်ပြိုင်ပွဲမှာ အကြိုက်တွေ့မိတာကတော့ ဘရိုက်တန်နဲ့ စပါးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘရိုက်တန်အသင်းဟာ အဓိက ကစားသမားတွေဖြစ်တဲ့ တိုက်စစ်မှူး အန်ဖီ၊ ဘွန်နာနိုတီ၊ ဂယ်မေ်ာတို့ကို လက်လွှတ်ခဲ့ရပေမဲ့ နည်းပြသစ် ဟာဇီလာလက်ထက်မှာ ခြေစွမ်းပိုင်းကျဆင်းသွားခြင်းမရှိပါဘူး။ လက်ရှိ အမှတ်ပေးပွဲခြောက်ပွဲအပြီးမှာတော့ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ အဆင့်(၉)မှာရောက်ရှိနေပြီး ဂျိမ်းမင်နာ၊ ဂျာအိုပက်ထရိုတို့ ဒဏ်ရာရပြီး နောက်ပိုင်းမှာတော့ တိုက်စစ်ကစားပုံ ကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာတော့ အာဆင်နယ်ကို သရေကစားနိုင်ခဲ့ပေမဲ့ အစ်ဗ့စ်၊ နော်တင်ဟမ်တို့ကို နိုင်ပွဲမရဘဲ ချဲလ်ဆီးအသင်းကိုလည်း လေးဂိုးနှစ်ဂိုးနဲ့ရှုံးခဲ့တဲ့ခြေစွမ်းပိုင်းက အားရစရာမကောင်းပါဘူး။ နည်းပြဟာဇီလာကတော့ ပြိုင်ဘက်ရဲ့ကစားပုံကိုလိုက်ပြီး နည်းစနစ်ပိုင်းပြောင်းလဲနေသလို တိုက်စစ်ပိုင်းမှာလဲ ဝဲလ်ဘတ်၊ ရက်တာ၊ မီတိုမာ၊ ဖာဂူဆန်၊ အန်စီဆိုတို့ကို အလှည့်ကျသုံးနေတာကို သတိပြုရမှာပါ။ ဘရိုက်တန်တိုက်စစ်ပိုင်းဟာ ပြိုင်ဘက်မရွေး ဂိုးသွင်းယူနိုင်စွမ်းရှိပေမဲ့ တိုက်စစ်အားသန်တဲ့အသင်းတွေနဲ့ဆို ခံစစ်ပိုင်းအားနည်းချက်ရှိနေတာကြောင့် တိုက်စစ်လိုက်မကူနိုင်တော့ဘဲ ရှုံးပွဲကြုံခဲ့တာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာ အသင်းက ဂျိမ်းမင်နာ၊ ဂျာအိုပက်ထရို၊ ဗက်မန်းအပါအဝင် ကစားသမားရှစ်ယောက်ထိ ဒဏ်ရာရနေတာကလဲ စပါးတိုက်စစ်ကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။

စပါးအသင်းဟာ နွေရာသီအပြောင်းအရွှေ့မှာ အိုဒိုဘာ့၊ ဆိုလန်ကီ၊ ဂရေးတို့လိုကစားသမားတွေကိုခေါ်ယူခဲ့ပြီး တိုက်စစ်ကစားပုံမြှင့်တင်ခဲ့တာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ပွဲစဉ်မှာဆိုရင် မန်ယူအသင်းကို ဆိုလန်ကီ၊ ဂျွန်ဆင်၊ ဝါနာတို့ တိုက်စစ်အတွဲနဲ့ဖိအားပေးနိုင်ခဲ့လို သုံးဂိုးပြတ်နဲ့ အနိုင်ရခဲ့ပြီး ဆိုလန်ကီနဲ့ ဂျွန်ဆင်က တစ်ဂိုးစီသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ နည်းပြ ပိုစတီကိုဂလူအနေနဲ့ အာဆင်နယ်အသင်းကိုရှုံးနိမ့်ပြီး နောက်ပိုင်းခံစစ်ကစားပုံပြင်ဆင်နိုင်ခဲ့တာကြောင့် နောက်ဆုံးလေးပွဲဆက်မှာ ခံစစ်က ပေးဂိုးနှစ်ဂိုးသာရှိခဲ့သလို တိုက်စစ်ပိုင်းက ၁၁ ဂိုးထိသွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ အသင်းအနေနဲ့လဲ ယုံကြည်မှုပိုင်းအားကောင်းနေတာကြောင့် လက်ရှိအချိန်မှာ ပြိုင်ဘက်မရွေးယှဉ်ပြိုင်နိုင်စွမ်းရှိနေသလို ဒဏ်ရာရကစားသမားထပ်မရှိခဲ့ဘူးဆိုရင် ချန်ပီယံဆုကို ခြိမ်းခြောက်နိုင်တဲ့ထိဖြစ်လာမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲခြောက်ပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးခဲ့တာကြောင့် အဆင့်(၈)မှာရောက်နေပေမဲ့ အဆင့်(၁)က လီဗာပူးနဲ့ ရမှတ်ငါးမှတ်သာ ကွာဟနေတာကို တွေ့ရမှာပါ။ စပါးအသင်းဟာ ဘရိုက်တန်နဲ့ နောက်ဆုံးလေးပွဲဆက်တွေ့ဆုံမှုမှာ အနိုင်၊ အရှုံးမပြတ်သားခဲ့ပေမဲ့ ထိပ်တိုက်တွေ့ဆုံမှုမှာတော့ အသာရနေတာကြောင့် ဒီပွဲမှာ တိုက်စစ်ထက်မြက်နေတဲ့ စပါးအသင်းကို ရွေးချယ်ရမှာပါ။

### ဘရိုက်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၁ | - | ၁ | ဘရိုက်တန် |
| ဘရိုက်တန် | ၀ | - | ၀ | အစ်ဗ့စ် |
| ဘရိုက်တန် | ၃ | - | ၂ | ဝုဖ် |
| ဘရိုက်တန် | ၂ | - | ၂ | နော်တင်ဟမ် |
| ချဲလ်ဆီး | ၄ | - | ၂ | ဘရိုက်တန် |

### စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စပါး | ၀ | - | ၁ | အာဆင်နယ် |
| ကိုဗင်ထရီ | ၁ | - | ၂ | စပါး |
| စပါး | ၃ | - | ၁ | ဘရန့်ဖို့ဒ် |
| စပါး | ၃ | - | ၀ | ကွာရာဘတ် |
| မန်ယူ | ၀ | - | ၃ | စပါး |

## လန်းစ်အသင်း ရလဒ်ကောင်းမှာပါ

ပြင်သစ်လီဂူးပွဲစဉ်(၇)မှာ အကြိုက်တွေ့မိတာကတော့ စထရာဘော့နဲ့လန်းစ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ စထရာဘော့အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ မာဆေးအသင်းကို နိုင်ပွဲရခဲ့တာကြောင့် ယုံကြည်မှုပိုင်းအားကောင်းနေတယ်လို့ဆိုရမှာပါ။ အဲဒီပွဲစဉ်မှာ သူတို့အသင်းဟာ အသစ်ခေါ်ယူထားတဲ့ လူငယ်ကစားသမားတွေရဲ့ခြေစွမ်းနဲ့ မာဆေးကို ဖိအားပေးနိုင်ခဲ့ပြီး တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ စထရာဘော့ဟာ အမှတ်ပေးပွဲခြောက်ပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးနဲ့ ရမှတ်ကိုးမှတ်သာရခဲ့တာကြောင့် အဆင့်(၈)မှာရောက်နေပေမဲ့ အဆင့်(၆)က လန်းစ်နဲ့ ရမှတ်တစ်မှတ်သာကွာဟနေတာကို သတိပြုရမှာပါ။ အထူးသဖြင့် အဝေးကွင်းပွဲတွေမှာ ပေးဂိုးများခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာတော့ နောက်ဆုံးကစားခဲ့တဲ့အိမ်ကွင်းသုံးပွဲမှာ ရင်းနက်ကို သုံးဂိုးတစ်ဂိုး၊ အန်ဂါကို တစ်ဂိုးစီသရေ၊ မာဆေးကို တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့တာကြောင့် အိမ်ကွင်းကစားပုံကောင်းနေတယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ လူငယ်တွေရဲ့ အတွေ့အကြုံပိုင်းလိုအပ်ချက်နဲ့ ဒဏ်ရာရကစားသမားငါးယောက်ထိရှိနေတာက လန်းစ်အသင်းကို ထိန်းချုပ်ကစားနိုင်ဖို့ခက်မှာပါ။

လန်းစ်အသင်းဟာ အမှတ်ပေးပြိုင်ပွဲခြောက်ပွဲအပြီးမှာ နှစ်ပွဲနိုင်၊ လေးပွဲသရေနဲ့ရှုံးပွဲမရှိခဲ့ဘဲ ရမှတ် ၁၀ မှတ်နဲ့ အဆင့်(၆)မှာ ရပ်တည်နေတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာတော့ ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲကလွဲရင် ကျန်ပွဲလေးပွဲစလုံး သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ခံစစ်ကစားပုံကောင်းခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နွေရာသီမှာ ခြေစွမ်းပြတိုက်စစ်မှူးဝါဟီကို ရောင်းချခဲ့တာကြောင့် ဂိုးသွင်းအားကျဆင်းသွားပေမဲ့ ခံစစ်နဲ့ကွင်းလယ်ပိုင်းကတော့ တည်ငြိမ်နေတာဖြစ်ပြီး တိုက်စစ်ကစားအားမြှင့်တင်နိုင်မယ်ဆိုရင် အခုပွဲမှာ စထရာဘော့လိုအသင်းကို ဖိအားပေးကစားနိုင်မှာဖြစ်ပါတယ်။ လန်းစ်အသင်းဟာ စထရာဘော့နဲ့ နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှုသုံးကြိမ်မှာ သုံးပွဲစလုံးအနိုင်ရခဲ့သလို လက်ရှိခြေစွမ်းပိုင်းနဲ့ နည်းစနစ်ပိုင်းအရ လန်းစ်အသင်းကပဲ အသာရနေတာကြောင့် လန်းစ်အသင်း ရလဒ်ကောင်းမှာပါ။

### စထရာဘော့အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စထရာဘော့ | ၃ | - | ၁ | ရင်းနက် |
| လိုင်ယွန် | ၄ | - | ၃ | စထရာဘော့ |
| စထရာဘော့ | ၁ | - | ၁ | အန်ဂါ |
| လိုင်လီ | ၃ | - | ၃ | စထရာဘော့ |
| စထရာဘော့ | ၁ | - | ၀ | မာဆေး |

### လန်းစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပါနာသီယာကို့စ် | ၂ | - | ၀ | လန်းစ် |
| မိုနာကို | ၁ | - | ၁ | လန်းစ် |
| လန်းစ် | ၀ | - | ၀ | လိုင်ယွန် |
| ရင်းနက် | ၁ | - | ၁ | လန်း |
| လန်းစ် | ၀ | - | ၀ | နိုက် |

## ဘီလ်ဘာအိုအသင်းနဲ့ လက်တွဲရမှာပါ

လာလီဂါပွဲစဉ်(၉)မှာ အကြိုက်တွေ့မိတာကတော့ ဂျီရိုနာအသင်းနဲ့ ဘီလ်ဘာအိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံမှုမှာ ဘီလ်ဘာအိုက သုံးဂိုးနှစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပြီး အဲဒီအချိန်မှာ ဂျီရိုနာအသင်းဟာ ခြေစွမ်းပိုင်းအကောင်းဆုံးအချိန်ကို ရောက်နေပေမဲ့ ဘီလ်ဘာအိုရဲ့နည်းစနစ်ပိုင်းအောက်မှာ အလုပ်မဖြစ်ခဲ့ဘဲ ရှုံးပွဲကြုံခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာတော့ ဂျီရိုနာအသင်းဟာ အသင်းက အင်္ဂါးခေါ်ယူထားတဲ့ကစားသမားတွေကို လက်လွှတ်ရတဲ့အပြင် တိုက်စစ်မှူး ဒိုဘိခ်၊ ဂါစီယာတို့လို ခြေစွမ်းပြကစားသမားတွေကိုလဲ ရောင်းချခဲ့တာကြောင့် မနှစ်ကလောက် ခြေစွမ်းပိုင်းမကောင်းတော့တာကို သတိပြုရမှာပါ။ အမှတ်ပေးပွဲရှစ်ပွဲအပြီးမှာတော့ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ အဆင့်(၁၂)မှာရပ်တည်နေပြီး နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာလဲ သုံးပွဲရှုံး၊ နှစ်ပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ အသင်းရဲ့ အဓိက ကစားသမားတွေဖြစ်တဲ့ ဒါလေဘလိုင်းနဲ့ ရီမီယူတို့ ဒဏ်ရာရနေတာကလဲ အသင်းအတွက် ထိုးနှက်ချက်ဖြစ်နေတာကြောင့် အခုပွဲမှာ ရုန်းကန်ရဖို့သေချာပါတယ်။

ဘီလ်ဘာအိုအသင်းဟာ နွေရာသီအပြောင်းအရွှေ့မှာ အဓိက ကစားသမားခေါ်ယူမှုမလုပ်နိုင်ခဲ့ပေမဲ့ အသင်းက ခြေစွမ်းပြကစားသမားတွေအားလုံးကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲရှစ်ပွဲအပြီးမှာ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးနဲ့ အဆင့်(၄)မှာရပ်တည်နေပါတယ်။ သူတို့အသင်းဟာ အေတီကိုအသင်းကို တစ်ဂိုးဂိုးမရှိနဲ့ ရှုံးခဲ့ပြီးနောက်ပိုင်း တိုက်စစ်ကစားပုံ ထက်မြက်လာကြောင့် နောက်ဆုံးငါးပွဲဆက် ရှုံးပွဲမရှိတော့ဘဲ တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးရခဲ့တာကို တွေ့ရမှာပါ။ နည်းပြ ဗယ်ဗာဒီကတော့ ပြိုင်ဘက်ရဲ့ကစားပုံကိုကြည့်ပြီး နည်းစနစ်ပိုင်းပြောင်းလဲနေသလို တိုက်စစ်ကလဲ အီနာကီဝီလျံ၊ နစ်ကိုးဝီလျံတို့လိုကစားသမားတွေ ခြေစွမ်းပြသနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ဟာရဲရား၊ ဆန်းစက်၊ ဆိုင်မွန်တို့လို ခံစစ်ပိုင်းကစားသမားတွေဒဏ်ရာရနေလို့ အားနည်းချက်ရှိနေပေမဲ့ ဂျီရိုနာလို ခြေစွမ်းတည်ငြိမ်မှုမရှိတဲ့အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာသေချာပါတယ်။ လက်ရှိ သူတို့နှစ်သင်း ကစားသမားစုဖွဲ့မှုနဲ့ခြေစွမ်းပိုင်းမှာလဲ ဘီလ်ဘာအိုက သာနေသလို ထိပ်တိုက်တွေ့ဆုံမှုမှာလဲ အသာရနေတာကြောင့် ဘီလ်ဘာအိုအသင်းနဲ့ လက်တွဲရမှာပါ။

### ဂျီရိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဗွီ | ၁ | - | ၀ | ဂျီရိုနာ |
| ဗလင်စီယာ | ၂ | - | ၀ | ဂျီရိုနာ |
| ဂျီရိုနာ | ၀ | - | ၀ | ဗယ်လ်ကာနို |
| ဆဲလ်တာဗီဂို | ၁ | - | ၁ | ဂျီရိုနာ |
| ဂျီရိုနာ | ၂ | - | ၃ | ဖီရင်နူ |

### ဘီလ်ဘာအိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လက်ပါးမက်စ် | ၂ | - | ၃ | ဘီလ်ဘာအို |
| လီဂါနက်စ် | ၀ | - | ၂ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၃ | - | ၁ | ဆဲလ်တာဗီဂို |
| ရိုးမား | ၁ | - | ၁ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၁ | - | ၁ | ဆီဗီလာ |

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၉၂၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ရွှေဘို အောက်တိုဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၄၉၂၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၅၁၆၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၉၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ နေကြာ ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ နေကြာတစ်ဧက ဆီထွက်ရှိမှုက မြေပဲ၊ နှမ်းတွေထက် ပိုမိုထွက်ရှိပါတယ်။ နေကြာကို ဆောင်းမှာပဲ စိုက်ကြတာပါ"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး သင်တန်းများ အချိန်မြှင့်တင် ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အချိန်မြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူသို့ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# စေတုတ္တရာမြို့နယ် ခြင်ပြစ်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

စေတုတ္တရာ အောက်တိုဘာ ၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခြင်ပြစ်ကိုင်းကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးခြင်းကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးနန္ဒာလင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များကို ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက ခြင်ပြစ်ကိုင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၃၉ ဒသမ ၆၀ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များက ခြင်ပြစ်ကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၂၈ ဒသမ ၇၀ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၆ ဒသမ ၉၀ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် လေးသန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉ ဒသမ ၆၀ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အေးနန္ဒာလင်းက ပြောပြ၍ သိရသည်။

ကိုညို

# ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်



# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်



We Protect The Family

မိသားစုဘဝ လုံခြုံစိတ်ချဖို့ ကျန်းမာရေးအာမခံ ထားကြစို့!

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(၂၇)၊ Grade-9 တွင် ပညာသင်ကြားနေသော မောင်ဟိန်းမင်းထက်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသိန်းတန် ဖြစ်ပါကြောင်း။

ဦးသိန်းတန် (၅/ဆလက(နိုင်)၀၆၂၈၃၉)

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ မဝင်းစန္ဒာ (ဘ) ဦးကျော်ညွန့် (၉/မနတ(နိုင်)၀၆၇၈၃၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၇၇၃၁၂၇၃

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)နေ ဦးမားဒိတ်ပြောင် (ဘ) ဦးဗန်ခေါပြန် (၅/ကလထ(နိုင်)၂၁၇၁၅၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-769264)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၀၆၁၃၉၁၅

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၁၄)နေ မောင်အောင်ကိုကို (ဘ) ဦးလောက်တာ (၁၃/လရန(နိုင်)၁၃၁၁၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-063353)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၅၂၄၂၉၅၅

## ပျောက်ဆုံးကြောင်း

စဉ့်ကိုင်မြို့၊ မြို့သစ်ရပ်ကွက်၊ သစ်ခေါက်ကျေးရွာနေ ရှုံးမြင်လင့် (ဘ) ဦးရှုံးတဲ့ချန် (၁၃/လရန(နိုင်)၁၀၆၃၃၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၃၇၁၁၆၈၅


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။




# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူဖြစ်စေနိုင်မည် ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မေ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)


## သိစေ၊ ကြားစေ ညွှန်းသက်သေ

ဆောင်းပါး စာမျက်နှာ - ၂၀

## လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် ဒေသအလိုက် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၄

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းနှင့် အိန္ဒိယနိုင်ငံအနောက်ဘင်္ဂလားပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် စာမျက်နှာ ၂၂ ကော်လံ ၁ ❍






၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

## တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

နေပြည်တော် အောက်တိုဘာ ၄

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း၊ ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(A)တွင် ကကွက်ပြိုင်ပွဲ၊ ဝိတ်တန်းအလိုက်အတိုက်ပြိုင်ပွဲအား အသီးသီးယှဉ်ပြိုင်ကစားပြီး အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို တပ်မတော်အရာရှိကြီးများနှင့်တပ်မတော်တိုက်ကွမ်ဒိုကော်မတီမှ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(B)တွင် အမျိုးသားကွာတားအဆင့် ပတ်လည်ပွဲစဉ်များကိုလည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌ စာမျက်နှာ ၁၇ ကော်လံ ၁ ☆


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ဥသြစ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် — နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမိ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်


ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု